

သီဟကျော်သူ

# အဆိပ်ခြောက်ဖော် မိုးကြိုးမင်းသား

နှစ်အုပ်တွဲသိုင်းစာစဉ်

ချောင်းတံ့၏ စိလုံချင်း

ဒုတိယပိုင်း (ဇာတ်သိမ်း)


2000

သိုင်းစာစဉ်များ page.

28.8.2018

ဇော်ရဲအောင်(TZ)

Alien မှ pdf အဖြစ် စကန်ဖတ်သည်


Design Tun Aung
၏

# သိဟာကျော်ညူ

---

## အဆိပ်(၆)ဖေါက်မိုးကြိုးမင်းသား

## အခန်း ( ၁၄ )

## ချစ်ရသူ၏ ဝေးချက်

ည....

ခုနစ်လပိုင်း၏ ညတစ်ည....

ကောင်းကင်ပြင်၌ ကြယ်ကလေးပေါင်း မြောက်မြားစွာဖြင့် ပြည့်ကျပ်နေလေသည်။

ပြေညင်းညင်းလေက အခန်းပြတင်းမှ ချပ်းနင်းဝင်ရောက်နေသည်။ ပြတင်းခန်းဆီး လိုက်ကာသည် ကကြိုးသွယ်သည့်ယမင်းရုပ်လို လှုပ်ရှားကပြ အသံးတော်ခံနေလေသည်။

ထိုအချိန်တွင် ချိန်းချိန်းက အိပ်စက်ရန် အိပ်ရာပြင်နေ၏။ ဝိချင်ဖုံးသည် အိပ်မရသဖြင့် အပြင်သို့ ထွက်သွားသည်။ ချိန်းချိန်း အိပ်ရာပေါ်တွင် လဲလျောင်းကာ နဖူးပေါ် လက်တင်ပြီး ကျိုပင်အကြောင်း စဉ်းစားနေသည်။

သူ မည်သည့်အတွက်ကြောင့် ကျိုပင်အကြောင်း စဉ်းစားနေရသည်ကို သူ့ကိုယ်သူပင် မသိပါချေ။





သူမ လဲလျောင်းရင်းမှ စဉ်းစားရင်း မှေးခနဲ အိပ်ပျော်သွားသည်။

ချိန်းချိန်း မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိပါ။ တစ်စုံတစ်ခုသော အော်သံကြောင့် သူမ တစ်စုံတစ်ခုသော အန္တရာယ် ကျရောက်နေချေပြီ။

သူမ အိပ်ရာပေါ်မှ ဆတ်ခနဲ ခုန်ထလိုက်သည်။

ထို့နောက်....

ချိန်းချိန်း ဘာမှ စဉ်းစားမနေတော့ပါ။ အခန်းအပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးသွားလေတော့သည်။

အခန်းထဲမှ သူ ပြေးထွက်လိုက်သည်နှင့် လူတစ်ယောက်ကို ထိပ်တိုက်တွေ့ရလေတော့သည်။

သူမ ထိုလူကို မော့်ကြည့်လိုက်သည်။

ထိပ်တိုက် သူမနှင့် တွေ့သူမှာ ကျိုပင် ဖြစ်နေလေတော့သည်။

ကြယ်ရောင်အောက်၌ ကျိုပင်၏ မျက်နှာပြင်မှာ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ဟု ထင်ရသည်။

ယခုအချိန်တွင် သူ၏ မျက်နှာပြင်မှာ ရှိုးသားဖြောင့်မတ်ခြင်း၏ အပြုံးကို မတွေ့ရတော့ပါ။

ကောက်ကျစ်စဉ်းလဲသော အသွင်သဏ္ဍာန်သာ အစားထိုးဝင်ရောက်နေပြီ ဖြစ်သည်။

ယခု ချိန်းချိန်း မြင်တွေ့နေရသည့် မြင်ကွင်းကား....

ကျိုပင်က ဝိချင်ဖုံး၏ လက်တစ်ဖက်ကို ဖမ်းဆုပ် ချုပ်ကိုင်ထားသည်။ အဆိုပါ အကျည်းတန်မြင်ကွင်းကြောင့် ချိန်းချိန်း ဒေါသအကြီးအကျယ် ထွက်သွားလေသည်။

"ရှင် ဒါဘာလုပ်တာလဲ"

ချိန်းချိန်းက ဒေါသတကြီး မေးလိုက်သည်။

သူမ၏အမေးကို ကျိုပင် ဘာမှမဖြေပါ။

"ရှင် အခုချက်ချင်း အစ်မဝိချင်ဖုံးကို လွှတ်လိုက်ပါ"

ချိန်းချိန်းက ထပ်မံပြောလိုက်သည်။

သို့သော်....

ကျိုပင်၏ အေးစက်စက် မျက်လုံးက ချိန်းချိန်းအား စိုက်ကြည့်လိုက်ပြီးနောက်....

"မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း" ဟု အော်ပေါက်လိုက်လေတော့သည်။

သူ၏စကားကြောင့် ချိန်းချိန်းမှာ ဒေါသအကြီးအကျယ် ထွက်သွားသည်။ ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

လက်အောက်ငယ်သားတစ်ယောက်က မိမိအား ယခုကဲ့သို့ စော်ကားလိုက်ခြင်းသည် မိမိအတွက် အလွန်မှ မခံမရပ်နိုင် ဖြစ်သွားသည်။

သူမသည် ကျိုပင်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်၊ သို့သော်....





ကျိုပင်၏လက်ထဲ၌ ဝိချင်ဖုံး၏ အသက် ရှိနေသည်။ သူမအနေဖြင့် စိတ်လွှတ်ကိုယ်လွှတ် တိုက်ခိုက်၍မရပါ။ မလှုပ်ရှားရဲပါချေ။

သူမက ကိုယ့်စိတ်ကိုယ် အတတ်နိုင်ဆုံး ထိန်းလိုက်သည်။ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်ပြီး....

"ဒီမှာ ကျိုပင်....မင်း ဘာဖြစ်လာတာလဲ၊ မင်း ဝိချင်ဖုံးကို ဘာဖြစ်လို့ ဖမ်းရတာလဲ"

ထိုအခါ ကျိုပင်က မျက်နှာထားတင်းတင်းဖြင့်....

"ကျုပ် ဖမ်းချင်လို့ ဖမ်းတာပဲ၊ မင်းပါးစပ်သာ ပိတ်ထားစမ်းပါ"

ဤတစ်ကြိမ်တွင် ချိန်းချိန်း သည်းခံနိုင်စွမ်းမရှိတော့ပါ။ သူမက အံတင်းတင်းကြိတ်လိုက်ပြီး ကျိုပင်၏ ပါးကို တအား လွှဲရိုက်လိုက်လေတော့သည်။

"ဖြန်း....ဖြန်း"

အသံသည် ကျယ်လောင်စွာ ဟိန်းထွက်လာသည်။

ယခုအခါ ကျိုပင်၏ မျက်နှာပြင်သည် ကြယ်ရောင်အောက်ဝယ် မီးတောက်ပမာ နီရဲတက်လာလေတော့သည်။

ရုတ်တရက် ကျိုပင်၏ လက်ဝါးပြင်က ချိန်းချိန်း၏ ပါးပြင်ပေါ်သို့ ရိုက်ချလိုက်ပြန်သည်။

"ဖြန်း...." ဟူသော အသံနှင့်အတူ ချိန်းချိန်းနောက်သို့ ခြေလေးငါးလှမ်း ဆုတ်သွားပြီး ဖင်ထိုင်လဲကျသွားရလေတော့သည်။

ကျိုပင်က သူမအား လက်ညှိုးငေါက်ငေါက်ထိုးကာ....

"ဒီမှာ ချိန်းချိန်း....မင်း နားလည်ထားဖို့က မင်းဟာ ငါ့ရဲ့ သခင်မလေး မဟုတ်တော့ဘူး၊ အခုအချိန်ကစပြီး မင်းဟာ ငါ့ရဲ့လက်ခုပ်ထဲကရေ ဖြစ်နေပြီ၊ သွန်လိုကသွန် မှောက်လိုကမှောက်နိုင်နေပြီဆိုတာ သိဖို့လိုတယ်"

ချိန်းချိန်းမှာ မမျှော်လင့်ဘဲမိမိလက်အောက်ငယ်သား တစ်ဦးက ယခုကဲ့သို့ ပြုမူလိုက်သည့်အတွက် တအံ့တဩ ဖြစ်သွားရသည်။

သူမစိတ်တွင်လည်း ခံပြင်းစိတ်၊ နာကျင်စိတ်၊ အံ့ဩစိတ်များ တစ်ပြိုင်နက်တည်း ခံစားလိုက်ရသဖြင့် စကားပင် ပြန်မပြောနိုင်တော့ဘဲ ငိုင်သွားရလေတော့သည်။

ချိန်းချိန်း၏စိတ်ထဲတွင်လည်း သို့လော သို့လော ဖြစ်များကိုသာ တွေးတောနေမိသည်။

မည်သည့် အတွက်ကြောင့် ကျိုပင် စိတ်ထား ပြောင်းလဲသွားရပါသနည်း။

* * *

ပတ်ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုက နက်နက်ရှိုင်းရှိုင်း ဝါးမျိုထားလေသည်။

ယခုအချိန်တွင် ချိန်းချိန်းမှာ စကား မပြောနိုင်တော့ပါ။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားသည်။

ထိုစဉ်....

နက်ရှိုင်းလှသော အမှောင်ထုထဲမှ လက်ခုပ်လက်ဝါးတီးသံ ပေါ်ထွက်လာလေသည်။





"ဟေး ဟေး မင်း မဆိုးဘူးကွ"

အမှောင်ထုထဲမှ ထွက်လာသူမှာ အရပ်ရှည်ရှည်ပိန်ပိန်ပါးပါး ဖြစ်သည်။ သူ၏နောက်၌ အရပ်ပုပု လူတစ်ယောက်က ကပ်၍ပါလာသည်။

ထိုလူနှစ်ယောက်၏ခါး၌ သားရေအိတ်တစ်လုံးစီ ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။ ဒါ့အပြင် သူတို့နှစ်ယောက်၏ လက်များ၌ သားရေလက်အိတ်များ စွပ်ထားသည်။

အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးလူက ကြိုးတစ်ချောင်းကို ခါးမှဖြုတ်လိုက်ပြီး ချိန်းချိန်းကို ချည်နှောင်ရန် လျှောက်သွားလေသည်။

သူလျှောက်လာသည့်အချိန်တွင် ချိန်းချိန်းမှာ မြေပြင်ပေါ်၌ လဲကျနေဆဲဖြစ်သည်။ သို့သော် သူမမှာ သတိလက်လွတ်ခြင်းမရှိပါ။

သို့အတွက်....

အရပ်မြင့်မြင့်ပိန်ပိန်လူ သူမအနီးသို့ ရောက်ရှိလာသည်နှင့် နေရာမှ ရုတ်တရက် ခုန်ထကာ ခြေစုံပစ်ကန်လိုက်လေတော့သည်။

သို့သော်....

ချိန်းချိန်း၏ သိုင်းပညာမှာ အလွန် နုနယ်ပါသေးသည်။ အရပ်မြင့်မြင့်လူက သူ ထံခုန်ပျံဝင်လာသော ချိန်းချိန်း၏ ခြေအစုံကို ဖမ်းဆွဲလိုက်ပြီး မြေပေါ်သို့ ပစ်ချလိုက်ပလေသည်။

"ဝုန်း"

မြေပြင်နှင့် ချိန်းချိန်း၏ခန္ဓာကိုယ်ထိသံ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

မြေပြင်ပေါ်တွင် သူမ၏ ခန္ဓာကိုယ်မှာ မလှုပ်မယှက်ဖြစ်သွားသည်။

ဤတွင် အရပ်မြင့်မြင့်လူက ချိန်းချိန်းကို ကြိုးဖြင့် ချည်နှောင်လိုက်လေသည်။

အရပ်ပုပုလူကလည်း ဝိချင်ဖုံးအား ကြိုးဖြင့် ချုပ်နှောင်ထားလိုက်ပြန်သည်။ အရပ် မြင့်မြင့်လူက ကျိုပင်ဘက်သို့လှည့်၍...

"ကဲ....ကျိုပင်၊ မင်းကတိအတိုင်းပဲ လီစုကျိုကို ရအောင်ရှာနိုင်ရင် ဒီမိန်းကလေးကို ကျုပ် လက်ဖျားနဲ့တောင် မတို့ပါဘူး၊ မင်းကိုပေးမှာပါပဲ၊ အဲ....မင်းက ငါတို့ကို လိမ်ရင်တော့....ဟဲ ဟဲ ဟဲ"

ခြိမ်းခြောက်စကား ကျိုပင်အားပြောပြီး ချိန်းချိန်းနှင့် ဝိချင်ဖုံးတို့အား အခန်းထဲ၌ ချုပ်နှောင်ထားလိုက်သည်။

ထို့နောက် တံခါးကိုအပြင်မှ သော့ခတ်လိုက်လေတော့၏။ ထို့နောက်သူတို့ထွက်ခွာသွားကြလေတော့သည်။

*　*　*

ကျူးဒါတောင်သည် အလွန်မတ်စောက်မြင့်မားသည်။ ကျိုပင်က ရှေ့ဆုံးမှတက်နေလေသည်။ သူ့နောက်၌ ကပ်၍ပါလာသူမှာ အရပ်ပုပုလူ ဖြစ်သည်၊





ချိန်းချိန်းနှင့် ဝိချင်ဖုံးတို့၏လက်နှစ်ဖက်ကို ကြိုးဖြင့်ချည်နှောင်ထားသည်။ သူတို့နှစ်ဦး၏ကြိုးစကို နောက်ဆုံး၌ လိုက်ပါလာသူ အရပ်မြင့်မြင့်လူ၏ လက်တွင်း၌ ကိုင်ထားသည်။

တောင်တက်လမ်းသည် အလွန်ကြမ်းတမ်းနေသဖြင့် ချိန်းချိန်းနှင့် ဝိချင်ဖုံးတို့သည် ပင်ပန်းကြီးစွာတက်နေရလေသည်။

နေ့ဝက်ခရီးခန့် တက်လိုက်ကြသောအခါ တောင်ထိပ်တစ်ခုသို့ ရောက်ရှိလာကြလေသည်။

ရှေ့ဆုံးမှ သွားနေသော ကျိုပင်၏ခြေလှမ်းများ ရပ်တန့်သွားသည်။

ကျိုပင်က သူ၏ရှေ့တွင်ရှိနေသော တောင်ထိပ်တစ်ခုကို ညွှန်ပြလိုက်ပြီး....

"ကဲ....မိတ်ဆွေတို့ လီစုကျိုကတော့ ဟိုဘက်တောင်ထိပ်မှာ ရှိနေတယ်၊ ခင်ဗျားတို့သွားကြပေတော့"

သူတို့အားလုံး ကျိုပင် လှမ်းပြသောနေရာသို့ ကြည့်လိုက်သည်။

တောင်တန်း ပြာပြာ မြင့်မြင့်ကြီးတစ်ခုသူတို့ ရှေ့တွင် ရှိနေသည်။ ညှို့မှိုင်းသောတောင်တန်းပြာမှာ မြူခိုးများဖြင့် ဝေနေလေသည်။

အရပ်မြင့်မြင့်နှင့် ပုပုလူတို့က မြူခိုးများ ဝေနေသော တောင်တန်းမြင့်ကြီးကို ဂရုတစိုက်ကြည့်နေသည်။

အတန်ကြာမှ သူက ကျိုပင်ကို လှည့်ကြည့်ပြီး အရပ်မြင့်မြင့်လူက....

"နေပါဦး မင်းက ဘာဖြစ်လို့ ငါတို့နဲ့ မလိုက်ရတာလဲကွ"

ဟု မယုံသင်္ကာဖြင့် မေးလိုက်လေသည်။

"ကျုပ်သွားရင် သူက ကျုပ်ကို သတ်ပစ်မှာပေါ့ဗျ"

"မင်းက ငါတို့ကို လိမ်ပြောနေတာလား"

ကျိုပင်ကပြန်၍....

"ကျုပ်က ဘာဖြစ်လို့ လိမ်ပြောနေရမှာလဲ၊ ခင်ဗျားတို့ရောက်ရင် တွေ့မှာပေါ့"

"တကယ်လို့ မတွေ့ခဲ့ရင်ကော"

အရပ်ပုပုလူက ပြန်မေးလိုက်သည်။

ကျိုပင်က....

"ခင်ဗျားတို့ ကြိုက်သလိုလုပ်ကြပေါ့"

အရပ်မြင့်မြင့်လူသည် ထိုအချိန်မှာပင် မထင်မှတ်ဘဲ အပြုအမူတစ်ခုကို ပြုလုပ်လိုက်သည်။ သူက ရုတ်တရက် ကိုယ်ကိုလှည့်လျက် လက်တစ်ဖက်မြှောက်ကာ ကျိုပင်၏ လည်ကုပ်ကို ရိုက်ချလိုက်လေတော့သည်။

"အင့်"

ကျိုပင်သည် ယင်းသို့သာ တစ်ချက်အော်လိုက်ပြီးမြေပေါ်သို့ ပုံလဲကျသွားလေတော့သည်။

မေ့မြောသွားသော ကျိုပင်ကို အရပ်ပုပုလူက ကြိုးဖြင့် ချည်နှောင်လိုက်သည်။





"မင်း ဒီမှာ ငြိမ်ငြိမ်နေ တို့ လီစုကျိကိုတွေ့ရင် ဒီမိန်းကလေး မင်းကိုအပ်လိုက်ပြီး မင်းကို လွှတ်လိုက်မယ်၊ အေး လီစုကျိကို မတွေ့ရင်တော့ ဟဲ ဟဲ ဟဲ"

သူတို့နှစ်ယောက်က ရယ်မောကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

နေ အတော်စောင်းသွားပြီ ဖြစ်သည်။

မှောင်စပြုလာပြီဖြစ်သည်။

အရပ်ပုပုနှင့် မြင့်မြင့်လူသည် တစ်ဖက်တောင်ထိပ်သို့တက်သွားကြလေတော့ပြီ။

တစ်ဖက်တောင်ထိပ်ပေါ်၌ ကျန်ရစ်ခဲ့သူမှာ သုံးဦးသာဖြစ်သည်။

ဝီချင်ဖုံး၊ ချိန်းချိန်းနှင့် ကျိုပင်တို့ပင်ဖြစ်သည်။

ချိန်းချိန်းမှာ ယခုအချိန်အထိ ကျိုပင်အပေါ် အခဲမကျေနိုင်ဘဲ ဖြစ်နေသည်။

ဝီချင်ဖုံးက ကျိုပင်အား စေ့စေ့ကြည့်လိုက်ပြီး....

"ရှင်က ဘာဖြစ်လို့ သစ္စာဖောက်ရတာလဲ"

ဟု မေးလိုက်လေသည်။

ကျိုပင် ဘာမှပြန်မပြောပါ။

ချိန်းချိန်းက မဲ့ပြုံးပြုံးလိုက်ပြီးနောက်....

"ဒီလောက် သစ္စာမဲ့တဲ့လူကို ဘာဖြစ်လို့ စကားဖက်ပြောနေတာလဲ မမရယ် ပြောမနေပါနဲ့"

ခေါင်းငုံ့ထားမြဲ ထားနေသည်။ ကျိုပင် ဘာမှ စကား မပြောပါ။

အတန်ကြာအောင်တိတ်ဆိတ်နေရာမှ ချိန်းချိန်းက ဝိချင်ဖုံး အနားသို့ ကပ်လာရန် လှမ်းခေါ်လိုက်ပြီး....

"မမ ကျွန်မ ဖိနပ်ထဲမှာ ဓားမြှောင်တစ်ချောင်း ရှိပါတယ်၊ ယူစမ်းပါ"

သူတို့သုံးယောက်တွင် ချိန်းချိန်းနှင့် ကျိုပင်သာ သိုင်းပညာတတ်သူ ဖြစ်သည်။

ထိုသူများကို ခြေရောလက်ပါ ကြိုးဖြင့် တုပ်နှောင်ထားသည်။ လက်နှစ်ဖက်ကိုလည်း နောက်ပြန် တုပ်ထားခြင်းဖြစ်သည်။

ဝိချင်ဖုံးမှာ သိုင်းပညာမတတ်၍ ယခုအခါ ကြိုးဖြင့်ချည် မထားတော့ပါ။

ထို့ကြောင့် ဝိချင်ဖုံးသည် ချိန်းချိန်း၏ ဖိနပ်ကြားမှထိုး ထားသော ဓားကို အလွယ်တကူ ထုတ်ယူလိုက်နိုင်သည်။

သူမက ချိန်းချိန်း၏ ကြိုးများကို ဓားဖြင့် ဖြတ်ပေးသည်။

ချိန်းချိန်း ကြိုးများပြတ်သွားသဖြင့် မြေပေါ်မှ လူးလိမ့် ထလိုက်ပြီး ကျိုပင်ထံသို့ လျှောက်သွားသည်။

သူမက ဝိချင်ဖုံးထံမှ ဓားကိုယူလိုက်ပြီး ကျိုပင်၏ရင်ဝသို့ ချိန်ရွယ်လိုက်တာ....

"ရှင် ဘာပြောချင်သေးသလဲ"

သို့သော် ကျိုပင်၏ မျက်နှာတွင် ကြောက်ရွံ့သော အရိပ် အယောင် လုံးဝ ပေါ်လွင်ခြင်း မရှိပါ။





သူက ပါးစပ်ကို စေ့စေ့ပိတ်ထားသည်။

"ဒီမှာ မေးနေတာ မကြားဘူးလား၊ ရှင် ဘာပြော ချင်သေးသလဲ"

ချိန်းချိန်းက ထပ်၍မေးသည်။

ကျိုပင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်တော် စကားတစ်ခွန်းပဲ ပြောစရာရှိပါတယ်"

"ဘာပြောမလို့လဲ"

"ခင်ဗျားတို့ မီးပုံများများ မွှေးထားရမယ်"

သူ့စကားကြောင့် ချိန်းချိန်း မျက်မှောင်ကုတ်သွား၏။

"ကျွန်မက ဘာဖြစ်လို့ မီးပုံမွှေးရမှာလဲ"

"ဒီတောင်ထိပ်ပေါ်မှာ မှောင်ရင် မြွေတွေ အလွန်ပေါ နေလို့ပါ"

ချိန်းချိန်းက ပြုံးလိုက်သည်။

"ကျွန်မ မီးမွှေးစရာလဲ ဘာမှမလိုပါဘူး၊ ရှင့်ကို သတ်ပြီး တော့ တောင်အောက်ကို အခုပဲ ဆင်းသွားတော့မှာပါ"

ထိုအခါ ကျိုပင် ခေါင်းခါယမ်းပြလိုက်ပြီး....

"ဒီအချိန်မှာ တောင်အောက်ကိုဆင်းဖို့ မတော်တော့ပါ ဘူး၊ ဒီလောက် မတ်စောက်နေတဲ့ တောင်မှာ ခြေတစ်ဖက် ချော်သွားခဲ့ရင် ချောက်ကမ်းပါးထဲ ကျသွားလိမ့်မယ်"

ဤတွင် ချိန်းချိန်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက် လေတော့သည်။ သူမက ဖျက်ခုံးတစ်ဖက် ပင့်ကြည့်လိုက်ပြီး နောက်....

"ဒီမှာ ကျိုပင်....ရှင့်အကြံ ကျွန်ုပ် မသိရင်ခက်မယ်၊ရှင်က ရှင့်လူတွေ ပြန်လာအောင် ကျွန်မတို့ကို အချိန်ဆွဲထားမလို့ မဟုတ်လား"

ကျိုပင်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ရပါဘူးဗျာ၊ သူတို့က ပြန်ပယ်မရှိတဲ့ နေရာကို သွားကြတာပါ"

ထိုအချိန်တွင် လူရိပ်တစ်ခု သူ့ထံသို့ ပြေးလာသည်ကို တွေ့လိုက်ရလေသည်။

ပြေးလာသောလူမှာ တစ်ဖက်တောင်သို့ တက်သွားသော အရပ်ပုပုလူပင် ဖြစ်ပါသည်။

အရပ်ပုပုလူမှာ တရကြမ်း ပြေးလာနေ၏။ သူ၏မျက်နှာပြင်မှာ ဒေါသအကြီးအကျယ် ထွက်နေပုံပေါက်သည်။

ချိန်းချိန်းမှာ အရပ်ပုပုလူကိုတွေ့လိုက်ရသည်နှင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားသည်။

သူမ ဘာမှ စဉ်းစားမနေတော့ပါ။

ကျိုပင်၏ ရင်ဝသို့ ချိန်ရွယ်ထားသည့် ဓားဖြင့် တအား ထိုးစိုက်ချလိုက်လေတော့သည်။

* * *

ထိုအချိန်မှာပင် အရပ်ပုပုလူသည် သူတို့နှစ်ဦး ရှေ့သို့ ရောက်ရှိလာသည်။

သွေးအိုင်ထဲ လဲကျနေသော ကျိုပင်ကိုကြည့်ကာ အူလှိုက်သည်းလှိုက် အော်ဟစ် ရယ်မောလိုက်လေသည်။





"ဟား ဟား ဟား....မင်းက ငါ့ကို သစ္စာဖောက်တော့ အခု မင်းရဲ့ချစ်သူ လက်ချက်နဲ့ သေရတော့မယ်မဟုတ်လား"

အရပ်ပုပုလူက အားရပါးရ ရယ်မောပြီး ရုတ်တရက် မြေပြင်ပေါ်သို့ ပြုတ်လဲကျသွားလေတော့သည်။

ထိုစဉ် ဝိချင်ဖုံးက ချိန်းချိန်းထံသို့ ပြေးလာကာ....

"ညီမ ချိန်းချိန်း....သူ့ကို အထင်မှားနေပြီနဲ့ တူတယ်"

ဟု အလောတကြီး ပြောလိုက်လေသည်။

ချိန်းချိန်းက သွေးများ ပေကျံနေသော ဓားမြှောင်ကို ကြည့်နေသည်။ အတန်ကြာအောင် ကြည့်ပြီးမှ ဓားမြှောင်ကို အဝေးသို့ လွှင့်ပစ်လိုက်ကာ မြေပြင်ပေါ်သို့ ထိုင်ချသည်။

ထို့နောက် ချိန်းချိန်း အားရပါးရ ငိုကြွေးလေတော့သည်။

သို့သော် ကျိုပင် မသေပါ။

ချိန်းချိန်း ထိုးလိုက်သော ဓားက ကျိုပင်၏ နှလုံးသားကို သီသီကလေး ကပ်လွတ်သွားသည်။

ထို့ကြောင့် ကျိုပင် အသက်ချမ်းသာရာရသွားလေသည်။

ဝိချင်ဖုံးက သူတို့သုံးဦး၏ ပတ်ပတ်လည်တွင် ထင်းခြောက်များ၊ သစ်ရွက်ခြောက်များ စုဆောင်းကာ မီးပုံရှို့ထား၏။

ကျိုပင်၏ အိတ်ထဲ၌ အသင့်ပါလာသော ဆေးဝါးများဖြင့် ဒဏ်ရာကိုထည့်ပေးရာ သူ၏ နာကျင်သော ဝေဒနာတဖြည်းဖြည်း သက်သာလာလေတော့သည်။

ချိန်းချိန်းက ကျိုပင်အနီးတွင်ထိုင်ကာ ယုယစွာ ပြုစုပေးနေလေသည်။

ဝိချင်ဖုံးက သူတို့နှစ်ယောက်ကို ကြည့်ကာ သက်ပြင်းချလိုက်လေသည်။

နောက်တစ်နေ့ ညနေခင်း....

နေဝန်းနီနီသည် ကမ္ဘာလောကကြီးကို အားယူကြည့်နေလေသည်။

နေခြည်၏ နီရဲသောအဆင်းကြောင့် ကမ္ဘာလောကကြီးမှာ ပတ္တမြားအဆင်းကို ဆောက်သုံးနေရလေသည်။

ထိုအချိန်၌ ကျိုပင်၊ ချိန်းချိန်းနှင့် ဝိချင်ဖုံးတို့ သုံးယောက် တောင်ခြေရင်းရှိ ထိုက်ပေကူး တည်းခိုခန်းသို့ ပြန်လည် ရောက်ရှိလာလေသည်။

ယခုအခါ၌ ကျိုပင်၏ဒဏ်ရာမှာ ခရီးသွားရန် မသင့်တော်သေးသည့်အတွက် ထိုက်ပေကူး တည်းခိုခန်း၌ပင် ဒဏ်ရာသက်သာသည့်အထိ စောင့်နေရန် ဆုံးဖြတ်ချက်ချလိုက်ကြ၏။

လီစုံကျဲ၏မြင်းမှာ ယခုအချိန်အထိ ရှိနေဆဲပင်။

ထို့ကြောင့်....

ဤနေရာသို့ လီစုကျဲ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပြန်ရောက်လာမည်မှာ မလွဲမသွေပင်။

★



## အခန်း (၁၅)

### **ဓားဝိဇ္ဇာနှင့်မင်းသား** လေး

ကြယ်ကလေးပေါင်းမြောက်မြားစွာတို့သည်လောကကမ္ဘာမြေပြင်ကို ငုံ့ကြည့်ရင်း မျက်တောင်ခတ်နေလေသည်။

မှိတ်တုတ်မှိတ်တုတ် အလင်းရောင်က ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်နေသည်။

ထိုအချိန်တွင် ကမ္ဘာမြေပြင်တစ်နေရာ၌ဖြစ်သည်။

နေရာက **စန္ဒကူး**မြို့ပြင်ရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ဖြစ်ပါသည်။ အဆိုပါဘုန်းတော်ကြီးကျောင်းထဲမှ ဘုန်းတော်ကြီးများ၏ ဘုရား တရားတော်များကို ရွတ်ဖတ်သံကြားနေရသည်။

အချိန်အတော်ကြာမအောင် ရွတ်ဖတ်ပြီး တရားစာရွတ်ဖတ်ပြီးဆုံးချိန်၌ ဘုန်းကြီးကျောင်း၏ မြောက်မြားလှစွာသောလှေကားထစ်ပေါ်တွင် လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရသည်။

ထိုလူမှာ လှေကားထစ်များပေါ်ဝယ် လဲလျောင်းနေသည်ကို တွေ့မြင်နိုင်ပါသည်။

လှေကားထစ်ပေါ်တွင် လဲလျောင်းနေသူမှာ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည့်အပြင် နဖူးပေါ်တွင် အမာရွတ်တစ်ခု ရှိသည်။

ထိုလူမှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှည်လျားစွာ ရှိနေသည်။

သူ၏ ရှုပ်ထွေးနေသော ဆံပင်များကိုလည်း စုစည်းကာ ငယ်ထိပ်တွင် ကြိုးတစ်ချောင်းဖြင့် စည်းထားသည်။

ဤကဲ့သို့ ညစ်ပတ်နေသောသူသည် လှေကားပေါ်တွင် လဲလျောင်းရင်း ကောင်းကင်ပြင်ရှိ ကြယ်ကလေးများကို ရေတွက်နေလေသည်။

ထိုလူသည် ကြယ်ကလေးများကို မမြင်ရသည်မှာ ကြာမြင့်သည့် လူတစ်ယောက်ကဲ့သို့ ပီတိဖြာဝေနေသော မျက်လုံးများဖြင့် ကြည့်နေခြင်းပင်ဖြစ်သည်။

ကြယ်ကလေးများကိုရေတွက်ရင်း ပီတိဖြာဝေနေသူသည်မှာကား....

ကျူးဒါတောင်သို့ ဓားပညာ သွားရောက် သင်ယူလာခဲ့သော မင်းသားလေးလီစုကျိပင်ဖြစ်ပါသည်။

* * *

ပေါင်းချုံ နံနက်စာ အေးဆေးစွာ စားနေလေသည်။ သူသည် နံနက်စာကို အင်မတန်ခုံမင်သူတစ်ဦး ဖြစ်သည်၊





အကြောင်းကား....

နံနက်စာ စားချိန်သည် အနှောင့်အယှက် ကင်းမှုရှိလျှင် သူ့အတွက် ထိုနေ့သည် ကံအကောင်းဆုံးနေ့ဖြစ်သည်ဟု သတ်မှတ်ထားသောကြောင့် ဖြစ်သည်။

သူ စားသောက်နေစဉ် စိတ်အနှောင့်အယှက် ဖြစ်စေမည့် အကြောင်းအရာ မပေါ်ပေါက်ပါစေနှင့်ဟု ဆုတောင်းနေသည်။

သို့သော်....

ပေါင်းချုံ နံနက်စာ ဇိမ်ခံ၍အရသာရှိရှိ စားနေစဉ်မှာပင် အဘိုးကြီးတွံ ရောက်ရှိလာလေတော့သည်။

အဘိုးကြီးတွံမှာ လောင်းကစား ဝိုင်းများ၏ အုပ်ချုပ်ရေးမှူးကြီးပင် ဖြစ်ပါသည်။ လောင်းကစားရာတွင် အတွေ့အကြုံရင့်ကျက်ပြီး အလွန်ကျွမ်းကျင်ပိုင်နိုင်စွာ ကစားနိုင်သူ ဖြစ်သည်။

သူ လောင်းကစားတိုင်း အနိုင်ဘက်ကများသည်။

သို့သော်....

ယနေ့ အဘိုးကြီးတွံ ထိတ်လန့်နေသလို စိုးရိမ်ပူပန်နေပုံလည်း ရလေသည်။ သူ၏မျက်နှာပြင်သည် ဇောချွေးများ ပြန်နေပြီး ရွာတော့မည့်မိုးကဲ့သို့ ညိုမှိုင်းနေလေသည်။

ပေါင်းချုံက အဘိုးကြီးတွံအား တွေ့လိုက်သည်နှင့် မျက်မှောင် ကုတ်သွားတော့သည်။

သူက ဆီး၍....

"အဘိုးကြီးတွံ၊ ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ"

ဟု မေးလိုက်လေသည်။

အဘိုးကြီးတွ‌ေ့က ပင်ပန်းကြီးစွာဖြင့်....

"ကစားဝိုင်းမှာ အရေးတကြီးကိစ္စပေါ်နေလို့ပါ"

ထိုစကားကြောင့် ပေါင်းချုံ မျက်မှောင်ကုတ်သွားသည်၊ သူက ပြူးကျယ်သောမျက်လုံးဖြင့် ကြည့်ရင်း....

"စောစောစီးစီး ဝိုင်းမှာ ဘာကိစ္စ အရေးတကြီး ဖြစ်နေလို့လဲ"

ယခုအခါ အဘိုးအိုတွ‌ေ့မှာ အနည်းငယ်ပြေသွားပြီဖြစ်ရာ သူ ရှင်းပြသည်။

"ကစားဝိုင်းမှာ ထိပ်သီးကစားသမားတစ်ယောက်ရောက်နေလို့ပါ"

ပေါင်းချုံမှာ ထိုစကားကိုကြားလိုက်သည်နှင့် သူ၏ ထူထဲသော မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ တက်ကပ်သွားသည်၊

ထိပ်သီးဟူသည် ကျွမ်းကျင်သော ကစားသမားဟု သူတို့ ကစားသမားလောကတွင် အသိအမှတ် ပြုထားသည်။

"အဲဒီလူရှိသေးသလား"

"ရှိပါတယ်၊ ဘယ်မှ မသွားသေးပါဘူး"

"အေး....ရှိသေးတယ်ဆိုရင်တော့ တို့ မကြောက်ရပါဘူးကွာ"

ထိုအခါ အဘိုးကြီးတွ‌ေ့က ခေါင်းခါယမ်းပြလိုက်ပြီး....

"မဟုတ်သေးဘူး သူဌေးမင်း အခု အဲဒီလူက ဘယ်မှ မသွားသေးလို့ ဒုက္ခဖြစ်နေတာပေါ့"

ပေါင်းချုံ အံ့အားသင့်သွားပြီး....





"ဘာဖြစ်လို့လဲဗျ"

အဘိုးအိုတွ‌ေ့ မျက်နှာပြင်တစ်ခုလုံး ရှုံ့တွသွားပြီး....

"အဲဒီလူက ဆက်ကစားဦးမလို့ စောင့်နေတာ၊ ကျုပ်တို့က ဆက်ကစားမယ်ဆိုရင် ဆက်ရှုံးမှာ သေချာတယ်"

ထိုအခါ ပေါင်းချုံက....

"သူ ဆက်နိုင်လိမ့်မယ်ဆိုတာ ခင်ဗျား ဘယ်လို လုပ်သိသလဲ"

ဤတွင်....

အဘိုးအိုတွ‌ေ့က....

"သူက ငွေတစ်ဆယ်ပဲ ပါလာတယ်၊ အခု သူ တစ်ဆယ့်လေးကြိမ် နိုင်သွားပြီလေ"

ပေါင်းချုံက တအံ့တသြလေသံဖြင့်....

"သူ တစ်ဆယ့်လေးကြိမ် နိုင်သွားတယ် ဟုတ်လား၊ ဒါဆို ခင်ဗျား သူ့ကို ငွေဘယ်လောက် လျော်လိုက်ရသလဲ"

သူက ပေါင်းချုံ၏ အမေးကို မျက်စိမှိတ်ကာ ခဏမျှ စဉ်းစားနေရသည်။ လက်ချောင်းကလေးများကိုလည်း ချိုးရေတွက်နေသည်။

အတန်ကြာမှ အဘိုးအိုတွ‌ေ့က....

"တစ်သိန်း၊ ခြောက်သောင်း၊ သုံးထောင်၊ ရှစ်ရာလျော်လိုက်ရပါတယ်"

ပေါင်းချုံမှာ အဘိုးအိုစကား ကြားလိုက်ရသည်နှင့် မျက်လုံးအစုံ ရှေ့သို့ထွက်ကျလုနီးပါးပြူးကျယ်သွားသည်။အတန်ကြာအောင် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

စကားပင် မပြောနိုင်တော့ဘဲ ဆွံ့အသူကဲ့သို့ ဖြစ်သွားရလေသည်။ အသက်ရှူတစ်ချက် ပျက်သွားသောကြောင့်လည်း မျက်စိမျက်နှာ အကြီးအကျယ် ပျက်သွားသည်။

အတန်ကြာမှ ပေါင်းချုံက စားပွဲကိုလက်သီးဖြင့် တအားထုလိုက်ပြီးနောက် အော်ကြီးဟစ်ကျယ် ဒေါသတကြီးပြောတော့သည်။

"ဒါဆိုရင် ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် ရှုံးရတာလဲကွ ဟေ"

သူ၏ ကြိမ်းဝါးသံမှာ အတော်ကြီး ကျယ်လောင်လှသည်။

ယခုကဲ့သို့ မရှုမလှရှုံးခြင်း တစ်ခါမှ မကြုံဖူးပါ။

ယခု ပေါင်းချုံ ကြုံဆုံနေရပြီ....

ရင်ထဲဝယ် မခံမရပ်နိုင်သည့် အကြိတ်အခဲက ပို၍ကြီးထွားလာသည်။

"ကျွန်တော်တို့လဲ ပညာကုန်ထုတ်သုံးပြီး အန်စာပစ်တာပဲ၊ ဒါပေမယ့် သူက တစ်ဆယ့်လေးကြိမ်လုံးလုံး ခြောက်သုံးလုံး ပစ်နိုင်ခဲ့တယ်"

အန်စာတုံး ၁၄ ကြိမ်တိတိ ခြောက်ပွင့် ပစ်နိုင်သူကိုကြားလိုက်ရသဖြင့် ပေါင်းချုံ ရုတ်တရက် မြွေ တစ်ကောင်ကိုတွေ့လိုက်ရသည့်အလား ထခုန်လိုက်သည်။

သူ၏ မျက်နှာ တစ်ခုလုံးမှာလည်း မှောင်မည်း သွားသည်။

* * *





ပေါင်းချုံ အတန်ကြာအောင် အဘိုးအိုတွ`ကို ငေးကြည့်နေသည်။

သူသည် ယခုအချိန်တွင် ပြူးကျယ်သော မျက်လုံးဖြင့်သေနေသည့် လူတစ်ယောက်နှင့် တူနေသည်။

အတန်ကြာမှ ပေါင်ချုံက....

"ဒါဆိုရင် ဟိုတလောက လူငယ် ပြန်လာတာလား"

အဘိုးကြီးတွ`က ခေါင်းခါယမ်းလိုက်ပြီး....

"ဟုတ်မယ်လို့တော့ ကျုပ်မထင်ဘူး၊ အဲဒီလူက ရုပ်ချောတယ်၊ ငယ်ရွယ်ဖျတ်လတ်တယ်၊ အခု ရောက်နေတဲ့လူက ရောဂါသည်နဲ့ တူတယ်"

ပေါင်းချုံက....

"သူ ဘယ်လို ကလိမ်ကျပြီး အန်စာကို ကစားသွားတယ်ဆိုတာ ခင်ဗျား မသိလိုက်ဘူးလား"

ထိုအခါ အဘိုးအိုတွ`က ခေါင်းညိတ်ပြလိုက်ပြီး....

"ဟုတ်ကဲ့၊ ကျုပ်တွေ့နေရတာတော့ သူ ဘယ်လိုမှ ကလိမ်မကျဘူး၊ ဘယ်သူမှလဲ သူ့ကလိမ်ကျတယ်လို့ သူ့ကိုအတင်မစွဲနိုင်ဘူး"

ဤတွင်....

အဘိုးအိုက မျက်နှာ ရှုံတွတွဖြင့် ဆက်၍ ပြောပြလေသည်။

"အခုဝိုင်းမှာလဲ သူ့ကို လျော်စရာငွေ မရှိတော့ဘူး၊ အခုသူက ငွေလဲစောင့်ရင်း ဆက်ကစားဖို့ စောင့်နေပါတယ်၊ အဲဒါ ကျုပ် ဘယ်လိုလုပ်ရမလဲ"

ပေါင်ချုံက မဲ့ပြုံးပြုံးလိုက်ပြီး....

"ခင်ဗျား အရင်ပြန်သွားပါ၊ ကျုပ်လာခဲ့ပါမယ်"

* * *

ပေါင်ချုံ အဝတ်အစားလဲပြီး ထွက်လာသည်။

သူ ယခု ကစားဝိုင်းသို့ မသွားသေးပါ။

လျော်ရမည့် ငွေကြေးပမာဏသည်လည်း သူ့ထံတွင် မရှိသေးပါ။

ထို့ကြောင့် ပေါင်းချုံ သံချိုင်းထောက် 'ချူ'ထံသို့ သွားရလေတော့သည်။

သံချိုင်းထောက် ချူ....

မှန်သည်။

အမည်ကိုက သံချိုင်းထောက် ချူ ဖြစ်သည်။ သူသည် ကြေးစား လူသတ်သမားတစ်ယောက် ဖြစ်သည်။ ပေါင်းချုံ သူနှင့် သိကျွမ်းခဲ့သည်။

ကြေးစား လူသတ်သမား သံချိုင်းထောက်ချူထံသို့ အကူအညီတောင်းခံလျှင် လျော်ရမည့် ငွေများ သက်သာမည်။

သို့အတွက် ပေါင်းချုံသည် အိတ်ထဲသို့ ငွေအနည်းငယ်ထည့်ပြီး သံချိုင်းထောက်ချူနေထိုင်ရာ နေအိမ်သို့ ဦးတည်လျှောက်လာလေတော့သည်။

* * *





သံချိုင်းထောက်ချူသည် ခြေတစ်ဖက် မသန်ပါ။

သို့အတွက် ထိုမသန်သည့် ခြေထောက်နေရာကို သံချိုင်းထောက်က အစားထိုး နေရာယူထားသည်။

ဒါ့အပြင် သံချိုင်းထောက်ချူ၏ နှာခေါင်းမှာ နှာခေါင်းပေါက် ပျောက်လောက်အောင် ပြားချပ်နေသည်။

နှုတ်ခမ်းက မဲ့နေပြန်သေးသည်။ သူ၏နှုတ်ခမ်း ပဲ့နေသည့်အတွက် သွားနှစ်ချောင်းက ပဲ့နေသည့် နှုတ်ခမ်းကြားမှ ပေါ်နေလေသည်။

ချိုင်းထောက် ချူ၏ ခန္ဓာကိုယ်မှာလည်း ဝါးခြမ်းပြားကဲ့သို့ ပိန်ကပ်ကြုံလှီနေသည်။

သူ၏ ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ညစ်ပတ်နံစော်နေလေသည်။

သူသည် စကားနည်းသူ ဖြစ်သည်။ တစ်နေ့တုန်နေ၍ စကားတစ်ခွန်း ပြောခဲ့သူတစ်ယောက် ဖြစ်သည်။

သူ့တွင် တင်ကုန်းနှင့် တင်ချန်းဟူသော တပည့်နှစ်ယောက် ရှိလေသည်။

တင်ကုန်းနှင့် တင်ချန်းမှာ ညီအစ်ကိုများ ဖြစ်ကြသည်။

နှစ်ဦးစလုံး အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနှင့်ဖြစ်သည်။ သူတို့အရပ်မှာခြောက်ပေကျော်ရှိပြီး ထွားကျိုင်းသော ခန္ဓာကိုယ်ရှိသည်။

ပေါင်းချုံသည် ကြေးစား လူသတ်သမားကြီး ချိုင်းထောက်ချူထံသို့ ရောက်လျှင်ရောက်ချင်း သူ့ လိုရင်းကိစ္စကို အတိုချုံး ပြောပြလိုက်လေသည်။

ချိုင်းထောက်ချူမှာ ပေါင်းချုံ၏စကားကို ဆုံးအောင် နားထောင်ပြီးနောက် တပည့်နှစ်ယောက်နှင့်အတူ ကစားဝိုင်းသို့ လိုက်သွားလေတော့သည်။

* * *

လီစုကျို သူ၏လက်နှစ်ဖက်ကို အပြန်ပြန် အလှန်လှန် ကြည့်နေလေသည်။

သူ၏သက်များကို သေသေချာချာကြည့်မှ လုံးဝပြောင်းလဲခြင်းမရှိကြောင်း သိရသည်။

သို့သော် သူ၏ရုပ်သွင် ပုံသဏ္ဍာန်သည် အပြောင်းလဲကြီး ပြောင်းလဲနေသည်ကိုတော့ သိလာသည်။

အကြောင်းကား ယခင်က သူသည် ဤကစားဝိုင်းသို့ တစ်ခေါက် ရောက်ဖူးသည်၊ လူအားလုံးတို့ကလည်း သူ့ကို မှတ်မိသည်။ ဒါပေမယ့် ယခု သူ ဤနေရာသို့ ရောက်ရှိလာသောအခါ မည်သူမှ မမှတ်မိပါတော့ချေ။

၃၀ လ....

အချိန်ကာလအားဖြင့် ကြည့်လျှင် တိုတောင်းလှပါသည်၊

ထိုတိုတောင်းလှသော ကာလအတွင်း လူတစ်ယောက်၏ ရုပ်သွင်သည် အဘယ်ကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားရပါသနည်း။

လီစုကျို ကြေးမုံပြင်ပေါ်တွင် ပေါ်နေသည့် မိမိရုပ်သွင်ကို မိမိကိုယ်တိုင် မမှတ်မိပါတော့ချေ။





သူ၏နဖူးတွင်ရှိ အမာရွတ်က နီရဲတောက်ပြောင်နေသည်။

မျက်နှာပြင်မှာလည်း နေရောင်ထိတွေ့ခြင်း မရှိသည်မှာ ကြာပြီဖြစ်သောကြောင့် ဖြူဖွေးနေလေသည်။

မျက်လုံးအစုံမှာလည်း ဦးနှောက် အသုံးပြုရဖန်များသောကြောင့် အိပ်ရေးပျက်လွန်းဖြင့် ဟောက်ပက် ဖြစ်နေပြန်သေးသည်။

ယခင်က ထူထဲကျစ်သိပ်နေသော သူ၏ဆံပင်များမှာလည်း အတော် နည်းပါးသွားသည်။

ထူးခြားချက်တစ်ချက်မှာ သူ၏ မုတ်ဆိတ်မွေးများ လျင်မြန်စွာ ပေါက်လာခြင်းပင် ဖြစ်ပါသည်။

ယခု လီစုကျို အနံစာ ကစားပွဲ၌ ၁၄ ကြိမ်တိတိ နိုင်ထားသည်။

ကစားဝိုင်းတွင် အခြားရှိသမျှ လောင်းကစားသော စားပွဲအားလုံးပင် ရပ်ထားလိုက်ကြပြီ ဖြစ်သည်။

သို့သော် လူများကား တစ်ဦးတစ်ယောက်မှ ကစားဝိုင်းမှ ထွက်ခွာသွားခြင်း မရှိကြပါချေ။

မည်သည့်အတွက်ကြောင့် ကစားသမားများ ထွက်ခွာသွားခြင်း မပြုကြပါသနည်း။

အကြောင်းကား ရှိပါသည်။

သူတို့သည် ဆက်လက်ထွက်ပေါ်လာမည့် ပွဲကြီးပွဲကောင်း တစ်ပွဲကို စောင့်မျှော်နေ၍ဖြစ်သည်။

လီစုကျိုကလည်း ထွက်ခွာသွားပြီး ပြန်၍ပေါ်မလာသေးသော ဒိုင်လုပ်သူ အဘိုးကြီးတွေကို မျှော်နေလေသည်။

သူ၏ ရုပ်သွင်မှာ စောင့်မျှော်နေသော်လည်း ပူပန်ခြင်း အလျှင်းမရှိပါ။ အေးဆေးစွာ စောင့်နေခြင်း ဖြစ်ပါသည်။

ထိုစဉ်မှာပင်....

လောင်းကစား **ခန်းမထဲသို့** တင်ကုန်းနှင့် တင်ချွန်းတို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အခန်းထဲဝင်လာသူ လူနှစ်ယောက်ကို တွေ့လိုက်ရသည်နှင့် ဝင်လာသူနှစ်ဦးမှာ အတိုင်အဖောက်ညီညီဖြင့် မိမိအားရန်ရှာလာလိမ့်မည်ဟု တွေးတောမိလိုက်လေသည်။

* * *

တင်ကုန်းသည် လောင်းကစားခန်းထဲ ဝင်လိုက်သည်နှင့် သူတို့အား စောင့်မျှော်နေသူ လီစုကျိကို တွေ့လိုက်ရလေ၏။

ပေါင်းချုံသည် လီစုကျိ၏ ပုံပန်းသဏ္ဌာန်ကို ပြောပြထားပြီးဖြစ်၍ တင်ကုန်း သိရှိလိုက်ခြင်း ဖြစ်ပ^သည်။

လမ်းတွင်သည်း ပေါင်းချုံက အကျိုးအကြောင်းကိုရှင်းပြခဲ့သည်။

သူက....

"မင်းက အဲဒီလူကို တွေ့လိုက်တာနဲ့ တစ်ချိန်တုန်းက ရန်ငြိုးရှိခဲ့ဖူးတယ်ဆိုတာ အများသိအောင် ပြောပြပါ၊ ကစားဝိုင်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာ အားလုံးသိအောင် မင်း စ လုပ်ရမယ်"

ထိုစကားအရ တင်ကုန်းသည် ပေါင်းချုံ၏ သဘောကို နားလည်လိုက်ပြီး ဖြစ်သည်။





သူတို့သည် လီစုကျိနှင့် ရန်ငြိုးရှိ၍ လာရောက်စာရင်းရှင်းခြင်းဖြစ်သည်ဟန်ဖြင့် လီစုကျိအား အစဖျောက်ရန်ဖြစ်သည်။

တင်ကုန်း၏နောက်၌ တင်ချွန်း ပါလာသည်။

တင်ချွန်း၏တာဝန်ကား သူ သတ်သင်ရှင်းလင်းရမည့်သူ၏ နောက်၌ အဖော်များ ပါ၊မပါ ကြည့်ရှုရန် ဖြစ်သည်။

တင်ကုန်းက လီစုကျိရှေ့သို့ရောက်လာသည်နှင့် မဲပြုံး ပြုံးလိုက်ပြီး ပြောလိုက်လေသည်။

"ဩော်. .လက်စသတ်တော့ မင်းက ဒီကိုရောက်နေတာကိုး"

တင်ချွန်းကလည်း လီစုကျိအား အေးစက်စက် ပြုံးပြနေသည်။

ယခုအချိန်တွင် အခန်းတစ်ခုလုံးသည် ပိုမို တိတ်ဆိတ် ငြိမ်သက်သွားသည်ဟု ထင်ရသည်။

ငြိမ်သက်တိတ်ဆိတ်ခြင်း၏ အဆုံးအစွန်ဆီသို့ ရောက်ရှိနေလေချေပြီ။

* * *

လီစုကျိ ပြုံးလိုက်သည်။

သူ ထင်ယည့်အတိုင်းပင် လူနှစ်ယောက်သည် မိမိအား ရန်ရှာရန်ရောက်ရှိလာခြင်းဖြစ်နေလေသည်။

တင်ကုန်းက လီစုကျိအား မျက်နှာထား တင်းတင်းဖြင့် ကြည့်နေ၏။ ဒေါသကြောင့် ပြောင်းလဲသွားသော မျက်လုံးအရောင်မှာ မီးဝင်းဝင်းတောက်လို့နေသည်။

သူက ခက်ထန်သော မျက်နှာဖြင့်....

''ကျုပ် မင်းကို လိုက်ရှာနေတာ ငါးနှစ်တိတိ ရှိနေပြီ၊ အင်း....အခုမှပဲ ကျုပ်တို့ တွေ့ရတော့တယ်၊ ကဲ....အခုတော့ မင်းကို ကျုပ်တွေ့ပြီ၊ ကဲ....အခု မင်း ဘာပြောချင်သေးသလဲ၊ ပြောချင်တာ ပြောစမ်း''

လီစုကျိုက ပြုံးလိုက်ပြီး....

''မင်းတို့က ငါ့ကို လိုက်ရှာနေတာ ရန်ငြိုး ရှိနေလို့ မဟုတ်လား''

သူ၏အဖြေက သူတို့ပြောလိုသော မေးခွန်းချင်း ဖြစ်နေလေသည်။ သူက အဖြေရော မေးခွန်းပါ တစ်ပြိုင်နက်တည်း ပြောလိုက်ခြင်း ဖြစ်ပါသည်။

တင်ကုန်းက....

''ဟုတ်တယ်လေ၊ ကျုပ်တို့က ရန်ငြိုးရှိလို့ မင်းနောက်ကို အပူတပြင်း လိုက်ရှာနေတာပေါ့''

လီစုကျိုက ခပ်တင်းတင်း လေသံပြုလျက်....

''ဒါဖြင့် မင်းတို့က ကျုပ်ကို ဘာလုပ်ချင်သလဲ''

''မင်းကို သတ်ရလိမ့်မယ်''

တင်ကုန်းက ခြိမ်းခြောက်လိုက်လေသည်။

''ကောင်းပါပြီလေ ဒါဆို ကျုပ်မှာ ခုတော့ ခုခံပိုင်ခွင့်ဆိုတာ ရှိတယ်မဟုတ်လား''

ထိုအခါ တင်ကုန်းက မဲ့ပြုံးပြုံးလိုက်သည်။

''မင်း သတ္တိရှိရင် ကျုပ်တို့ကို သတ်ပစ်နိုင်တယ်ကွ''

လီစုကျိုက ပြုံးပြီး....





''တကယ်ပြောတာလား''

တင်ကုန်း ဘာမှ ပြန်မပြောတော့ပါ။ ဓါးမှဓားရှည်ကို ဆွဲထုတ်လိုက်လေတော့သည်။

တင်ချန်းကလည်း ငှက်ကြီးတောင်ဓားကို ဆွဲထုတ်လိုက်လေသည်။

ကိုအခါ လီစုကျိုံ လက်ကာပြလိုက်ပြီး....

''နေပါဦး၊ မင်းတို့ကတော့ ဓားကိုယ်စီကိုင်လို့ပါလား၊ ကျုပ်ကတော့ လက်နက်မဲ့ ဖြစ်နေတယ်''

သူက ထိုသို့ပြောလိုက်ပြီး အနီးရှိ လူအားလုံးဘက်သို့ လှည့်ပတ်ကြည့်လိုက်သည်။ ထို့နောက် လီစုကျိုက....

''ခင်ဗျားတို့မှာ ဓားတစ်ချောင်းလောက်များ မပါကြဘူးလားဗျ''

ဟု မေးလိုက်လေသည်။

သူ့အနီး၌ရှိနေသူများတွင် ဓားများ ပါသူလည်း ရှိသလို မပါသူလည်း ရှိနေသည်။ ဓားပါသည့်လူမှာလည်း ကြား မဝင်ရဲကြပါ။

ဓားပါသည့်လူများက နောက်သို့ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် တဖြည်းဖြည်း ဆုတ်သွားကြသည်။

တင်ချန်းက လီစုကျိုကိုကြည့်ပြီး....

''မင်းက ဓားကို အသုံးပြုတတ်လို့လား''

လီစုကျိုက ခေါင်းညိတ်ပြသည်။

''နည်းနည်းလောက်တော့ ဓားရေး ကစားတတ်ပါတယ်''

ထိုအခါ တင်ချန်းက မဲ့ပြုံးပြုံးလျက် သူက လက်ထဲရှိ ဓားကို ဆလျက် လီစုကျိအား ပြောင်ပြသည်။ ပြီးမှ သူက....

"ဟောဒီမှာ ကျုပ်လက်ထဲမှာ ဓားရှိသားပဲ၊ မင်းသာ တကယ်လို့ ဓားရေး ကျွမ်းကျင်မယ်ဆိုရင် ကျုပ်လက်ထဲက ဓားကို ရအောင် ယူသွားလေ"

"ကောင်းပြီလေ"

လီစုကျိက ထိုသို့ပြောပြီး သူ၏လက်တစ်ဖက်ကို ဝေ့ယမ်းလိုက်သည်။ ထိုအခါ တင်ချန်း၏ လက်ထဲမှဓားက သူ၏လက်ထဲသို့ ရောက်သွားရလေတော့သည်။

ဓား လက်ထဲရောက်လာသည်နှင့် တစ်ချက် ဝေ့ယမ်းလိုက်ရာ ဓားရောင်သည် ဖွေးခနဲ လင်းဖြာသွားသည်။

ဓားရောင်နှင့် အတူ တင်ကုန်းနှင့်တင်ချန်း ညီအစ်ကို မြေပြင်ပေါ်သို့ ပြုတ်လဲကျသွားကြသည်။

* * *

တင်ကုန်းနှင့် တင်ချန်းမှာ ခေသူများ မဟုတ်ကြပါ။

သူတို့သည် သိုင်းလောကတွင် နာမည်ကျော်ကြားသော ဓားသမားများ ဖြစ်ကြသည်။

ဓားရည်မှာလည်း အလွန်ကောင်းသည်။

ယခု သူတို့ ခုခံနိုင်စွမ်းမရှိကြပါ။ မိမိကိုယ်ကို မိမိ လဲကျသွားသည်ကိုပင် မယုံကြည်နိုင်အောင် ဖြစ်နေသည်။

သူတို့နှစ်ဦးသည် တဒင်္ဂအတွင်းမှာ ဓားချက်များ ထိမှန်သွားကြသည်။





လီစုကျိ၏ဓားချက်က ဒူးခေါင်းနေရာ ထိသွားသဖြင့် သူတို့ ဟန်ဆောင်မနေနိုင်တော့ဘဲ မြေပြင်ပေါ်သို့ ပစ်လဲကျသွားရသည်။

ဓားကိုင်၍ လီစုကျိ ငေးငိုင်နေသည်။

ထိုအတူ....

ကြေးစားလူသတ်သမားမားများဖြစ်ကြသော တင်ကုန်းနှင့် တင်ချန်းတို့သည်လည်း မြေပြင်ပေါ် ဝယ် လဲကျနေရင်းမှ ငေးငေးငူငူ ဖြစ်နေလေသည်။

၁၀ လ။

၁၀ လဟူသောကာလအတွင်း လီစုကျိသည် ကျူးဒါ တောင်သို့ သွားရောက်ခဲ့သည်။ ဓားဝိဇ္ဇာ 'လူရှောင်ခ'ထံတွင် ဓားပညာ သင်ကြားခဲ့သည်။

ဓားပညာပင် သင်ကြားတတ်မြောက်ပြီးသော လီစုကျိ သူ၏ပညာကို စမ်းသပ်လိုက်ပြန်သည်။ သူ၏ပညာအခြေအနေ မည်သည့်အဆင့်ရှိသည်ကို သိလိုလှသည်။

ထို့ကြောင့် သူက တင်ကုန်းနှင့် တင်ချန်းကို ယှဉ်ပြိုင် စမ်းသပ်ကြည့်လိုက်ခြင်း ဖြစ်ပါသည်။

ယခု လီစုကျိ၏ဓားပညာသည် ကျွမ်းစန်ချိန်းအား မမီ သည့်တိုင်အောင် ခုခံနိုင်စွမ်းတော့ ရှိလာပြီဟု ယုံကြည်လေသည်။

★

## အခန်း ( ၁၄ )

### ထူးဆန်းသော ထမင်းဆိုင်ကလေး

တိုစဉ်....

ပေါင်းချုံနှင့် သံချိုင်းတောက်ချူတို့ ရောက်ရှိလာကြလေ
သည်။

တင်ကုန်းနှင့် တင်ချန်းတို့ ကြမ်းပြင်ပေါ်တွင် လဲကျနေ
သည်ကို တွေ့လိုက်ရသောအခါ ပေါင်းချုံ၏ ရင်အစုံမှာ
တဒိန်းဒိန်း ခုန်သွားသည်။

ပေါင်းချုံ မျက်စိမျက်နှာလည်း အကြီးအကျယ် ပျက်နေ
ချေပြီ။

သို့သော်....

သူ လက်မလျှော့သေးပါ။ သူ အားကိုးရသော သံချိုင်း
ထောက် ချူ နံဘေးတွင် ရှိနေသေးသည် မဟုတ်ပါလား၊





သံချိုင်းထောက်ချူက သူ၏ တပည့်နှစ်ယောက်၏ အခြေ
အနေကို မြင်လိုက်ရသောအခါ မျက်မှောင်ကုတ်သွားသည်။

သူက ပေါင်းချုံဘက်သို့ လှည့်လိုက်ပြီး....

"ပေါင်းချုံ....ခင်ဗျားက အခုကိစ္စမှာ ကျုပ်ကို ငွေဘယ်
လောက် ပေးထားသလဲ"

ဟု ရုတ်တရက် မေးလိုက်လေသည်။

ထိုအခါ ပေါင်းချုံက မျက်မှောင်ကုတ်သွားသည်။

"ငွေငါးသောင်း ပေးထားပါတယ်"

ဤတွင် သံချိုင်းထောက်ချူက အိတ်ထဲမှ ငွေလွှဲလက်မှတ်
တစ်ထပ်ကြီးကို နှိုက်ယူလိုက်ပြီး စားပွဲပေါ်သို့ တင်ထား
လိုက်သည်။

သူက ငွေလွှဲလက်မှတ်များကို လက်ညှိုးထိုးပြလိုက်ပြီး....

"ဟောဒီမှာ ငွေငါးသောင်းတိတိ"

ပေါင်းချုံမှာ စောစောက သူပေးထားသော အခကြေး
ငွေ သူ့အား ပြန်ပေးနေသည်ကို တွေ့ရသောအခါ အံ့အား
သင့်သွားရလေသည်။

"ဒီငွေတွေ ဘာဖြစ်လို့ ပြန်ပေးနေရတာလဲ"

"ကျုပ်ကိုယ်ကျုပ် သေရမှာ ကြောက်လို့ပေါ့ဗျာ"

သူက တုံးတိတိပင် ပြန်ဖြေလိုက်လေတော့သည်။

သံချိုင်းထောက်ချူက ထိုသို့ပြောပြီး ဆက်၍ရှင်းပြလေ
သည်။

"ကျုပ်သာ ခင်ဗျားပေးထားတဲ့ငွေ ပြန်မပေးရင် ခင်ဗျား
အတွက် ကျုပ်က လူသွားသတ်ပေးရလိမ့်မယ်၊ အဲဒီလိုဆိုရင်

သူများက ကျုပ်ကို သတ်သွားလိမ့်မယ်၊ ဒါကြောင့် အခု အချိန်မှာ ကျုပ်က မသေချင်သေးဘူး၊ ဒါကြောင့် ခင်ဗျား ငွေကို ကျုပ်က ပြန်ပေးနေတာပေါ့"

သူ၏စကားကြောင့် ပေါင်းချုံ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သံချိုင်းထောက်ချုံက သူ၏စကားအဆုံးတွင် တင်ကုန်း၊ တင်ချန်းတို့နှင့်အတူ လောင်းကစားခန်းမထဲမှ ထွက်ခွာသွားလေတော့သည်။

သူတို့သုံးဦးကိုကြည့်ပြီး သက်ပြင်းချလိုက်သူမှာ ပေါင်းချုံ ပင် ဖြစ်ပေတော့သည်။

ပေါင်းချုံ သူတို့သုံးဦး ပျောက်ကွယ်သွားမှ လီစုကျီဘက်သို့ လှည့်လိုက်ပြီး....

"ကျုပ်ရှုံးထားတဲ့ ငွေတွေကို အခုမလျော်နိုင်သေးဘူးဗျ" ဟု ပြောလိုက်လေသည်။

ထိုအခါ လီစုကျီက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဘာဖြစ်လို့ မလျော်နိုင်သေးတာလဲ" ဟု ပြောလိုက်လေသည်။

ပေါင်းချုံက....

"ကျုပ်မှာ ငွေမရှိသေးလို့ပါ"

လီစုကျီက ပြုံးလိုက်ပြီးနောက်....

"လွယ်ပါတယ်ဗျာ၊ ဒါတွေက အခု ခင်ဗျားနဲ့ ကျုပ် တစ်ကြိမ် လောင်းကစားမယ်၊ ခင်ဗျားနိုင်ရင် ကျုပ်နိုင်တဲ့ ငွေတွေ မလျော်နဲ့တော့၊ တကယ်လို့ ကျုပ်နိုင်ရင် မင်း





ဒီနေ့ကစပြီး ဒီနယ်တစ်ဝိုက်မှာရှိတဲ့ လောင်းကစားမှုအားလုံးကို ရပ်တန့်ပစ်ရမယ်"

ပေါင်းချုံက ခဏမျှ စဉ်းစားပြီးနောက်...

"ကျုပ် သဘောမတူဘူးဆိုရင်ကော...."

ထိုအခါ လီစုကျီက သူ၏ လက်ထဲရှိ ဓားကို ပေါင်းချုံရှေ့သို့ ပစ်ချလိုက်သည်၊ သူက....

"ကျုပ်နဲ့ ဓားချင်း ပြိုင်ရမှာပေါ့"

ပေါင်းချုံက အတန်ကြာအောင် စဉ်းစားပြီးမှ ခေါင်းညိတ် သဘောတူလိုက်လေသည်။

"ကောင်းပြီ၊ မင်းပြောတဲ့စကားကို ကျုပ် သဘောတူတယ်၊ ဒါပေမယ့် ကျုပ် အရင်ပစ်မယ်၊ ပွင့်တူရင် ငါနိုင်တယ်"

လီစုကျီက ပြုံးလိုက်ပြီး....

"ကောင်းပြီလေ၊ ကျုပ်သဘောတူတယ်၊ ခင်ဗျား ကတိမဖျက်ဖို့ပဲ အရေးကြီးပါတယ်"

သူ၏စကားအဆုံးတွင် ပေါင်းချုံက စားပွဲအနီးတွင် ထိုင်ချလိုက်လေတော့သည်။

ဒိုင်လုပ်သူက ပန်းကန်နှင့် အန်စာတုံးကို ထိုးပေးလိုက်သည်။

ဝိုင်းအုံကြည့်နေကြသော ကစားသမားတို့မှာ တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေကြလေသည်။

ပေါင်းချုံက ဝိုင်းအုံကြည့်နေကြသော ကစားသမားတို့အား တစ်ချက် အကဲခတ်ကြည့်လိုက်၏။ ထို့နောက် အန်စာ

တုံးများကို ကောက်ယူလိုက်ပြီး ပန်းကန်အနားကို သုံးချက်ခေါက်ကာ ပစ်ချလိုက်လေသည်။

အန်စာတုံးကလေးများ ချာလည်လည်နေလေသည်။

ပန်းကန်နှင့် အန်စာတုံးထိသံ ဆူညံစွာ ပေါ်ထွက်၍ တစ်ခန်းလုံးကို လွှမ်းခြုံနေသည်။ အန်စာတုံး ရပ်တန့်သွားသောအခါ ခြောက်နှစ်လုံးနှင့် ငါးတစ်လုံး ပွင့်နေသည်ကို တွေ့ရလေသည်။

ဝိုင်းအုံကြည့်နေသူ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

သို့သော် လီစုကျိုက ခြောက်သုံးလုံးပင်ကျအောင် ပစ်နိုင်ခဲ့သဖြင့် ပေါင်းချုံ ရှုံးနိမ့်သွားလေတော့သည်။

သူက ခေါင်းငိုက်စိုက်ချကာ....

"ဟော....ကစားဒိုင်တွေ ပိတ်လိုက်ကြတော့ဟေ့"

ဟု သူ၏လက်အောက်ငယ်သားများအား အမိန့်ပေးလိုက်လေတော့သည်။

*          *          *

လီစုကျို ကစားဝိုင်းမှ ထွက်လာသည်။

သူသည် ကစားဝိုင်းမှငွေများ နိုင်ခဲ့ခြင်းမရှိပါ။

သို့သော်....

လူအများ ဒုက္ခရောက်စေခဲ့သော ကစားဝိုင်းများအား သင်ခန်းစာပေးခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် လီစုကျို၏ခန္ဓာကိုယ် ပေါ့ပါး သွက်လက်နေသည်။





ရင်ထဲဝယ် ကြည်နူးမှုအပြည့်ဖြင့် လမ်းလျှောက်နေသောကြောင့် သူ၏ ခြေအစုံမှာ လေဟုန်စီးသကဲ့သို့ မြန်ဆန်ပေါ့ပါးနေပြန်သည်။

ထိုစဉ်တွင်....

သူ့၏ရှေ့သို့ ရုတ်တရက် မြင်းလှည်းတစ်စီး ထိုးရပ်လာလေတော့သည်။

"လီစုကျို.... မင်း လှည်းပေါ်ကိုတက်ခဲ့"

မြင်းလှည်းထဲမှ လူတစ်ယောက်၏ခေါ်သံ ပေါ်ထွက်လာသည်။

မိမိ၏အမည်ကို ဖော်ထုတ်အခေါ်ခံလိုက်ရသဖြင့် လီစုကျို အလွန်မှအံ့ဩသွားသည်။

"မြင်းလှည်းထဲက မိတ်ဆွေ ဘယ်သူပါလဲ"

လီစုကျိုက မြင်းလှည်းပေါ် မတက်သေးဘဲ မေးလိုက်ခြင်းဖြစ်သည်။

တကယ်တော့ မယုံသင်္ကာဖြစ်၍ မေးလိုက်ခြင်း ဖြစ်သည်။

"ကျုပ် ချင်ဝမ်းပါ"

ထိုနာမည်ကြားလိုက်ရသော လီစုကျိုမှာ အလွန်ပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားရသည်။ သူ၏ မျက်လုံးအစုံသည်လည်း တောက်ပသွားသည်။

သူက ဝမ်းသာအားရ မြင်းလှည်းပေါ်သို့ ပြေးတက်လိုက်လေသည်။ မြင်းလှည်းအတွင်း၌ ချင်ဝမ်းက လီစုကျိုအား ပြုံး၍ကြည့်နေသည်။

"ထိုင်ကွာ လီစုကျို"

ဝမ်းသာအားရဖြစ်နေသော လီစုကျိုက ချင်ဝမ်းနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး....

"ခင်ဗျားက ကျုပ်ကို မှတ်မိတယ် ဟုတ်လား"

ချင်ဝမ်းက ပြုံးလျက်....

"ကျုပ်က လူပျောက်ရှာတဲ့နေရာမှာ ဟောဒီဇမ္ဗူတစ်ခွင်မှာ ပထမရတဲ့လူဆိုတာ မင်း မေ့နေပြီနဲ့တူတယ် လီစုကျို၊ အဲဒါကို မင်း မေ့နေတာ ဆိုးတာပေါ့"

သူ၏စကားကြောင့် လီစုကျို ပြုံးသွားသည်။ သူ ခိုင်းစေလိုက်သော ကိစ္စကိုလည်း သတိရလိုက်သည်။

ထို့ကြောင့် လီစုကျိုက....

"ကဲ....ကျွန်တော် ရှာခိုင်းလိုက်တဲ့လူကို ခင်ဗျား ရှာလို့တွေ့ပြီလား၊ ဘယ်လိုအခြေအနေရှိသလဲ"

ထိုအခါ ချင်ဝမ်းက အိတ်ကတ်ထဲရှိ စာရွက်တစ်ရွက်ကို ထုတ်ပြီး လီစုကျိုကို ပေးလိုက်သည်။ သူက....

"ဟောဒီမှာ ကွမ်းစန်ချိန်းနေရတဲ့ အိမ်တော်ရဲ့ မြေပုံပဲ၊ မင်း ဒီမြေပုံအတိုင်း ရောက်အောင်သွားနိုင်ရင်တော့ ကွမ်းစန်ချိန်းကို တွေ့ရမှာပဲ၊ အဲဒါကို ကျုပ် တာဝန်ယူတယ်"

လီစုကျိုက မြေပုံစာရွက်ကို တစ်ချက် စိုက်ကြည့်လိုက်ပြီး အိတ်ထဲသို့ သေသေချာချာထည့်ပြီး သိမ်းလိုက်သည်။

သူက....

"ကဲ....ကျုပ်တော့ ဗိုက်အလွန်ဆာနေပြီ၊ တစ်နေရာရာမှာ သွားစားကြစို့"

ချင်ဝမ်းက ပြုံးပြလိုက်သည်။





သူက မြင်းလှည်းသမားကိုလှမ်း၍....

"ဟေ့....ငါတို့ကို စားသောက်ဆိုင်တစ်ဆိုင်ကို ပို့ပေးပါ" ဟု အော်ပြောလိုက်လေသည်။

ထိုအခါ မြင်းလှည်းသမားက မြင်းကို အရှိန်မြှင့်ပြီးမောင်းနှင်လိုက်လေတော့သည်။

* * *

လမ်းသွယ်....

ဤလမ်းသွယ်သည် အလွန်ရှည်လျားလှသည်။

ထိုနယ်မှ အုပ်ချုပ်သူများ၏ ခန့်မှန်းချက် စာရင်းအရ ဤလမ်းသွယ်ထဲဝယ် အိမ်ခြေပေါင်း တစ်ရာ့လေးဆယ် ရှိပါသည်။

အိမ်ခြေပေါင်း တစ်ရာ့လေးဆယ်တို့သည် တူညီသော ထူးခြားချက်တစ်ခု ရှိနေပါသည်။

ထူးခြားချက်ကား ...

ထိုလမ်းသွယ်တွင် ရှိသမျှအိမ်ထောင်စုတိုင်းသည် အချဉ်အစပ်များ စားသုံးကြလွန်းသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့်....

အဆိုပါလမ်းသွယ်ကလေးကို ချဉ်စပ်လမ်းသွယ်ဟု အမည်တွင်နေခြင်းပင် ဖြစ်ပါသည်။

ဆင်းရဲသောလူများသည် များသောအားဖြင့် ငရုတ်သီးနှင့် အချဉ်တို့ကို စားလေ့စားထ ရှိသည်။

အကြောင်းမှာ သူတို့သည် အသားဟင်း မဝယ်နိုင်၍ ငရုတ်သီးနှင့် အချဉ်တို့ကို ဟင်းအဖြစ်အသုံးပြုကာ ထမင်းစားရသောကြောင့် ဖြစ်သည်ဟု အချို့က ဆိုကြသည်။

အချို့ကမူ....

တင်းကူ ရှမ်းနှင့် ထူးနိုင်ငံများတွင် နေထိုင်ကြသူများသည် ငရုတ်သီးကို အားထား၍ ထမင်းစားကြသည်ဟု ဆိုသည်။

သူတို့တွင် အကြောင်းပြချက်ကတော့ ရှိပါသည်။

အထက် ဖော်ပြပါနိုင်ငံများတွင် နေထိုင်ကြသူများသည် အဖိုးခတ်များလွန်းသောကြောင့် ဖြစ်သည်ဟုဆိုပါသည်။

ချဉ်စပ်လမ်းသွယ်တွင် နေထိုင်ကြသူများသည် ငရုတ်သီးကို အထူး ကြိုက်ကြသည်။ သူတို့အားလုံးသည် တင်၊ ကူ၊ ရှမ်းနှင့် ထူးနိုင်ငံမှ ပြောင်းရွှေ့လာကြသူများ ဖြစ်သည်ဟု ဆိုကြသည်။

အမှန်မှာ ဤလမ်းသွယ်တွင် နေထိုင်ကြသူများသည် အဘယ့်ကြောင့် ငရုတ်သီးကြိုက်ကြသည့်ကိုတော့ ဘယ်သူမှ တိတိကျကျ မသိကြပါ။

သို့သော်....

ထိုလမ်းသွယ်ကို ချဉ်စပ်လမ်းသွယ်ဟု အားလုံးက သိကြလေသည်။

*   *   *





ညနေ ဆည်းဆာချိန်....

ဆည်းဆာချိန်၏အလှသည် ပတ်ဝန်းကျင်ရှိ သူ တွေ့ထိသည့် အရာမှန်သမျှ လှပစေလေသည်။

ထိုကဲ့သို့ အလှပေါင်းစုံ စုဝေးနေချိန်တွင် သံချိုင်းထောက်ချူသည် ချိုင်းထောက်ကိုထောက်ကာ ချဉ်စပ်လမ်းသွယ်ထဲသို့ ဝင်ရောက်လာလေသည်။

သံချိုင်းထောက်ချူ၏ နောက်တွင် တင်ကုန်းနှင့် တင်ချန်းတို့ ခြေထောက် ထော့နဲ့-ထော့နဲ့ဖြင့် လိုက်လာကြသည်။

သူတို့ ရောက်လာချိန်၌ လမ်းသွယ်တစ်ခုလုံး ငရုတ်သီးနံ့ သင်းပျံ့မွှေးကြိုင်နေသည်။ ထို့အတူအချဉ်နံ့ကလည်း စားချင်စဖွယ်ဖြစ်အောင် သွားရည်များကျအောင် မြူဆွယ်နေလေသည်။

ချဉ်စပ်လမ်းသွယ်၏အလယ်တွင် ထမင်းဆိုင်တစ်ဆိုင် ရှိသည်။

ထမင်းဆိုင်ရှေ့၌ ငရုတ်သီး တန်းစီ၍ ချိတ်ဆွဲထားလေသည်။

ကြိုးဖြင့် တွဲလွဲဆွဲထားသော ငရုတ်သီးခြောက်များကို လေတိုက်ခတ်သောအခါ ချွပ်....ချွပ်....ချွပ်....ချွပ် ဟု အော်မြည်နေလေသည်။

ယင်းငရုတ်သီးများသည် သံချိုင်းထောက်ချူ၊ တင်ကုန်းနှင့် တင်ချန်းတို့၏ အမှတ်အသားပင် ဖြစ်ပေသည်။

ထိုဆိုင်ကို ငရုတ်သီးထမင်းဆိုင်၊ ဒါမှမဟုတ် ချဉ်စပ်ထမင်းဆိုင်ဟု ခေါ်ကြလေသည်။

ငွေသိမ်းကောင်တာတွင် လူတစ်ယောက် ထိုင်နေသည်၊ ထိုင်နေသူမှာ ထမင်းဆိုင်ပိုင်ရှင်ဖြစ်သည်။ ငရုတ်သီးထမင်းဆိုင်ပိုင်ရှင်မှာ ဝဝပုပုဖြစ်ပြီး အလွန်သဘောကောင်းပုံ ပေါ်သည်၊

ဆိုင်ပိုင်ရှင်၏အမည်မှာ 'ချောပန်' ဖြစ်သည်။

ချောပန်၏အဓိပ္ပာယ်မှာ ပိုင်ရှင်ဖြစ်ပါသည်။

ဆိုင်တွင် စားပွဲ ခုနစ်ပွဲရှိသည်။ ထိုခုနစ်ပွဲအနက် လေးပွဲတွင် လူများ ထိုင်နေကြသည်။ ထမင်းစားနေကြသည်။

တင်ကုန်း ဆိုင်ထဲဝင်လိုက်သည်နှင့် ချိုရယ်အား တွေ့လိုက်ရလေသည်။

သူ အံ့ဩနေခြင်းမှာ ချိုရယ်ကဲ့သို့ ငွေရှင်တစ်ယောက်သည် အဘယ်ကြောင့်ဤမျှသေးငယ်နူချာသော ဆိုင်ကလေးထဲသို့ရောက်နေရသနည်း။

အကြောင်းတစ်ခုခုတော့ ရှိရမည်ဟု တင်ကုန်း စဉ်းစားနေပါသည်။

ချိုရယ်သည် စားပွဲတစ်ခုတွင်ထိုင်၍ ထမင်းစားနေလေသည်။

သူ၏အနီးတွင် မျောက်တစ်ကောင်ကဲ့သို့ ရုပ်သွင်ရှိနေသော လူငယ်တစ်ယောက် ထိုင်နေသည်။

အခြားစားပွဲတစ်လုံး၌ အဘိုးအိုတစ်ဦး ထိုင်နေလေသည်။





အဘိုးအိုမှာ ခါးအတော်ရှည်သူ တစ်ဦးဖြစ်ပြီး အပြာရောင် အပေါ်အင်္ကျီကို ဝတ်ဆင်ထားသည်။ ခါးတွင် ရှည်လျားသောဆေးတံ ထိုးထားသည်။

အပြာရောင်အင်္ကျီဝတ် အဘိုးအို၏အနီး၌ လူငယ် တစ်ယောက် ထိုင်နေသည်။

ထိုလူငယ်သည် အသက်နှစ်ဆယ်ကျော်ခန့်ရှိသည်။ လူငယ်မှာ မိန်းကလေးတစ်ယောက်ကဲ့သို့ ချောလှသည်။

သူ၏ရင်အစုံသည် ပြားချပ်ခြင်းမရှိပါ။ အကယ်၍ သူ့အား တစ်စုံတစ်ဦးတွေ့လျှင် မိန်းကလေး တစ်ယောက်ဟု ထင်ကြမည်မှာ မလွဲပါ။

ထမင်းစားပြီးသောအခါ အဘိုးအိုသည် ဆေးတံကိုထုတ်၍ ဖွာနေလေသည်။ ဆေးတံ၏မီးခိုးများသည်တဖြည်းဖြည်းနှင့် ဆိုင်ကလေးတစ်ခုလုံးကို လွှမ်းခြုံ၍လာလေပြီ။

ထိုစဉ်....

ဧည့်သည်များကလည်း တဖြည်းဖြည်း ထွက်ခွာသွားကြလေပြီ။

အခြားသူများ ထွက်ခွာသွားသောအခါ ဆိုင်ထဲ၌သံချိုင်းထောက် ချူ၊ တင်ကုန်း၊ တင်ချန်း၊ ချိုရယ်နှင့် မျောက်မျက်နှာရှိသောလူငယ်သည်လည်း ထွက်ခွာသွားခြင်း မရှိသေးပါ။

သဘောကောင်းလှသော ဆိုင်ရှင် ချောပန်သည် သူတို့အားလုံးကို နှင်ထုတ်ခြင်းမပြုသေးပါ။ ဒေါ်အပြင် တံခါးပင်ပိတ်ထားလိုက်လေ တော့သည်။

* * *

ထမင်းဆိုင်ပိတ်သွားပြီ ဖြစ်သည်။

သူတို့အားလုံး အဘယ်ကြောင့် ဆက်လက် ထိုင်နေကြသနည်း။

တင်ကုန်းစိတ်ဝယ် အလွန် ထူးဆန်းနေသည်ဟု ထင်နေသည်။

ချိုရယ်က ချွေးများသုတ်နေသည်။

အဘိုးအိုသည် ဆေးတံကို ဖွာရှိုက်နေလေသည်။

ကျဉ်းမြောင်းသောဆိုင်ကလေး တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

တိတ်ဆိတ်ငြိမ်သက်မှု၏ ချုပ်နှောင်ခြင်း ခံလိုက်ရသော တင်ကုန်းမှာ စိတ်ကယောက်ကယက် ဖြစ်နေလေပြီ။

တင်ကုန်း၏ စိတ်ထဲ၌လည်း နိမိတ်တစ်ခု ဝင်လာသည်၊ မကောင်းသော အတိတ်နိမိတ်ဟု တင်ကုန်းစိတ်ဝယ် ထင်နေမိသည်။

ဤမျှသေးငယ်သော ထမင်းဆိုင်သည် အလွန်လျှို့ဝှက်ပြီး အန္တရာယ်ကြီးမားသော နေရာတစ်ခု ဖြစ်သည်ကိုလည်းတွေးထင်မိလာလေသည်။

ထိုစဉ်....

မျောက်ရုပ်ပေါက်နေသော လူငယ်က အသံတိုးတိုးဖြင့် 'ချိုရယ်' ဟုခေါ်လိုက်သည်။

ချိုရယ်ဟု ခေါ်လိုက်သံမှာ အသံ တိုးညင်းသော်လည်း ကြောက်စရာ အငွေ့အသက်များ ပါနေလေသည်။





ထို့ကြောင့် အခေါ်ခံလိုက်ရသော ချိုရယ် ထိတ်လန့်တကြား မတ်တတ်ထရပ်လိုက်ပြီး....

"ဟုတ်ကဲ့၊ အမိန့်ရှိပါ"

ဟု ရိုသေစွာ ပြန်ပြောလိုက်လေသည်။

သူ၏ ဟန်ပန်မှာ စီရင်ချက်ချခံရခါနီး တရားခံတစ်ဦးက တရားသူကြီးကို ရိုသေသည့် ပုံဟန်မျိုး ပေါက်နေသည်။

မျောက်ရုပ်ပေါက်နေသည့် လူငယ်က စူးစိုက် ကြည့်လိုက်ပြီး....

"ချိုရယ်....ခင်ဗျားကို ဖိတ်ခေါ်လိုက်ရတာက ခင်ဗျားကို နည်းနည်းပါးပါး မေးစရာရှိလို့ပါ"

ချိုရယ်က ခေါင်းညိတ်ပြလျက်....

"ဟုတ်ကဲ့ မေးပါခင်ဗျာ"

"လွန်ခဲ့တဲ့ လေးလပိုင်း ခင်ဗျားနဲ့ လီစုကျိ နီရှေခုန်း စားသောက်ဆိုင်မှာ တွေ့ခဲ့တယ် မဟုတ်လား"

နေ့စွဲ၊ ရက်စွဲပါ အတိအကျဖြင့် မျောက်မျက်နှာနှင့်လူငယ်က မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့်...."

မျောက်မျက်နှာရှိ လူငယ်က လက်ကာလိုက်ပြီးလျှင်....

"ဒါပေမယ့်တွေ ဘာတွေ ခဏထားပါဦး၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာသာ ပြောပါ"

"ဟုတ်ပါတယ်"

ချိုရယ်က ဟုတ်မှန်ကြောင်း ဝန်ခံလိုက်သည်။

ထိုအခါ မျောက်ရုပ်ပေါက်နေသည့် လူငယ်ကဆက်၍....

"အဲဒီတုန်းက လီစုကျိကို လူသုံးယောက် ဝိုင်းတိုက်ခိုက်လိုက်တယ်ဆိုတာ ခင်ဗျားတွေ့လိုက်သလား"

ဟု မေးလိုက်သေသည်။

"ဟုတ်ကဲ့၊ တိုက်ခိုက်လိုက်တာ တွေ့ပါတယ်"

"အဲဒီတုန်းက လီစုကျိ သူ ဒဏ်ရာရသွားသေးသလား"

"အို....အဲဒါတော့ ကျွန်တော် ကျွန်တော် သေသေ ချာချာ မသိပါဘူး"

"ဒါဆို လီစုကျိ ထွက်သွားတာကိုတော့ ရပ်ကြည့်နေကြတယ် မဟုတ်လား"

ဤတွင်....

ချီရယ်က ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့်....

"ကျွန်တော်....ကျွန်တော်တို့"

မျောက်ရုပ်ပေါက်နေသည့် လူငယ်က မျက်နှာထားကို တင်းလိုက်သည်။

"ဟုတ်တယ်၊ မဟုတ်ဘူး အဲဒါကိုပဲဖြေပါ"

"ဟုတ်ပါတယ်"

ချီရယ်က လေသံပျော့ကလေးဖြင့် ဖြေလိုက်သည်။

မျောက်ရုပ်ပေါက်နေသည့် လူငယ်က ချီရယ်ကို စေ့စေ့ကြည့်လိုက်ပြီးနောက် ပြောလိုက်သည်။

"ခင်ဗျားတို့က လီစုကျိုကိုသတ်ဖို့ ကြံရွယ်ကြတယ်မဟုတ်လား၊ ဘာဖြစ်လို့ သူထွက်သွားတာကို ကြောင်ပြီးကြည့်နေကြတာလဲ"

သူက စကားကို ရပ်ပစ်လိုက်သည်။





သက်ပြင်းရှည်တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

အတန်ကြာမှ သူက....

"ကဲ....ကျုပ်ပြောတဲ့စကားလဲ ကုန်ပြီ၊ ခင်ဗျားလဲ သွားနိုင်ပါပြီဗျာ"

ထိုအခါ ချီရယ်မှာ မမျှော်လင့်သောစကားကိုကြားလိုက်ရ၍ မျက်လုံးမျက်ဆန် ပြူးသွားသည်။ သူက အတန်ကြာမှ....

"ကျွန်....ကျွန်တော် သွားနိုင်ပြီ၊ ဟုတ်လား" ဟု ထပ်မံမေးလိုက်လေတော့သည်။

မျောက်ရုပ်ပေါက်နေသည့် လူငယ်က ပျင်းတွဲ့တွဲ့လေသံဖြင့်လျက်....

"ဟုတ်တယ်လေ၊ ခင်ဗျား ချောပန်ဆီကို သွားနိုင်ပြီ" ဟု ပြောလိုက်လေသည်။

အဆိုပါစကားကို ကြားလိုက်ရသော ချီရယ်မှာ မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားသည်။

ချောပန်ကလည်း ပြုံး၍ ချီရယ်ကို ခေါ်နေသည်။ သူ၏ မျက်နှာပြင်ပေါ်ရှိ အပြုံးမှာ အေးစက်စက် ဖြစ်နေသည်။

"ကဲ....ကဲ....ချီရယ် ဒီဘက်ကို ကြွပါ"

သူက ပြောရင်းမှ ငွေသိမ်းစားပွဲနောက်တွင်ရှိသော နံရံကို တစ်ချက်နှိပ်လိုက်လေသည်။

ဤတွင် နံရံတွင် ရုတ်တရက် တံခါးပေါက်တစ်ခု ပေါ်လာသည်။

ချီရယ်က ပေါ်လာသော တံခါးပေါက်ကို ကြည့်ပြီး ခြေလှမ်းများသုတ်ကာ ဝင်ရောက်သွားလေတော့သည်။

အကြောင်းကား ထိုနံ့ရဲပေါက်မှဝင်လိုက်လျှင် မြေအောက် အချုပ်ခန်းရှိနေသောကြောင့် ဖြစ်လေသည်။

ချဉ်စပ်ထမင်းဆိုင် (ဝါ) ရေတံသီးထမင်းဆိုင်သည် ဌာန ချုပ်စခန်းတစ်ခုဖြစ်သည်ကို မည်သူမှ မသိရပါချေ။

*　　*　　*

နံ့ရဲမှ တံခါးပေါက် ပြန်လည်ပိတ်သွားပြီ ဖြစ်သည်။ ဆိုင်အတွင်း၌ တိတ်ဆိတ်နေပြန်လေသည်။

ချောပန်က တာဝန်တစ်ခု ပြီးဆုံးသွားသည့်အလား သက် ပြင်းတစ်ချက်ချပြီး ထိုင်ခုံတွင် ပြန်ထိုင်လိုက်သည်။

အဘိုးအိုက ဆေးတံကို အားရပါးရ ဖွာရှိုက်နေဆဲပင်...

ယခုအခါ တင်ကူနီးနှင့်တင်ချန်းတို့ ညီအစ်ကိုမှာ ကြောက် ရွံ့တုန်လှုပ်၍နေလေသည်။

သူတို့နှစ်ဦး ဤနေရာမှ အမြန်ဆုံး ထွက်ခွာလိုနေသည်၊ သူတို့အနေဖြင့် ဤဆိုင်ကလေးသည် ငရဲဘုံတစ်ခုနှင့် တူနေ၏၊

သို့သော် သူတို့ညီအစ်ကို၏ ဆရာဖြစ်သူ သံချိုင်းထောက် ချူက အေးဆေးစွာ ထိုင်နေသဖြင့် သူတို့လည်း ထမသွား ဝံ့ပဲ ဖြစ်နေရသည်။

ဆေးတံဖွာနေသော အပြာရောင်အင်္ကျီဝတ် အဘိုးအိုက သူ၏ဆေးတံကို သံချိုင်းထောက်ချူကို လှမ်းပေးလိုက်သည်၊

သံချိုင်းထောက် ချူက မည်သည့်စကားမှ မပြောပါ၊ ဆေးတံကို လှမ်းယူလိုက်ပြီး တစ်ချက်ဖွာလိုက်ကာ ပြန်ပေး သည်။





အဘိုးအိုက ဆေးတံကို တစ်ဖွာဖွာပြီး အဘိုးအိုက သံချိုင်း ထောက်ချူကို ပြန်ပေးလိုက်ပြန်သည်။

ဤသို့ဖြင့် သူတို့နှစ်ဦး တစ်ယောက်တစ်လှည့်စီ ဆေးတံကို ဖွာပြီးနောက်....

"ကျုပ်စောင့်နေတဲ့ လူတော့ လာပါပြီ" ဟု စကားကို စတင်လိုက်လေသည်။

အပြာရောင်အင်္ကျီဝတ် အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"သိပ်ကောင်းတယ်"

"အခုလဲ သူ တစ်ဆယ့်လေးကျိပ်တိတိ ခြောက်သုံးလုံး ပွင့်အောင် ပစ်နိုင်တယ်"

"အင်း...သူက အရင်တုန်းကလို ကံကောင်းနေတုန်းပဲ ကိုး"

"ဟုတ်ပါတယ်"

"နောက်တော့ သူ ကံကောင်းနိုင်မှာ မဟုတ်တော့ပါဘူး လို့ ကျုပ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုရင် သူက သေလူတစ် ယောက်ဖြစ်နေပြီ မဟုတ်လား"

"သူ မသေသေးပါဘူး"

"မင်းက သူ့ကို မသတ်လိုက်ဘူးလား"

"မသတ်ဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီလူက လီစုကျိ ဟုတ်မဟုတ်ဆိုတာ မသေချာသေး လို့ပါ"

"ဘာဖြစ်လို့ မသေချာရတာလဲ"

"လီစုကျိုရဲ့ ပံသဏ္ဍာန်ဟာ အလွန်ပြောင်းလဲနေပါတယ်၊ ပေါင်းချုံတောင်မှ မမှတ်မိတော့ပါဘူး"

အပြာရောင်အင်္ကျီဝတ် အဘိုးအိုက သက်ပြင်းချလိုက်ပြီး

"လူပုံကတော့ ပြောင်းတတ်ပါတယ်၊ ဒါကတော့ အရေးမကြီးပါဘူး"

သံချိုင်းထောက်ချူက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်၊ သူ့ရဲ့သိုင်းပညာကတော့ အရင်ကလိုမဟုတ်ပါဘူး၊ ပြောင်းလဲလာပါတယ်"

အပြာရောင် အင်္ကျီဝတ် အဘိုးအိုက မျက်မှောင်ကုတ်လျက်....

"ဘယ်လိုပြောင်းလဲလာတာလဲ"

"အရင်တုန်းက သူက ဓား ဒီလောက်မကျွမ်းဘူး"

"အခုကော"

သံချိုင်းထောက် ချူက....

"အခုတော့လူရဲ့ဓားရည်ဟာ ပထမအဆင့်မှာရှိနေတယ်"

"မင်း ဘယ်လိုလုပ်သိသလဲ"

သံချိုင်းထောက်က မဖြေတော့ပါ။ သူက တင်ကုန်းနှင့် တင်ချန်းတို့ဘက် လှည့်လိုက်ပြီ....

"မင်းတို့ ထပြီးပြလိုက်ဧမ်း"

ဟု အမိန့်ပေးလိုက်လေသည်။

တင်ကုန်းနှင့် တင်ချန်းတို့သည် ထိုင်ရာမှ ထလာပြီးအပြာရောင် အင်္ကျီဝတ် အဘိုးအိုကို ပြလိုက်လေသည်။

* * *





အပြာရောင်အင်္ကျီဝတ်အဘိုးအိုက တင်ကုန်း၏ ဒဏ်ရာကို အသေအချာ စိုက်ကြည့်နေသည်။ သူ၏ မျက်နှာသွင်ပြင်မှာ တုန်အမူအရာ ကင်းမဲ့နေသည်။

ယခု....

သူ၏လက်ထဲရှိ ဆေးတံမှာ ဆေးမီးငြိမ်းနေပြီဖြစ်သည်။ ထို့ကြောင့် သူက မီးခတ်ကျောက်အား ထုတ်ယူခြစ်လိုက်ပြီး မီးညှိလိုက်သည်။

ထို့နောက် သူက ဆေးတံကို တစ်ချက် ဖွာလိုက်ပြီး....

"မင်းတို့မှာ လက်နက်မပါကြဘူးလား"

ဟု တင်ကုန်းနှင့် တင်ချန်အား မေးလိုက်လေသည်။

ထိုအခါ တင်ကုန်းနှင့်တင်ချန်းတို့ကဦးခေါင်းများခါယမ်းပြလိုက်ပြီးနောက်....

"မဟုတ်ပါဘူး၊ ကျွန်တော်တို့မှာ လက်နက် ကိုယ်စီပါကြပါတယ်"

အပြာရောင်ဝတ် အဘိုးအိုက....

"မင်းတို့က သူ့ကို မတိုက်ခိုက်ကြဘူးလား"

"ဟုတ်ကဲ့၊ တိုက်ခိုက်ဖို့တောင် အချိန်မရလိုက်ကြပါဘူး"

"ဒါဖြင့် မင်းတို့ နှစ်ယောက်ကို ဘယ်သူက ဓားချက်အရင်ထိတာလဲ"

ထိုအခါ တင်ကုန်းက တင်ချန်းဘက်သို့ လှည့်ကြည့်လိုက်သည်။

သူတို့ မြိုင်တူ ခေါင်းခါယမ်းလိုက်ပြီး....

"ကျွန်တော်တို့ ဘယ်သူက အရင်ထိတယ် ဆိုတာတောင် မသိလိုက်ကြပါဘူး"

အပြာရောင်အင်္ကျီဝတ်အဘိုးအိုက....

"မင်းတို့က မမှတ်မိလို့လား၊ ဒါမှမဟုတ် လုံးဝ မသိလိုက်တာလား"

တင်ကုန်းနှင့် တင်ချန်းတို့ အပြန်အလှန် ကြည့်လိုက်ကြပြီးနောက်....

"ကျွန်တော်တို့ မသိလိုက်လို့ပါ"

ဤတွင်....

အပြာရောင်အင်္ကျီဝတ် အဘိုးအိုက လေပူ တစ်ချက်မှုတ်ထုတ်လိုက်ပြီးလျှင်....

"အင်း....အတော်ကို ထက်မြက်လျင်မြန်တဲ့ ဓားချက်ပဲပေ့"

ဟု ချီးကျူးလိုက်လေသည်။

ထို့နောက် အခန်းတစ်ခုလုံး တိတ်ဆိတ် နေပြန်လေသည်။

"မင်း ဒီရောက်လာတာ တစ်နှစ်ရှိပြီ၊ လုပ်သင့် လုပ်ထိုက်တာတွေ တစ်ခုမှ မလုပ်ဖြစ်ဘူး"

အဆိုပါစကားကို ကြားလိုက်ရသော သံချိုင်းထောက်ချူ၏ နဖူးပြင်၌ ချွေးစို့ထွက်လာလေတော့သည်။

ညဉ့်နက်လှပြီဖြစ်သည်။

ငွေသိမ်းချောပန်သည် မတ်တတ်ရပ်လိုက်ပြီး ချောင်းတစ်ချက် ဟန့်လိုက်လေသည်။





ချောင်းဟန့်ပြီးနောက် ချောပန်က....

"ဟိုတစ်နေ့တုန်းက လီစုကျို တိုက်ခိုက်နေတဲ့ အချိန်မှာ လီစုကျို ဒဏ်ရာရသွားတယ်လို့ ကျုပ်ယုံကြည်တယ်"

သံချိုင်းထောက်ချူက စေ့စေ့ကြည့်လိုက်ပြီး....

"ခင်ဗျားက ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ"

ဟုမေးလိုက်လေသည်။

ချောပန်က ရှင်းပြသည်။

"အဲဒီနေ့က လီစုကျိုကို ပစ်လိုက်တဲ့ လက်နက်ပုန်းဟာ တစ်ဆယ့်နှစ်ခု ရှိပါတယ်၊ ဒါပေမယ် တစ်ဆယ့်တစ်လုံးသာ ပြန်တွေ့တယ်၊ ဒါကြောင့် ကျန်တဲ့တစ်လုံးဟာ လီစုကျို ကိုယ်ခန္ဓာထဲမှာပဲ ဖြစ်ရမယ်"

ဤတွင် ချောပန်က သူ၏စကားကို ဖြတ်လိုက်သည်။ သူ ခဏမျှစဉ်းစားပြီး ဆက်ပြောပြန်သည်။

"သူ့ နီရှေခုန်းဆိုင်ထဲကထွက်တော့ သူ့ရဲ့ခြေလှမ်းမမှန်တော့ဘူးလို့ တွေ့တဲ့လူက ပြောပြပါတယ်၊ ဒါပေမယ့် နောက်ရက်မှာ သူ့ကို ကျူဒါတောင်မှာ တွေ့ရတယ်လို့ သတင်းရပါတယ်၊ အဲဒီတောင်ကို ကျုပ်တို့က လူနှစ်ယောက် လွှတ်လိုက်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ လွှတ်လိုက်တဲ့ လူနှစ်ယောက် အခုထက်ထိတောင် တောင်ပေါ်က ပြန်ဆင်း မလာသေးဘူး"

သံချိုင်းထောက်ချူက မျက်မှောင်ကုတ်ပြီး....

"လီစုကျို ငါတို့ရဲ့အထူးပြုလုပ်ထားတဲ့ လက်နက်ပုန်းမိပြီး ဘာဖြစ်လို့ မသေတာလဲဗျ"

ချောပန်က ပခုံးတစ်ချက်တွန့်လိုက်ပြီးနောက်....
"ဒါတော့ ကျုပ်လဲ မပြောတတ်ပါဘူးဗျာ"
ဟု ပြောလိုက်လေတော့သည်။

* * *

အခန်းတစ်ခုလုံးတွင် မီးခိုးများ လုံးနေသည်။

မီးခိုးကြောင့် အခန်းငယ်မှာ ပိုကျဉ်းမြောင်းသွားသည်ဟု ထင်ရသည်။

အဘိုးအို့အနီးတွင် တင်ချိန်လုံးထိုင်နေသော လူငယ်သည် ချောင်းတစ်ချက်ဟန့်လိုက်သည်။

ထို့နောက် အိတ်ထဲမှ ဖြူဖွေးသော လက်ကိုင်ပဝါ တစ်ထည် ထုတ်ပြီး နှာခေါင်းကိုပိတ်လိုက်ကာ....

"အင်း....တို့တစ်တွေဟာ အလုပ်လုပ်တဲ့ အခါမှာ သတိမထားလို့ ရှိရင်တော့ အမှားပဲ လုပ်တတ်ကြပါတယ်"

လူငယ်၏ လေသံသည် အေးဆေးသည်။

သို့သော်....

သံချိုင်းထောက်ချူနှင့် ချောပန်တို့၏နှုတ်ခမ်းပေါ်၌ ချွေးသီးချွေးပေါက်များ တပေါက်ပေါက်ကျနေလေသည်။

ထိုရုပ်ချောလှသော လူငယ်က ချောပန်ကို တစ်ချက်ကြည့်လိုက်ပြီး....

"အဲဒီနေ့က လီစုကျိဘယ်ဘက်က ထွက်သွားတာလဲ"

ချောပန်က ရိုကျိုးဟန်ဖြင့်....

"ဝဲဘက်က သွားပါတယ်"





"ဝဲဘက်ကဆိုရင် ဆိုင်ဘယ်နှစ်ဆိုင် ရှိသလဲ"

ထိုမေးခွန်းကြောင့် ချောပန် ငိုင်တွေသွားသည်။

"ကျ....ကျွန်တော် မတွက်မိပါဘူး"

ရုပ်ချောလူငယ်က ပြုံးလိုက်ပြီး....

"ကျွန်တော် တွက်ကြည့်ပါတယ်၊ ခင်ဗျားရဲ့ဝဲဘက်ဆိုင်ကဆိုရင် ကုန်စုံဆိုင်ရယ်၊ ဒုတိယဆိုင်ကအပေါင်ဆိုင်ရယ်၊ နောက်အထည်ဆိုင်၊ နောက်ဆုံးဆိုင်က ဘယဆေးဆိုင် အားလုံးဆိုင်ပေါင်း နှစ်ရာ့ခြောက်ဆယ်ရှိတယ်"

ယခုအခါတွင်ကား ချောပန်၏မျက်နှာပြင်မှာ ဖြူဖပ်ဖြူရော် ဖြစ်သွားရလေတော့သည်။

သူသည် ဤနေရာသို့ရောက်နေသည်မှာ တစ်နှစ်ကျော်ခဲ့ပါချေပြီ။

ချောမောလူငယ် ဤနေရာသို့ရောက်သည်မှာ နှစ်ရက်ခန့်ပင် ရှိသေးသည်။

သို့သော်....

အဆိုပါလူသည် ဤနေရာဤဒေသ၏ အခြေအနေကို မိမိထက်ပင် သိထားသေးသည်။

ထိုအခါ လူငယ်က ဆက်ပြောသည်။

"အဲဒီနေ့က လီစုကျိဟာ နီရွှေခုန်းစားသောက်ဆိုင်ကထွက်လာတဲ့ အချိန်ဟာ မိုးမချုပ်သေးဘူး၊ ဆိုင်တွေလဲ အားလုံးလိုလို မပိတ်ကြသေးဘူး၊ ခင်ဗျား အဲဒီလူတွေကို သွားစုံစမ်းသေးသလား"

လူငယ်၏စကားကြောင့် ချောပန်မှာ ချွေးသွင်သွင် သုတ်နေရသည်။

သူက တုန်တုန်ယင်ယင်လေသံပြုလျက်....

"မ....မခွမ်းခဲ့ပါဘူး"

"ခင်ဗျားမမေးတဲ့နေရာကို ကျွန်တော် မေးခဲ့ဘယ်"

လူငယ်က ဆက်ပြောခဲ့သည်။

"အဲဒီတုန်းကလ ခ စုကျိုဟာတစ်ဆယ့်ရှစ်ဆိုင်မြောက်ရောက်သွားတဲ့အခါမှာလူတစ်ယောက်နဲ့တိုက်မိတယ်၊ အဲဒီအချိန်မှာပဲ လ ခ စုကျိုဟာ မဟန်နိုင်တော့ဘဲ လဲကျသွားတယ်၊ အဲဒီလူက လ ခ စုကျိုကို မြင်းလှည်းပေါ်တင်ပြီး ခေါ်သွားတယ်"

ဟု ပြောဆိုလိုက်လေသည်။

ထိုလူငယ်က ယင်းသို့ ပြောပြီးနောက် သူ၏ ထင်မြင်ယူဆချက်ကိုပါ ပြောပြလေသည်။

"ကျွန်တော့်ယူဆချက်ကတော့ နံပါတ်တစ်က လ ခ စုကျိုဟာ ကျုပ်တို့ရဲ့လက်နက်ပုန်းမိတာကတော့ သေချာတယ်၊ သူဟာ ဆိုင်ထဲမှာရှိနေတုန်းကတော့ အဆိပ်မမိဟန်ပြုပြီး တောင့်ခံနေတယ်၊ အပြင်ရောက်မှ အဆိပ်တက်တာ"

သူက ပြောပြီး စကားကိုရပ်သည်။

ခဏကြာမှ သူ၏ ဒုတိယယူဆချက်ကို ဆက်ပြောသည်။

"ကျွန်တော့်ရဲ့ ဒုတိယထင်မြင်ချက်ကတော့ သူ့ကို ကယ်သွားတဲ့လူက ကစားသမားချင်ဝမ်းဖြစ်တယ်၊ အခု ကျွန်တော်တို့ စဉ်းစားစရာဖြစ်နေတာက ကျုပ်တို့ လက်နက်ပုန်း ထိတဲ့လူဟာ သေမှာ သေချာပါတယ်၊ လ ခ စုကျိုက လက်နက်ပုန်း





မှန်ပြီး မသေတဲ့အပြင် ကျူးဒါတောင်အထိတောင် သွားနိုင်သေးတယ်၊ အဲဒါဘာကြောင့်လဲ"

ချောမောလှသောလူငယ်၏ အတွေးအခေါ်မှာ အလွန်ပင် ထက်မြက်နေသည်။

ထိုလူငယ် မည်သူနည်း။

★

## အခန်း ( ၁၇ )

### အမှားကျူးလွန်သူ၏ ဖြစ်စဉ်

ထိုချောမောလှသောလူငယ်၏အမည်မှာ 'ဖန်ချို'ပင် ဖြစ်ပါသည်။

ဖန်ချိုသည် ထူးနိုင်ငံမှ အထူးစေလွှတ်လိုက်သော ထောက်လှမ်းရေးထူးတစ်ယောက်ပင် ဖြစ်သည်။

သူသည် ကိုစ္စရပ်တစ်ခုကို ခေါင်းအေးအေးဖြင့် စဉ်းစားတတ်သည်။ ဝေဖန်ခွဲခြားနိုင်သည်။

ဒါ့အပြင် သိုင်းပညာအရာမှာလည်း အလွန်ထူးချွန်ထက်မြက်သူ တစ်ဦးဖြစ်သည်။

ရုပ်ရည် ချောမောလှပသောကြောင့် ရက်စက်ကြမ်းကြုတ်သည်။ ရက်စက်သည့်နေရာတွင်လည်း နှစ်ယောက်မရှိချေ။

ယခု....





ဖန်ချို ဤနေရာသို့ရောက်ရှိလာခြင်းမှာ လံစုကျုံအား သုတ်သင်ချေမှုန်းရန် ဖြစ်သည်။

ထူးနိုင်ငံဘုရင်သည် ရှန်နိုင်ငံမှ ပညာရှိ သုခမိန်များကို တစ်ဦးပြီးတစ်ဦး လုပ်ကြံရန် စီမံကိန်းချထားသည်။

ဖန်ချို၏တာဝန်မှာ လီစုရင်၏သား လံစုကျုံကို အပြတ်ရှင်း သုတ်သင်ရန်ပင် ဖြစ်ပါသည်။

ဖန်ချို ထိုင်နေရာမှ ထရပ်လိုက်သည်။

"တကယ်လို့များ အဲဒီအချိန်က ချောပန်ဟာ လံစုကျုံ နောက်လိုက်သွားရင် လမ်းဘေးမှာ လဲနေတဲ့ သံစုကျုံကို တွေ့လိုက်ရမှာပဲ၊ ဒါပေမယ့် ချောပန်ဟာ မိမိစီမံချက် ဒီအစီအစဉ်ကို ဆွဲမထားဘူး၊ ပေါင်းချုံဟာ ဒီကိစ္စမှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်တယ်၊ ဒါပေမယ့် ကြောက်ဒူးတုန်ခဲ့တယ်"

ပေါင်းချုံ ယခုအခါ သူ၏ဒူးနှစ်ဖက်သည် တဆတ်ဆတ်တုန်ခါနေလေတော့သည်။

ဖန်ချိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး ချောပန်ဘက်သို့ လှည့်လိုက်သည်။

"ကဲ....ခင်ဗျားက ချောပန်ကိုပါ တစ်ခါတည်း ခေါ်သွားပါ"

ဟု ပြောလိုက်လေသည်။

ချောပန်သည် မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားသည်။ သူ၏မျက်နှာတစ်ခုလုံးသည် သွေးပင်မရှိတော့ပါ။

"ခေါ်သွားပါ"

ထိုအစီအစဉ်သည် မြေအောက်အချုပ်ခန်းတွင် ချုပ်ထားခိုင်းခြင်းပင် ဖြစ်ပါသည်။

ယခု....

ချောပန်သည် ပေါင်းချုံနှင့်အတူ မြေအောက်အချုပ်ခန်းထဲသို့ လိုက်သွားရန် ပြောလိုက်ခြင်းဖြစ်သည်။ ဒါကို သူနားလည်လိုက်သည်။

သူ ဘာတစ်ခွန်းမှ မပြောတော့ပါ။

ချောပန် နံရံပေါ်ရှိ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ထို့နောက် နံရံပေါ်၌ ပေါ်လာသော အပေါက်ထဲသို့ ချောပန် လှမ်းဝင်သွားလေတော့သည်။

ပေါင်းချုံသည်လည်း ချောပန်နည်းတူ နံရံပေါ်၌ပေါ်နေသည့် တံခါးပေါက်ထဲသို့ လှမ်းဝင်သွားလေတော့သည်။

ခဏအကြာတွင် ပေါင်းချုံ၊ ချောပန်တို့နှစ်ဦး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ဖန်ချီက ပြုံး၍ သံချိုင်းထောက်ချူအား စေ့စေ့ကြည့်လိုက်ပြီး....

"ဒီကနေ့ကစပြီး ခင်ဗျားက ချောပန်နေရာမှာ ဝင်ရမယ်"

ဟု အမိန့်ချမှတ်လိုက်လေသည်။

သံချိုင်းထောက်ချူက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက်....

"ကျွန်တော့်တပည့်နှစ်ယောက်"

ဖန်ချီက ပြုံးလိုက်ပြီး....





"သူတို့က စားပွဲထိုးတွေပေါ့ဗျာ"

ဟု ပြောလိုက်လေတော့သည်။

ထိုအခါမှ ချိုင်းထောက်ချူ၏မျက်နှာအစုံသည် ဝင်းလက်တောက်ပလာပြီး....

"ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလိုက်လေသည်။

ဤတွင်....

ဖန်ချီက ပြုံး၍....

"ကျုပ်လဲ အခု ဗိုက်ဆာလာပြီ၊ တစ်ခုခုစားရအောင် မြန်မြန်လုပ်ပါဗျာ"

သံချိုင်းထောက်ချူက ခေါင်းညိတ်လိုက်ပြီးနောက်....

"ကောင်းပါပြီဗျာ၊ ကျွန်တော် စီမံပေးပါ့မယ်"

သူ၏စကားအဆုံးတွင် တင်ကုန်းနှင့် တင်ချုန်းတို့သည် စားပွဲကုလားထိုင်များကို ပြင်ဆင်နေကြတော့သည်။

*  *  *

မိုးခြိမ်းသံသည် ဟိန်း၍ထွက်လာသည်။

ကျယ်လောင်စွာ ပေါက်ကွဲပေါ်ထွက်လာသော မိုးခြိမ်းသံကြောင့် ဖန်ချီ အိပ်ရာမှ လန့်နိုး‌လာသည်။

သူ ထိတ်လန့်တကြား လန့်နိုးစဉ်မှာပင် နဖူးပေါ်၌အမာရွတ် ရှိသူ တစ်ယောက်က သူ့အား စေ့စေ့ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

ဖန်ချို အိပ်နေရာမှ ခေါင်းထိုးထလိုက်သည်။
သူက အထိတ်တလန့်လေသံဖြင့်....
"မင်း ဘယ်သူလဲ"
ထိုအခါ အမာရွတ် ရှိသည့်လူက ခပ်ထန်ထန် လေသံဖြင့်....

"မင်း တွေ့ချင်နေတဲ့ လီစုကျိဆိုတာငါပဲ"
နဖူးပေါ်တွင် အမာရွတ်ရှိသူက အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်လေသည်။
လီစုကျိ ဆိုသောအမည်ကြောင့် ဖန်ချိုသည် ရင်တစ်ချက်ခုန်သွားသည်။
မျက်စိမျက်နှာလည်း အကြီးအကျယ် ပျက်နေပြီဖြစ်သည်။ ကိုကြောင့် သူ ပတ်ဝန်းကျင်ကို ကပျာကယာလှည့်ပတ်ကြည့်သည်။

အားကိုးရာရှာခြင်းဖြစ်သည်။
အခန်းတစ်ခုလုံး မည်သူ့ကိုမှ မတွေ့ရပါ။
ထိုအခြေအနေကို သိလိုက်သော လီစုကျိက ပြုံးလိုက်သည်။

"ဘာလဲ မင်းက မင်းရဲ့နောက်တော်ပါးတွေကို လိုက်ရှာနေတာလား"
ဖန်ချို မည်သည့်စကားမှ မပြောတော့ပါ။
ပါးစပ်ကို တင်းတင်းပိတ်ထားလိုက် လေတော့သည်။
လီစုကျိက ပြုံးလိုက်ပြီး....





"မင်း လူတွေအားလုံးကို ငါမိထားပြီကွ၊ မင်း ဘာပြောချင်သေးသလဲ"
ထိုအခါ ဖန်ချိုက အပြုံးမပျက်ပါ။
"ကျုပ်ကိုသစ္စာဖောက်တဲ့လူဟာ ဘယ်သူလဲဆိုတာ ကျုပ်သိချင်တယ်"

ဤတွင်....
လီစုကျိက လက်ခုပ်တစ်ချက် တီးလိုက်လေသည်။
သူ၏လက်ခုပ်သံအဆုံးဝယ် အခန်းထဲမှ သံချိုင်းထောက်ချူသည် အေးဆေးစွာ ထွက်လာသည်။
သံချိုင်းထောက် ချူ၏နောက်၌ တင်ကုန်းနှင့် တင်ချန်းတို့ ကပ်၍ လိုက်ပါလာကြလေသည်။

သို့သော်....
သံချိုင်းထောက် ချူ၏ ချိုင်းထောက် မပါတော့ချေ။
သူ၏ခြေထောက်သည်လည်း ထော့နဲ့ထော့နဲ့ မဟုတ်ပါတော့ချေ။
ခြေထောက်မှာ ပကတိမူလအတိုင်း သံချိုင်းထောက် မပါသော ချူကို ကြည့်ပြီး ဖန်ချို မျက်စိမျက်နှာ ပျက်နေသည်။

လီစုကျိက ဖန်ချိုကိုကြည့်လိုက်ပြီး....
"မင်းကတော့ သိပ်ကို အံ့သြသွားမှာပဲဆိုတာ ငါသိပါတယ် ဖန်ချို၊ အမှန်မှာ မင်းတို့ စခန်းတစ်ခုဖြစ်တဲ့ ချဉ်စပ်လမ်းသွယ်ကို ကျုပ် စောင့်ကြည့်နေတာ ကြာလှပြီ၊ အင်း....

အခုတော့ ထူးနိုင်ငံရဲ့ ထောက်လှမ်းရေးမှူးကို ဖမ်းမိရတာ ကိုက ကျုပ်အတွက် ပင်ပန်းရကျိုး နပ်ပါပြီဗျာ”

ဖန်ချီက ခေါင်းကို ငုံ့ထားသည်။

ထိုအခါ လီစုကျီက ဆက်၍....

“ကဲ....ဖန်ချီ၊ မင်း အသာတကြည်သာ လိုက်ခဲ့ပေတော့”

ယခုအခါ စိတ်ဓာတ်ကျဆင်းမှုကြောင့် မတ်တတ်ပင် မရပ်နိုင်တော့ပါချေ။ ဖန်ချီ မြေပြင်ပေါ်သို့ ခွေခေါက်ကာကျသွားရလေတော့သည်။

ဖန်ချီ လဲကျသွားသည်ကို တွေ့လိုက်ရသော လီစုကျီက အံ့အားသင့်သွားသည်။ သူက ဖန်ချီကို ပွေ့ထူကြည့်လိုက်သောအခါ ကိုယ့်ကိုယ်ကို အဆိပ်သောက်၍ အသက်စွန့်သွားကြောင်း သိလိုက်ရသည်။

လီစုကျီ သက်ပြင်း တစ်ချက်ချပြီး ကုလားထိုင်ပေါ်သို့ လေးဖင့်စွာ ထိုင်လိုက်လေတော့သည်။

ပြတင်းပေါက်၏ အပြင်ဘက်ဆီမှ လျှပ်စီးတစ်ချက် လင်းလက်ကာ ပေါ်ထွက်လာသည်။

မိုးခြိမ်းသံသည် ကျယ်လောင်စွာ ပေါက်ကွဲကာပေါ်ထွက်လာသည်။

*　　*　　*

အမှန်မှာ လီစုကျီပြောသကဲ့သို့ ရှန်နိုင်ငံမှာ အမှုထမ်းများက စောင့်ကြည့်နေသည် ဆိုသည်မှာ မမှန်ပါ။





ဖန်ချီ၏ လျှို့ဝှက်လှုပ်ရှားမှု သတင်းကို အမည်မဖော်လိုသည့် လူတစ်ယောက်က သတင်းပို့လိုက်ခြင်းပင် ဖြစ်သည်။ ထိုလူက အချိန်မီ သတင်းပို့ လိုက်နိုင်၍ လီစုကျီက ရန်သူ၏ လျှို့ဝှက်စခန်းကို ဖြိုခွဲနိုင်ခြင်း ဖြစ်ပါသည်။

ယခုကလော လီစုကျီ စိတ်မအေးပါ။

အကြောင်းကား....

သူ့အား သတင်းပို့သူသည် တစ်ချိန်က သူ့အား ကယ်တင်ခဲ့သော သူ ဖြစ်သည်ဟု ယူဆထားသောကြောင့် ဖြစ်ပါသည်။

သူ့အား ကယ်တင်သူ သတင်းပို့နေသူသည် မည်သူဖြစ်သနည်း။

မိမိ၏ မိတ်ဆွေလော၊ ရန်သူလော။

သို့သော် မိတ်ဆွေသာလျှင် ဖြစ်နိုင်သည်။

အကယ်၍ မိတ်ဆွေဖြစ်နေပါကလည်း မည်သည့်အတွက်ကြောင့် လျှို့ဝှက်နေရပါသနည်း။

လီစုကျီ တွေးမရပါ။

*　　*　　*

မိုးတဖွဲဖွဲရွာနေသည်။

လီစုကျီသည် မိုးဖွဲဖွဲရွာနေသည့်ကြားမှပင် မြင်းတစ်ကောင်နှင့် ခရီးနှင်နေလေသည်။ မြင်းကျောကုန်းပေါ်မှလိုက်ရင်း သူ ဆီစိမ်စက္ကူထီးကိုဆောင်းကာ ကုန်ပင်းနယ်ထဲ၌ ခရီးနှင်နေခြင်း ဖြစ်ပါသည်။

ကျန်ဖင်းသည် မြို့တစ်မြို့၏ အမည် ဖြစ်သလို ထူးနိုင်ငံ၏ နယ်ခြားမြို့တစ်မြို့လည်း ဖြစ်ပါသည်။

သို့သော် ထိုနယ်ခြား နယ်စပ်မြို့ကလေးသည် လူနေအိမ်ခြေ မရှိသလောက်သာရှိ၍ အဆောင့်များ ချထားခြင်း မရှိပါ။

ဒါပေမယ့် စားနပ်ရိက္ခာများ ပို့ဆောင်ရန် ခက်ခဲခြင်း၊ ခရီးလမ်း ကြမ်းတမ်းခြင်းတို့ကြောင့် လူသူမနေသော ခံတပ်ဟောင်းတစ်ခုသာ ဖြစ်နေလေသည်။

ကျန်မင်းခံတပ် ကျော်သွားသည်နှင့် လမ်းကြောင်းသည် ဖြောင့်မတ်နေသည်။ ဖြောင့်ဖြူးသောလမ်းဟု ဆိုရပါမည်။

လမ်း၏တစ်ဖက်တစ်ချက်တွင် ထင်းရှူးပင်ပေါင်း များစွာသည် မိုင်ပေါင်းများစွာ ရှည်သည်အထိ စီတန်းစိုက်ပျိုးထားလေသည်။

"ဒီလမ်းကနေ ဆယ်မိုင်လောက်သွားရင် ခရီးသည်တွေ နားဖို့ စခန်းရှိတယ်၊ အဲဒီစခန်းမှာ စားစရာ အစုံအလင် ရောင်းတယ်"

လီစုကျို၏မြင်းရှေ့မှ လားတစ်ကောင်ကိုဆွဲ၍ သွားနေသူ ခရီးသွားလမ်းပြက သမင်လည်ပြန်ကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်သည်။

အမှန်မှာ လီစုကျိုသည် ထူးနိုင်ငံသို့ လာရောက်ရန် မဝံ့မရဲ ဖြစ်နေသည်။ ခရီးလမ်းလည်း မကျွမ်းပါ။

ရှန်နိုင်ငံသားတစ်ယောက်အနေဖြင့် ရန်သူဖြစ်သော ထူးနိုင်ငံကို လျှို့ဝှက်စွာ ဝင်ဖို့ရာမှာ အင်မတန်မှ ခဲယဉ်းပါသည်။





ယခု လီစုကျိုနှင့်အတူ ထူးနိုင်ငံသား ဖန်ချို ပါလာသည်။ ဖန်ချိုသည် လားတစ်ကောင်၏ ကျောကုန်းပေါ်၌ ရှိနေ၏။

အမှန်တကယ်တော့ ဖန်ချိုမှာ အဆိပ်မိသွားသော်လည်း အသက်မသေသေးပါ။ သို့အတွက်ကြောင့် လီစုကျို ထူးနိုင်ငံသို့ ဝင်ရောက်လာခြင်း ဖြစ်ပါသည်။

သူသည် မိုးတဖွဲဖွဲကြားမှ ခေါင်းအေးအေးဖြင့် တွေးတောနေသည်။

သူ၌ တွေးစရာ အများအပြားရှိနေသည် မဟုတ်ပါလော။

လီစုကျို ထူးနိုင်ငံသို့ရောက်လျှင် မည်သို့ပြုလုပ်မည်၊ မည်သို့ပြောဆိုမည်ကို အသေးစိတ် တွေးရမည်ဖြစ်သည်။

အထူးသဖြင့် သူ၏လုပ်ဆောင်ချက်များ၊ ပြောဆိုပုံမှုချက်များသည် ဖန်ချို၏ မိသားစုအား ယုံကြည်နိုင်လောက်အောင် ပြောဆိုနိုင်မှသာလျှင် သူ၏အသက် ချမ်းသာရာရမည်။

သူ၏ အကြံအစည် အောင်မြင်မည် ဖြစ်ပါသည်။

ဤသို့ ပြောဆိုရမည့် စကားသည်လည်း ယုတ္တိရှိဖို့လိုသလို စီစဉ်ထားသည့် အကွက်ထဲသို့ တိကျစွာဝင်ဖို့လည်း လိုသည်။

နောက်တစ်ချက်က အလွန်အရေးပါသော ကိစ္စရပ်တစ်ခု ဖြစ်နေပြန်သည်။

ထိုကိစ္စကား အစိမ်းရောင် ကျားရုပ်။

အဆိုပါ ကျားရုပ်ကို ကျောက်စိမ်းဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။

ဤအစိမ်းရောင် ကျောက်စိမ်း ကျားရုပ်ကို ချင်းရှောင်မုန်းစုကိုယ်တိုင် သူ၏လက်ထဲသို့ အပ်နှံလိုက်ခြင်း ဖြစ်ပါသည်။

သူ စဉ်းစားမရသည့်အချက်မှာ ကျောက်စိမ်းကျားရုပ်ကို အဘယ်ကြောင့် ကွမ်းစန်ချိန်းထံသို့ အပ်နှံပါရန် အတန်တန် ပြောဆိုခဲ့သနည်း။

အလေးအနက် မှာခဲ့သည်။

မည်သည့်အကြောင်းကြောင့် အပ်နှံခိုင်းရပါသနည်း။

အဖြေကတော့ ရှိမည်။

သို့သော် လီစုကျိ အဖြေကို မသိပါ။

အဖြေက ခက်ခဲသိမ်မွေ့ လျှို့ဝှက်လွန်းနေလေသည်။

သူသည် လမ်း‌ရှောင် ချင်းရှောင်ဖုန်းစုနှင့် ခွဲခွာခဲ့စဉ်က မှာကြားခဲ့သော၊ မှာကြားလိုက်သော စကားကို ပြန်လည် ကြားယောင်နေရပြန်သည်။

"လီစုကျိ....မင်းစိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ဘဘ သိပါတယ်၊ ဒါပေမယ့် ကွမ်းစန်ချိန်းကို မင်း ကလဲ့စား မချေမီ ဒီကျောက်စိမ်း ကျားရုပ်ကို သူ့လက်ထဲအပ်ပေးဖို့ တော့ ဘဘ အတန်တန် မှာလိုက်ပါရစေ"

လီစုကျိ တွေးရင်းမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ၏အိတ်ထဲမှ ကျောက်စိမ်းကျားရုပ်ကို လက်ဖြင့် မသိမသာ စမ်းကြည့်လေသည်။

ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ကျားရုပ်ကလေး တစ်ရုပ်သာ ဖြစ်သည်။

ချင်းရှောင်ဖုန်းစုသည် ပညာရှိအမတ်ကြီးတစ်ယောက်သာ ဖြစ်သည်။





အဓိပ္ပာယ်ကင်းမဲ့သောအလုပ်မျိုးကို မည်သည့်အခါမှလုပ်လေ့မရှိဟုလည်း သူ နားလည်ထားသည်။

ထို့ကြောင့်....

အဆိုပါ ကျောက်စိမ်းကျားရုပ်တွင် မည်သည့်လျှို့ဝှက်ချက်များ ရှိနေပါသနည်း။ မိုးဖွဲများကြားမှ လေကပါတိုက်ခတ်လာသဖြင့် ဆီစိမ်စက္ကူထီးကလေး တစ်ချက် လွင့်သွားလေသည်။

သူသည် ကွေ့ကောက်၍ မတ်စောက်သော လမ်းကလေးပေါ်မှ ချော်မကျသွားစေရန် မြင်းကို ဝီရိယကြီးစွာဖြင့် ထိန်းထားရသည်။

ယခု သူသည် ကျန်မင်းခံတပ်မှ ကျော်လွန်လာပြီ ဖြစ်သည်။

သို့သော်....

လီစုကျိ အသက်ရှင်၍ ပြန်လာနိုင်ပါမည်လော။

သူ မတွေးဝံ့ပါချေ။

*　　*　　*

လီစုကျိ ရုတ်တရက် ဝီချင်ဖုံးအား သတိရလာလေသည်။ လွမ်းဆွတ်သတိရခြင်း၏ အရသာကို ယခုမှ သူ ကောင်းကောင်းကြီး ခံစားလာရလေသည်။

ဝီချင်ဖုံးသည် မိမိ လက်ထပ်ပြီးခါစဇနီး ဖြစ်သည်။ မိန်းမမြတ်တစ်ယောက်၏ ကျင့်ဝတ်ရှိသူတစ်ယောက် ဖြစ်သည်။

ဒါပေမယ့် မိဖိလည်း လင်ယောကျ်ားကောင်းတစ်ယောက် ဖြစ်မလာခဲ့ပါ။ သူသည် အကြောင်းအမျိုးမျိုးကြောင့် ဇနီးထံသို့ မိမိ၏ အခြေအနေအရပ်ရပ်ကို သတင်းမပို့နိုင်ခဲ့ပါ။ ပို့နိုင်ခြင်း မရှိခဲ့ပါချေ။

တွေးရင်းမှ လီစုကျိ သက်ပြင်းတစ်ချက် ချလိုက်သည်။

ညီမဖြစ်သူ ချိန်းချိန်းကော၊ အိမ်ထောင်တစ်ခုလုံးအား ထိန်းသိမ်းနိုင်စွမ်း ရှိပါ၏လော။

သူသည် တွေးရင်းတွေးရင်း မျက်ရည်ဥများက မျက်အိမ် တစ်ထောင့်မှ ပြူထွက်လာလေတော့သည်။

ထိုစဉ်....

လေသည် ခပ်ပြင်းပြင်း တစ်ချက် တိုက်ခတ်လိုက်သဖြင့် သူ့လက်ထဲရှိ ဆီစိမ်စက္ကူထီးသည် လေထဲသို့ လွင့်ပါသွားလေတော့သည်။

အေးစက်သော မိုးဖွဲကလေးများသည် လီစုကျိ၏ ခန္ဓာကိုယ်တစ်ခုလုံးအား အရိုးပင် အေးစိမ့်လုမတတ် စိုရွှဲသွားစေသည်။

လီစုကျိ သက်ပြင်းတစ်ချက်ချလိုက်သည်။

သက်ပြင်းချမှုမှတစ်ပါး သူသည် မည်သို့လုပ်နိုင်ပါဦးမည်နည်း။

* * *

ထူးနိုင်ငံ၏လမ်းပန်းဆက်သွယ်ရေးသည် အလွန်မှ ကြမ်းတမ်းခက်ထန်လှသည်။





နေကို မြင်ရခဲသည်။

တစ်လလုံးနေမှ သုံးရက်ထက် ပိုမမြင်ရပါ။ နေကိုမြင်ရသည့်နေ့သည် ထူးနိုင်ငံအတွက် အထူး ပျော်ရွှင်သောနေ့တစ်နေ့ပင် ဖြစ်ရသည်။

ထို့အတူ....

ထူးနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးသည်လည်း အလွန်ညံ့ဖျင်းလှသည်။

လမ်းသည် သုံးမိုင်ခန့်သာ ဖြောင့်ဖြောင့်ဖြူးဖြူး ရှိသည်။

ထူးနိုင်ငံ၏ ရာသီဥတု ကြမ်းတမ်း၍ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းပုံကို ကဗျာဆရာတို့ကပင် စာချိုးကြသည်။

ဝတ္ထုရေးဆရာတို့က ပြောင်မြောက်သောဝတ္ထုကို ရေးဖွဲ့တင်ပြကြလေသည်။

ထူးနိုင်ငံသည် တစ်လလျှင် နေ သုံးကြိမ် တွေ့ရခဲသည်။ ဒါကြောင့် နေသုံးစင်းထွက်နိုင်ငံဟု အချို့က ခေါ်ကြသည်။

လမ်းကလည်း ဖြောင့်ဖြူးခြင်း မရှိပါ။

အတက်အဆင်း အကွေ့အကောက် အလွန်များသည်။

ဒါကြောင့် အချို့က ကွေ့ကောက်သောနိုင်ငံကလေးဟု ပြောဆိုခြင်း ပြုတတ်သည်။

ယခု....

လီစုကျိ ရပ်နားနေသောနေရာသည် လမ်းအကွေ့တစ်ခု၌ ရပ်နားခြင်းဖြစ်သည်။

သူ ရပ်နားလိုက်သည့်နေရာ၌ သက်ငယ်ဖြင့် အမိုးပြုလုပ်ထားသော တဲတစ်လုံးရှိနေသည်။ သို့အတွက်ကြောင့်လည်း ခရီးသည်များ ဤတဲတွင် နားနေတည်းခိုကြရသည်။

ထို့ကြောင့်....

ဤတဲကလေးအတွင်း၌ စားသောက်ဖွယ်ရာများ အရက်များ မုန့်များ ရောင်းချပေးလေသည်

လမ်းကြမ်းကြမ်းမှ တစ်နေကုန် ခရီးနှင်လာသူ တစ်ဦးတစ်ယောက်အဖို့ ယခုကဲ့သို့ အေးချမ်းသော နေရာကလေးကို ရောက်ရှိခြင်းသည် သုခဘုံသို့ ရောက်ရှိသလို ခံစားရလေသည်။

သူ့ဘဝသည် ဤအတိုင်း ဖြစ်နေသည် မဟုတ်ပါလော။

အချို့က နားချင်ကြသည်။

နားမရပါ။

အကြောင်းကား....

လူသားတိုင်းသည် အိမ်ထောင်တစ်ခုလုံး၏ စားဝတ်နေရေးများ၊ လုပ်ငန်းဆောင်တာများကို ကျောပွတ်တည်းဟူသော ဘဝအာမခံချက် ရရှိရေးက သင့်အား အနား မယူနိုင်အောင် မောင်းနှင်နေသည် မဟုတ်ပါလော။

သီစုကျီသည် ပူစပ်ပူလောင်နိုင်လှသော အရက် တစ်ပန်းကန်ကို မော့ချလိုက်သည်။ ထိုအခါ တစ်နေကုန် ပင်ပန်းသမျှ ကုန်ဆုံးသွားသော အားအင်များ နေရာတွင် အားအင်အသစ်များ တိုးပွားသည်ဟု ထင်ရသည်။





အားအင်များ တိုးပွားလာမှုကို ခံစားရင်း သီစုကျီ နောက်ထပ် အရက်တစ်ပန်းကန်သောက်ရန် လက်လှမ်းလိုက်စဉ်မှာပင် ထမ်းစင်နှစ်ခုက သူ၏မြင်ကွင်းထဲတွင် ပေါ်လာလေတော့သည်။

* * *

ထမ်းစင်....

ကုလားထိုင်တစ်လုံးအား ဝါးလုံးနှစ်လုံးဖြင့် ဝဲယာတစ်ဖက်တစ်ချက်စီမှ ချည်နှောင်ထားသော ခရီးသွားကိရိယာတစ်မျိုးဖြစ်သည်။

ခရီးသည်က ထိုဝါးကုလားထိုင်ပေါ်တွင်ထိုင်၍ လူနှစ်ယောက်က ရှေ့နောက်ထမ်းရခြင်း ဖြစ်ပါသည်။

ဝါးကုလားထိုင်ပေါ်တွင် ထိုင်နေသောခရီးသည် မည်မျှပင်ဝပါစေ။ လမ်းက မည်မျှပင်ကြမ်းပါစေ၊ ထမ်းစင်သမားတို့သည် လိုရာခရီးကို ချောမောစွာ ပို့ဆောင်ပေးနိုင်စွမ်းရှိပါသည်။

ဤသည်မှာ ထမ်းစင်သမားကောင်းတို့၏စွမ်းဆောင်နိုင်မှုသို့မဟုတ် အရည်အချင်းကောင်း တစ်ရပ်ပင် ဖြစ်လေသည်။

နောက် အကြောင်းတစ်ချက်ကား....

ထိုလုပ်ငန်းစဉ်ကို လုပ်ကိုင်နေကြသူများသည် သူတို့မျိုးရိုးစဉ်ဆက် လုပ်ကိုင်စားသောက် နေကြသောကြောင့်လည်း ပါဝင်သည်။

လီစုကျိသည် ထိုကဲ့သို့ ထမ်းစင်၏ သတင်းကို နားဖြင့်သာ ကြားဖူးပါသည်။ မမြင်ဖူးခဲ့ပါ။

ယခုတော့ လီစုကျိ သူ၏မျက်စိဖြင့် အတိုင်းသား မြင်တွေ့နေရလေပြီ။ သူ၏စိတ်ထဲတွင်လည်း ဗဟုသုတတစ်မျိုး ရပြီဟု တွက်လိုက်သည်။

အထမ်းသမားက ပိန်ပိန်ပါးပါး လူနှစ်ယောက်ဖြစ်သည်၊ ပိန်နေသည်မှာ ဝါးခြမ်းပြားကဲ့သို့ပင် ဖြစ်နေသည်။

ထို ပိန်ပိန်ပါးပါး လူနှစ်ယောက်က အလွန်အလွန်မှဝလွန်းသော လူတစ်ယောက်ကို ပေါ့ပါးစွာ ထမ်းလာပြီး တဲရှေ့တွင် ရပ်နားလိုက်ကြလေသည်။

ကုလားထိုင်ပေါ်မှလူသည် အလွန်ဝသည်။

လီစုကျိမှာ လူဝကြီးကိုကြည့်ပြီး အံ့သြနေသည်။ သူ ဤမျှဝသောလူမျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါ။

ယခုမှ လူ ပထမဦးဆုံးအကြိမ် တွေ့ဖူး၍ တအံ့တသြဖြစ်နေခြင်းပင်။

* * *

ဝလွန်းသောသူသည် ဝရုံသာမက ရုပ်ကလည်းအင်မတိအင်မတန် ဆိုးပါသည်။

သို့သော်....

ထိုလူဝကြီး၏ အဝတ်အစားများမှာမူ အလွန်အဖိုးထိုက်တန်သော ပိုးဖဲကတ္တီပါစဖြင့် ချုပ်လုပ်ထားသည်။





သူနှင့်အတူ ထမ်းစင်တစ်ခုပေါ်မှ သူ၏အဖော်သည် ရုပ်ရည်ချောမောသော ယောကျ်ားတစ်ဦး ဖြစ်သည်။

ထိုလူ၏ရုပ်သွင်သည် ယောကျ်ားပီသပြီး ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသူတစ်ဦး ဖြစ်ပါသည်။

ထမ်းစင်မြေပေါ်သို့ ချလိုက်သည်နှင့် ဝလွန်းသော လူဝကြီးသည် တဲထဲသို့ ဝင်လာသည်။

လူဝကြီးနောက်မှ ရုပ်ရည်ချောမောသောလူက ကပ်လျက်လိုက်ပါလာလေသည်။

တဲထဲသို့ ဝင်လာသော လူဝကြီးမှာ ခြေသုံးလေးလှမ်းခန့် လှမ်းလိုက်သည်နှင့် အလွန် မောဟိုက်သွားသည်။

သူက ခြေလှမ်းများကို ချက်ချင်းရပ်လိုက်ပြီးနောက်အနီးဆုံး စားပွဲတွင် ထိုင်ချလိုက်သည်။

ကုလားထိုင်ပေါ် ဝယ် ထိုင်ချမိချိန်၌ သူ၏ ကြီးမားသော လက်တစ်ဖက်ကို ဖြန့်လိုက်သည်။ ထိုအခါ လူဝကြီး၏ လက်ချောင်းများပေါ်၌ ပတ္တမြားလက်စွပ်များ အပြည့်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ဤတွင်....

လူဝကြီး၏ အနီးသို့ရောက်လာသော ရုပ်ချောချောသူက မြူဖွေးသန့်ရှင်းနေသော လက်ကိုင်ပဝါတစ်ထည်ကို လှမ်းပေးလိုက်လေသည်။

လှမ်းပေးလာသော လက်ကိုင်ပဝါကို လူဝကြီးက လှမ်းယူရင်း ချွေးများကို သုတ်သည်။ ချွေးသုတ်ရင်းမှ သူက....

"အင်း....ကျုပ်လဲ ဒီရက်ပိုင်းအတွင်းမှာ နည်းနည်းပိန်သွားတယ်နဲ့ တူတယ်"

ရုပ်ချောချောလူက ဦးခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်၊ နည်းနည်းပိန်သွားသလိုပဲ၊ အဲဒီတော့ အစားများများ စားစားပေးပါ"

လီစုကျိမှာ လူဝကြီးစကားကိုကြားလိုက်ရသည်နှင့် အရက်သောက်လိုစိတ်ပင် ကုန်ခန်းသွားရလေတော့သည်။

သူက သောက်ရန် ကိုင်ထားသော ပန်းကန်လုံးကို ချလိုက်ပြီးမှ သူ၏ ဝဲဘက်စားပွဲတွင် အဘိုးအိုတစ်ယောက် ထိုင်နေသည်ကို ဘာတိပြုမိလိုက်လေသည်။

ထိုအဘိုးအိုသည် အရောင်လွင့်နေသော အပြာရောင်အ?တ်များကို ဝတ်ဆင်ထားသည်။

အဘိုးအိုက စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ချကာ အရက်သောက်နေသည်။

လီစုကျိက အရက်ကို ပန်းကန်လုံးထဲသို့ ထပ်မံငှဲ့လိုက်၏။ အရက်ငှဲ့ပြီးသား ပန်းကန်လုံးကိုယူ၍ ခမော့်ချ လိုက်သောအချိန်တွင် တဲအတွင်းသို့ လူ (၆) ယောက် ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

★



အခန်း (၁၁)

## လူ (၆) ဖော်

လူ (၆) ယောက်....

တဲထဲဝင်လာသူမှာ လူ (၆) ယောက် ဖြစ်သည်၊ ဝင်လာသူ (၆) ယောက်စလုံးက တူညီသော ဝတ်စုံများကို ဝတ်ဆင်ထားသည်။

သူတို့ (၆) ဦး၏ ဦးခေါင်းထက်၌လည်း ခမောက်ဝိုင်းများကို ဆောင်းထားကြပြန်သည်။

ခမောက်များကို ရှေ့သို့ စိုက်ကာ ဆောင်းထားသောကြောင့် သူတို့ (၆) ဦး၏မျက်နှာကို ထင်ထင်ရှားရှား မတွေ့ရပါ။

ထိုလူ (၆) ယောက်၏ ခြေလှမ်းသည် မြန်ဆန်လှပြီး ခိုင်မြဲနေသည်။

၎င်းသည်ကိုကြည့်ရခြင်းဖြင့် ထိုလူ (၆) ယောက်မှာ သိုင်းအကျော်အမော်များ ဖြစ်မည်မှာ ကောန်ပင်။

သူတို့သည် ခေါင်းကလေးများငုံ့ကာ တဲထဲသို့ ဝင်ရောက်လာကြလေသည်။

ဝင်လာသူ (၆) ယောက်စလုံးမှာ အတူတူ လာကြသည်မှာ မှန်သည်။ သွေးသောက်ရောင်းရင်းများလည်း ဖြစ်ပုံပေါ်သည်။

သို့သော် တဲအတွင်း၌ နေရာယူလိုက်ကြပုံမှာ အတူတကွ နေရာမယူကြပါ။

လူ (၆) ယောက်က စားပွဲခြောက်လုံးတွင် တစ်ယောက်တစ်လုံးစီ နေရာယူထားသည်။

သူတို့ စားပွဲခြောက်လုံးတွင် နေရာယူထားပြီးနောက် လက်ထဲမှ ပါလာသော အထုပ်များကို စားပွဲပေါ်သို့ ပြိုင်တူလိုလို တင်လိုက်ကြလေသည်။

ထိုအထုပ်များသည် အချို့ကရှည်သည်၊ အချို့ကတိုသည်။ စားပွဲပေါ်သို့ တင်လိုက်သော အထုပ် ခြောက်ထုပ်မှာ အချို့က တစ်ပေခန့်ပင်ရှည်သည်။ အချို့က ခြောက်ပေခန့် အထိပင် ရှည်လေသည်။

ထိုအထုပ်များမှာ သူတို့လက်ထဲတွင် ပေါ့ပါးသည်ဟု ထင်ရသော်လည်း စားပွဲပေါ်သို့ တင်လိုက်သောအခါ စားပွဲလေးလုံးများပင် ကျိုးသွားမလားဟု ထင်ရလောက်အောင် လေးလံနေသည်ကို တွေ့ရလေသည်။

တဲထဲတွင် ဦးစွာရောက်ရှိနေကြသူ ခရီးသွားအပေါင်းတို့မှာ သူတို့အား ငေးကြည့်နေကြသည်။





တကယ်တော့ ထိုလူ (၆) ယောက်သည် ထိပ်တန်း သိုင်းသမားများဖြစ်ကြသည်ဟု မြင်သူတိုင်းကပင် သိကြလေသည်။

သူတို့ယူဆောင်လာသော အထုပ်များမှာ လူသတ်လက်နက်များ ဖြစ်နေမည်လော။

* * *

လူ (၆) ယောက်သည် တစ်စုတစ်ဝေးတည်း မထိုင်ပါ။ တစ်ယောက် စားပွဲတစ်လုံးစီ ထိုင်ကြခြင်းဖြစ်သည်။ ခွဲထိုင်လိုက်ကြခြင်းသာ ဖြစ်သည်။

အကယ်၍ အဆိုပါ ထိုင်ခြင်းမျိုးကို ရိုးရိုးတန်းတန်း ကြည့်လျှင် မည်သို့မျှ ထူးခြားချက် မရှိသည်ကို တွေ့ရမည်ဖြစ်သည်။

သို့သော် တိုက်ခိုက်ရေးရာတွင်ကျွမ်းကျင်သူလူတစ်ယောက်အဖို့ကား ထိုလူ (၆) ယောက် ထိုင်နေပုံကို ကြည့်ရခြင်းအားဖြင့် အဆိုပါ လူ (၆) ယောက်သည် တဲအတွင်း ထိုင်နေသူ အားလုံးကို ထွက်ပေါက် မရှိအောင် ပိတ်ဆို့ထားခြင်း ဖြစ်ကြောင်း နားလည်လိုက်လေသည်။

တိုက်ခိုက်ရေး ကျွမ်းကျင်ပြီး အတွေ့အကြုံ ရင့်ကျက်သော တိုက်ခိုက်ရေးသမားများမှသာလျှင် တဒင်္ဂအချိန်တွင် ဤကဲ့သို့ နေရာမျိုး ခွဲဝေယူထားတတ်သည် မဟုတ်ပါလော။

တူညီဝတ်စုံဝတ် လူ (၆) ယောက်စလုံး ခေါင်းငုံ့ကာ ထိုင်နေသည်။

သို့သော် သူတို့၏ လက်တစ်ဖက်စီကမူ စားပွဲပေါ်ရှိ အထုပ်ကို ဆုပ်ကိုင်ထားကြလေသည်။

ထိုလူ (၆) ယောက်အနက် လီစုကျီနှင့် စားပွဲတစ်လုံးခြားတွင် အဘိုးအိုတစ်ဦး ထိုင်နေသည်။ အဆိုပါ အဘိုးအိုက လီစုကျီအား ကြည့်ကာ....

"အပြင်ဘက်က လားပေါ်မှာ လူနာတစ်ယောက် ရှိနေတယ်၊ အဲဒါ ဘယ်သူ့အဖော်လဲ" ဟု မေးလိုက်လေသည်။

အဘိုးအို၏ ရုတ်တရက် မေးလိုက်သော မေးခွန်းကြောင့် လီစုကျီက စိတ်ထဲမှ တွေးလိုက်သည်။

"အင်း.... ကောင်းကောင်း နေရမှာ မဟုတ်တော့ဘူး အနှောင့်အယှက်တော့ လာပြီနဲ့တူတယ်"

သူက တွေးရင်း သက်ပြင်းတစ်ချက် ချလိုက်ပြီး....

"ကျွန်တော့်အဖော်ပါဗျာ" ဟု ပြန်ပြောလိုက်လေတော့သည်။

သူတို့နှစ်ဦး အပြန်အလှန် ပြောဆိုကြသော စကားသံများကို ကြားလိုက်ကြသော စားသောက်နေကြသူအပေါင်းမှာ တစ်သုတ်ပြီးတစ်သုတ် ငွေများ အလျင်အမြန် ရှင်းကာ ထိမ်းရှောင်သွားကြလေသည်။

ထိုအချိန်၌ လူဝကြီးမှာ စားပွဲပေါ်မှ ဟင်းခွက်များကို တစ်ခွက်ပြီးတစ်ခွက် ယူစားနေ၏။ သူ အစာကို အငမ်းမရ စားနေခြင်းဖြစ်သည်။





ဤတွင် အထုပ်အရှည်ဆုံး ယူလာသောလူက သူထိုင်နေသော စားပွဲမှထကာ အထုပ်ကိုယူလာပြီး လီစုကျီ၏ စားပွဲသို့ ကူးလာသည်။

"နေကောင်းတယ်နော်"

ကိုလူက လီစုကျီအား နှုတ်ဆက်လိုက်လေသည်။

လီစုကျီက သက်ပြင်းတစ်ချက်ချပြီး....

"ခရီးတစ်လျှောက်လုံးတော့ ကောင်းလာပါတယ်၊ ဒါပေမယ့် အခုတော့ အခြေအနေ သိပ်မကောင်းဘူးလို့ ထင်တယ်ဗျ"

ထိုလူက ပြုံးလိုက်ပြီး....

"တကယ်တော့ မင်းက လူပါးပါကွာ၊ မဆိုင်တဲ့ကိစ္စ ဝင်မရှုပ်ရင်တော့ အခြေအနေ မကောင်းစရာ မရှိပါဘူး"

လီစုကျီက မျက်မှောင်ကုတ်လျက်....

"ကျွန်တော်က ကျွန်တော်နဲ့ မဆိုင်တဲ့ကိစ္စဆိုရင် ဝင်မရှုပ်တတ်ပါဘူးဗျာ"

ထိုလူက ခေါင်းညိတ်ပြလိုက်သည်။

သူက ထပ်မံပြီးနောက်....

"ကောင်းတယ်၊ ဒါကြောင့် မင်း အမြန်ဆုံး ဒီနေရာက အခုချက်ချင်းပဲ ထွက်သွားပါ"

သူ့စကားကြောင့် လီစုကျီ နားမလည်နိုင်အောင်ဖြစ်သွားသည်။ သူက ငေးကြောင်ကြောင် မျက်လုံးများဖြင့်....

"ကျွန်တော့်ကို သွားခွင့်ပြုတယ် ဟုတ်လား"

ဟုတ်မှန်ကြောင်း ထိုလူက ခေါင်းညိတ်လိုက်သည်။

ခေါင်းညိတ်ပြပြီးသည်နှင့် ထိုလူက အထုပ်ကိုင်ထားသော လက်ကို တစ်ချက် လှုပ်ခါလိုက်ရာ သူ၏ လက်တွင် ဓားရှည် တစ်လက် ရောက်ရှိလာလေတော့သည်။

ထိုသူက ဓားရှည်ကို ဆကိုင်လိုက်ပြီး....

"ဒါပေမယ့် မင်းရဲ့ လားပေါ်မှာ ရှိနေတဲ့ လူကိုတော့ ထားခဲ့ရလိမ့်မယ်" ဟု ပြောလိုက်လေတော့သည်။

* * *

လီစုကျိ ပခုံးတစ်ချက် တွန့်လိုက်သည်။

သူက အမိန့်ပေးသူကို ပြုံးကြည့်လိုက်ပြီး....

"ဘာလဲ....ခင်ဗျားက ရယ်စရာ ပြောနေတာလား၊ လားပေါ်ကလူဟာ ကျွန်တော့် မိတ်ဆွေတစ်ယောက်ပါ၊ သူ အခု အပြင်းအထန် ရောဂါဝေဒနာတစ်ခုကို ခံစားနေရပါတယ်၊ သူ့ကို အချိန်မီ ဆေးကုသနိုင်ဖို့ ကျွန်တော်က အပင်ပန်းခံပြီး လိုက်ပို့နေတာပါ၊ ခင်ဗျားတို့က ဘာဖြစ်လို့ သူ့ကို ထားခဲ့ဖို့ ပြောနေရတာလဲ၊ သူက ခင်ဗျားတို့အပေါ်မှာ တကယ်လို့ အကြွေးဆပ်စရာရှိနေရင်လဲ ကျွန်တော်ပဲစိုက်ပြီး ဆပ်ပါ့မယ်ဗျာ"

လီစုကျိစကားကို ကြားလိုက်ရသော ထိုလူက မဲ့ပြုံးပြုံးလိုက်ပြီး....

"မင်းက သူ ဘယ်သူလဲဆိုတာ မင်းသိလား"

သူက ခေါင်းညိတ်လိုက်ပြီးနောက်....





"သိတာပေါ့၊ သူ ထူးနိုင်ငံသားပါ၊ ကုန်သည်တစ်ယောက်ပါပဲ၊ သူ့မိဘက သိပ်ချမ်းသာတယ်ဆိုပဲ"

ထိုလူက မဲ့ပြုံးပြုံးလိုက်ပြီးလျှင်....

"သူက မင်းထင်သလို ကုန်သည် မဟုတ်ဘူးကွ၊ သူက ထူးနိုင်ငံရဲ့ ထောက်လှမ်းရေးမှူး သုံးယောက်အနက်က နံပါတ်သုံးဖြစ်တယ်၊ သူက အလွန် ကြောက်စရာကောင်းတဲ့လူကွ၊ ဒါကြောင့် သူ့ကို တို့လက်ထဲအပ်ပါ"

သူ့စကားကြောင့် လီစုကျိ အတန်ကြာအောင် မျက်မှောင်ကုတ် စဉ်းစားနေလေသည်။ ပြီးမှ သူက....

"အခုတော့ ကျွန်တော် သူ့ကို မပေးနိုင်သေးပါဘူး၊ ကျွန်တော် တာဝန်က သူ့ကို သူ့မိဘလက်ထဲ အပ်လိုက်ဖို့ပဲ၊ ဒါဆို ကျွန်တော် ဘာ နံကျေပြီ၊ အဲဒီအခါကျမှ ခင်ဗျားတို့က သူ့ကို လုပ်ချင်သလို လုပ်ကြပါ၊ ကဲ....ဘယ်လိုလဲ၊ ကျွန်တော့် အကြံ မကောင်းဘူးလား"

လီစုကျိစကားကြောင့် ထိုလူမှာ မျက်မှောင်ကုတ်သွားရလေသည်။

ချက်ချင်းပင် သူ၏ မျက်လုံးအစုံသည် ဒေါသရောင်များ ယှက်သန်းလာလေတော့သည်။

ထိုလူက အံတင်းတင်းကြိတ်ပြီး...

"မင်းက ဘယ်လိုလဲကွ၊ ငါတို့က မင်းကို မသတ်ချင်လို့ မင်း အတွက် အကောင်းပြောနေတာ၊ မင်းနားလည်ထားကွ"

လီစုကျိက ပခုံးတစ်ချက်တွန့်လျက်....

"ကျွန်တော် နားလည်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်က ဒီလူကို အိမ်အထိ ရောက်အောင် ပို့ပေးပါမယ်လို့ ကတိပေးထားလို့ပါ"

သူ၏စကားကို ထိုလူက ခေါင်းခါယမ်းပြလိုက်သည်။

ထိုလူက ဓားကို တစ်ချက်လှုပ်ယမ်းလိုက်ပြီးနောက်....

"ကဲ....ဒီမှာ မင်း ဘာမှ ရှည်ရှည်ဝေးဝေးပြောပနေနဲ့တော့၊ အခုပဲ မင်း မြင်းပေါ်ကိုတက်လိုက်ပါ၊ ဒီဆိုင်မှာ မင်း စားသောက်ထားတဲ့ အခကြေးငွေတွေကို ကျုပ်ကဆပ်လိုက်ပါ့မယ်ဗျာ"

ယခုအခါ လီစုကျိုမှာ ဘာပြောလို့ပြောရမှန်းမသိအောင် ဖြစ်နေသည်။

သူ့အနေဖြင့် ထိုလူခြောက်ယောက်အကြောင်းကို ယခုအချိန်အထိ မသိသေးပါချေ။ သို့အတွက်ကြောင့် သူ တွေဝေသွားခြင်းဖြစ်သည်။

သူ မည်သို့ စကားပြန်ပြောရမည်မှန်းမသိ ဖြစ်နေစဉ်မှာပင် သူ့အနီးရှိစားပွဲမှ အဘိုးအိုက အရက်ခိုးဝေနေသော မျက်လုံးများဖြင့် အတင်းအဓမ္မ နှင်နေသောလူကို လှမ်းကြည့်လိုက်သည်။

ထိုနောက် အဘိုးအိုက အော်ဟစ်၍....

"အိုး....ကျုပ်က ဘယ်သူများလဲမှတ်တယ်၊ မင်း လွှမ်မိသားစုက လူတွေပါလားကွ ဟေ"

ဟု နှုတ်ဆက်လိုက်လေသည်။





လွှမ်မိသားစုဟူသောစကားကြောင့် လီစုကျိုရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားရသည်။

အကြောင်းကား....

လွှမ်မိသားစုသည် ယမ်းမှုန့်ဖြင့် လက်နက်ပုန်းပြုလုပ်ရာ၌ ဗမ္မာတစ်ခွင်တွင် ပထမတန်း ကျွမ်းကျင်သူများ ဖြစ်ကြလေသည်။

ထိုမိသားစု၏ လက်နက်ပုန်းပစ်လွှတ်သည့်နေရာတွင်လည်း ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

"ခင်ဗျား....ဘယ်သူလဲ"

ထိုလူက အဘိုးအိုကို အကဲခတ်ရင်း မေးလိုက်လေသည်။ ဤတွင်....

အဘိုးအိုက ယိုင်တီယိုင်ထိုးဖြင့် မတ်တတ်ရပ်လိုက်ပြီး....

"ကျုပ်ကို အရက်ကြိုက်တဲ့အဘိုးကြီးတစ်ယောက်လို့ မှတ်လိုက်ပါ၊ ဟုတ်ပြီလား ဟဲ....ဟဲ....ဟဲ"

ထိုလူမှာ အဘိုးအိုစကားကြောင့် သူ၏မျက်လုံးအစုံ မှေးခနဲ ဖြစ်သွားရလေသည်။

လီစုကျိုသည်လည်း ထိုအခါမှ အဘိုးအိုခါးမှဆေးတံရှည်ကို သတိပြုမိလိုက်လေတော့သည်။ ဆေးတံကိုမြင်လိုက်မှ ဖန်ချို၏အဖွဲ့ဝင်တစ်ဦး ဖြစ်သည်ကို ချက်ချင်းပင် သိလိုက်ရသည်။

တစ်ဖက်မှ အစိမ်းရောင်အင်္ကျီဝတ်လူသည်လည်း ဖန်ချို၏အဖွဲ့ဝင်မှန်း သိသွားရသည်။ သူက အော်ဟစ်ရယ်မောလိုက်ပြီး....

"ဟား ဟား ဟား၊ လက်စသတ်တော့ မင်းကိုး၊ ကျုပ်က တွေ့ချင်နေတာနဲ့ အတော်ပဲ"

အင်္ကျီအစိမ်းဝတ်လူက စကားဆုံးသည်နှင့် လီဗုကျီအား ချိန်ရွယ်ထားသည့် ဓားသည် လမ်းကြောင်း ပြောင်းကာ လျှပ်တစ်ပြက် အဘိုးအိုရင်ဝသို့ ဦးတည်ကာ ထိုးစိုက်ချလိုက်လေတော့သည်။

ထိုအခါ အဘိုးအို၏ခန္ဓာကိုယ် တစ်ဖက်သို့ ယိမ်းယိုင်သွားသည်။

သူ၏ယိမ်းယိုင်ပုံမှာ အသည်းယားစရာကောင်းလှသည်။ အစိမ်းရောင်အင်္ကျီဝတ်လူ၏ ဓားချက်က သီသီကလေးပင် ပွတ်ထွက်သွားသည်။

အဘိုးအိုက အလန့်တကြား အော်ဟစ်၍....

"ဟေ့....မင်း ဘာလုပ်တာလဲ၊ စကားကောင်းကောင်း ပြောပါကွာ"

ယိမ်းယိုင်သွားသော သူ၏ခန္ဓာကိုယ်ကို အနိုင်နိုင်ထိန်းရင်းမှ အပြစ်တင်လိုက်ခြင်းဖြစ်သည်။

အစိမ်းရောင်အင်္ကျီ ဝတ်ထားသူမှာ လူမိသားစုထဲတွင် ဦးဆောင်သူတစ်ဦး ဖြစ်သည်။

သူ့အား လူမိတာဟု ခေါ်ကြလေသည်။

လူမိတာသည် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲလာသူ တစ်ယောက် ဖြစ်သည်။





ယခု သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသော အဘိုးအို ရှောင်တိမ်းလိုက်သော သိုင်းကွက်သည် ရှစ်ထွေအရက်မူးသိုင်းကွက် ဖြစ်သည်။

ဒါကို လူမိတာ ချက်ချင်းပင် သိလိုက်သည်။

တစ်ဆက်တည်းမှာပင် အဆိုပါအဘိုးအိုကို မိမိတစ်ဦးတည်းဖြင့် အနိုင်တိုက်ခိုက်နိုင်စွမ်း မရှိသည်ကိုလည်း သဘောပေါက်လာလေသည်။

ထို့ကြောင့် သူက ကျန်ငါးယောက်ကို တိုက်ပွဲအတွင်းသို့ ပါဝင်လာရန် မျက်ရိပ်ပြလိုက်ရလေတော့သည်။

ကျန်ငါးယောက်အမည်မှာ 'လူမိအော့၊ လူမိစု၊ လူမိခန်း၊ လူမိစူနှင့် လူမိလု'တို့ပင် ဖြစ်ကြလေသည်။

သူတို့ငါးဦးမှာလည်း လူမိတာ၏ အချက်ပြမှုကို စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ပထမဆုံး စထွက်လျှင်ထွက်ချင်း ရန်သူအဘိုးအို၏ သိုင်းကွက်ကို တွေ့မြင်လိုက်သည်နှင့် လူမိတာအတွက် စိုးရိမ်ပူပန်သွားကြပြီဖြစ်သည်။

ယခု....

လူမိတာက သူတို့အားလုံးကို အချက်ပြလိုက်ပြီး ဖြစ်ရာ သူတို့ငါးဦးစလုံး ထိုင်ရာမှ ခုန်ထလိုက်ကြသည်။ ခုန်ထပြီးသည်နှင့် တစ်ပြိုင်နက် အဘိုးအိုအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေတော့သည်။

ယခုအကြိမ်တွင် အဘိုးအိုမှာ ပြောင်ချော်ချော် မလုပ်ရဲတော့ပါ။ စောစောက ပြောင်စပ်စပ် မျက်နှာကို တည်ပစ်လိုက်ရသည်။

တစ်ဖက်ရန်သူက ယခုအချိန်တွင် ခြောက်ယောက်ဖြစ်နေပြီ မဟုတ်ပါလား။

ထို့ကြောင့် အဘိုးအိုသည် သူ တတ်မြောက်ထားသော သိုင်းကွက်များကို တစ်ကွက်ပြီးတစ်ကွက် အစွမ်းကုန် ဖော်ထုတ်ကာ ပြန်လည်ခုခံတိုက်ခိုက်ရလေတော့သည်။

"ထန်း"

"ယား"

"ဝုန်း"

လက်နက်ချင်း ထိခိုက်၍ထွက်ပေါ်လာသော အသံများ အားမာန်သွင်းသံများ၊ စားပွဲခုံများ သဲကျကျိုးသံများဆက်တိုက် ပွက်လောရိုက်ပေါ်ထွက်လာလေတော့သည်။

ဆိုင်တွင် ခင်းကျင်းထားသော ပစ္စည်းများလည်း အဝေးသို့ လွင့်စဉ်ကုန်ကြသည်။

* * *

တကယ်တော့ အဘိုးအိုက ထိပ်တန်းသိုင်းပညာရှင်တစ်ဦးဖြစ်သည်။

သို့သော်....

အမှန်တကယ် လွီခြောက်ဖော်နှင့် တိုက်ခိုက်ရသောအခါ အဘိုးအိုမှာ ဗျာများသွားရလေတော့သည်။





မကြာပါချေ။

အဘိုးအို၏ ပခုံးတွင် လွီတာ၏ ဓားချက် တစ်ချက်မိသွားကာ သွေးများ ဖြာခနဲထွက်လာသည်။

"အွန့်"

လွီလု၏ လှံသွားချွန်က အဘိုးအို၏ ပေါင်ကို စူးနစ်စိုက်ဝင်သွားရာ သူ တစ်ချက်မျှသာ အသံထွက်နိုင်ပြီး မတ်တတ်ရပ်မနေနိုင်တော့ချေ။

ဒါပေမယ့် သူသည် အနိုင်နိုင် ကြိုးစား၍ရပ်ရင်းနောက်သို့ ခုန်ရှောင်လိုက်သည်။

"ဝုန်း"

ရှောင်ရင်းမှ စားပွဲတစ်လုံးပေါ်သို့ ပစ်လဲကျသွားလေတော့သည်။

လွီတာ မဲ့ပြုံးပြုံးလိုက်သည်။

သူက ခြေတစ်လှမ်းချင်းလှမ်းကာ အဘိုးအိုထံသို့လျှောက်သွားလေတော့သည်။

"ကဲ လူစွမ်းကောင်းကြီး ဘယ်လိုလဲ၊ ခု ဘာတတ်နိုင်သေးသလဲ၊ ခင်ဗျား သေဖို့သာ ပြင်ပေတော့"

လွီတာက အော်ဟစ် ကြိမ်းမောင်းလိုက်ပြီး လက်ထဲမှ ဓားကို မြှောက်လိုက်သည်။

မြင်ကွင်းမှာ လီစုကိုအဖို့ အတော်ပင် ခံပြင်းစရာကောင်းနေသည်။

မိမိရှေ့တွင် လူနည်းသမား တစ်ဦးတည်းကို လူများစုက ဝိုင်းဝန်း နိုင်လိုမင်းထက် တိုက်ခိုက်နေသည်။

တကယ်တော့ လီစုကျိ အဘိုးအိုအတွက် ဝင်ရောက်ကူညီလိုသောဆန္ဒရှိနေသည်။ မိမိ၏အင်အားမှာလည်း လူ့ဓခြောက်ဖော်နှင့်ယှဉ်လျှင် မည်သို့မျှ မနိုင်မှန်း သူသိနေသည်။

ထို့ကြောင့် လီစုကျိ မသက်မသာဖြင့် စောင့်ကြည့်နေရလေတော့သည်။

သို့သော်.... လူ့ဓတာ မြှောက်ထားသော လက်သည် အောက်သို့ ကျမလာပါ။

စောစောကလို သူ၏ မျက်နှာသည် အောင်မြင်မှုဖြင့် တောက်ပြောင်မနေတော့ပါ။

ယခု သူ၏ မျက်နှာပြင်မှာ အောင်မြင်မှု အရောင်မှုန်ရှိန်မှုအရောင် ကြောက်ရွံ့မှုသို့ ကူးပြောင်းသွားလေပြီ။

လူ့ဓတာ တစ်စုံတစ်ရာ ကြောက်မက်ဖွယ်ရာများကိုမြင်တွေ့ရသည့်နှယ် ဖြစ်နေလေသည်။

"ဟင်....ထန်ရဲ"

လူ့ဓတာ ထစ်ထစ်ငေါ့ငေါ့ အော်လိုက်သည်။

အော်ရင်းမှလည်း ကျန်လူ့ဓငါးဖော်ကိုခေါ်ပြီး ဆိုင်ထဲမှ ကသုတ်ကရက် ထွက်ခွာသွားလေတော့သည်။

လီစုကျိမှာ လူ့ဓခြောက်ဖော်၏ အပြောင်းအလဲ မြန်ပုံကို ကြည့်ပြီး ကြောင်အမ်းအမ်း ဖြစ်နေသည်။

ထိုစဉ်မှာပင် လဲကျနေသော အဘိုးအိုမှာလည်း လူးလဲထပြီး ခြေထောက် သော့နှင်းသော့နှင်းဖြင့် ဆိုင်ထဲမှ ကပျာကယာ ထွက်ခွာသွားလေတော့သည်။

* * *





ဆိုင်တစ်ဆိုင်လုံး တိတ်ဆိတ်နေလေသည်။

ဆိုင်ပိုင်ရှင်နှင့် ဆိုင်လုလင်များပင် မည်သည့် နေရာသို့ ရောက်ရှိနေမှန်း မသိပါ။

လီစုကျိ၏ လာအဲ့ရန်ငှားလာသောလူကြီးမှာလည်းအရိပ်အယောင်ပင် မတွေ့ရတော့ပါ။

တစ်ဖက်စားပွဲတွင်ရှိသော လူဝကြီးမှာ ယခုအချိန်အထိ စားလို့သောက်လို့ ကောင်းတုန်းပင်။

သူ၏အဖော် ရုပ်ရည်ခန့်ညားသောလူငယ်နှင့် ထမ်းစင်များကို ထမ်းနေသောလူများသည် အစားအသောက်များကို စားသုံးနေကြဆဲ။

အရက်သောက် မပျက်ပါ။

စောစောက ဖြစ်ပျက်ခဲ့သည်များကို သူတို့ ဘာမှမသိသလို စကားပြော မပျက်ကြပါချေ။

လီစုကျိသည် ထိုလူများကို ယခုတိုင် တွေ့နေရသေး၍........

"အင်း....တော်ပါသေးရဲ့၊သူတို့တစ်တွေရှိသေးတယ်၊သွားပြီး အဖော်စပ်ဦးမှပဲ"

သူက ဝမ်းသာအားရရေရွတ်ရင်း အစားအသောက်အငမ်းမရ စားနေသောလူဝကြီးထံသို့ လျှောက်သွားလေသည်။

သို့သော်....

အဘိုးအို လဲကျသွားသောနေရာသို့ လီစုကျိ ရောက်လာသောအခါ သူ၏မျက်လုံးအစုံ ပြူးကျယ်သွားရလေတော့သည်။

တကြောင်းကား....

ထိုစားပွဲပေါ်တွင် ငွေရောင်တဖိတ်ဖိတ်တောက်ပနေသော အပ်ကလေးတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။ အပ်ကလေးမှာ တိုတောင်း သေးသွယ်သော်လည်း မြင်ရသူအဖို့ အသည်းတုန်စရာ ဖြစ်နေသည်။

အပ်ကလေးကို လီစုကျိ တွေ့လိုက်ရသည်နှင့် ထန်ရဲဟူသောအမည်ပါ တစ်ဆက်တည်း တွေးမိလိုက်လေတော့သည်။

လီစုကျိ၏ တာသည် အဘယ်ကြောင့် ထန်ရဲဟု လွှတ်ခနဲ အော်လိုက်ရသနည်း။

နောက် အဘယ်ကြောင့် အထိတ်တလန့် ပြေးထွက်သွားကြကုန်သနည်း။

မည်သည့်အတွက်ကြောင့် တိမ်းရှောင်ပြေးရသည်ကိုလည်း သူ ယခုမှ သဘောပေါက်လိုက်သည်။

လီစုကျိ မျက်မှောင်ကုတ်သွားသည်။

ထိုအကိုးအိုသည် ထန်ရဲပင် ဖြစ်နေသည်လော။

* * *

ထန်ရဲ....

လူတစ်ယောက်၏ အမည်နာမတစ်ခုသာ ဖြစ်လေသည်။

သို့သော်....

ထူးနိုင်ငံ၏ ထောက်လှမ်းရေးမှူးသုံးယောက်အနက် တစ်ယောက်အပါအဝင် ဖြစ်သည်။ ကြောက်မက်ဖွယ်ရာကောင်းသော ထောက်လှမ်းရေးသမားတစ်ဦးပင်....





အဆိုပါ ထူးနိုင်ငံ၏ ကြောက်စရာ အကောင်းဆုံးသော ထောက်လှမ်းရေးမှူးသုံးယောက်မှာ ဆရာဖြစ်သူ ထန်အော၊ ထန်ရဲနှင့် ဖန်ချိတို့ပင် ဖြစ်ကြလေသည်။

ထန်ရဲသည် ဖန်ချိထက်ပင် ကြောက်စရာ အလွန်ကောင်းပါသည်ဟု လီစုကျိက သူ၏ဖခင်မှတ်တမ်းတွင် ဖတ်ခဲ့ရဖူးသည်။

ဤသို့ဆိုလျှင်....

ထန်ရဲ စတင်လှုပ်ရှားမှု ပြုနေပြီလော။

ထောက်လှမ်းရေးမှူးထန်ရဲ၏ ပုံပန်းသဏ္ဌာန် မည်သို့ရှိနေသနည်း။

ယခု....

သူ စွန့်စားရမည့်အလုပ်တွင် ထန်ရဲကိုယ်တိုင် ပါဝင်ပတ်သက်နေပြီလော။

လီစုကျိ တွေးရင်းတွေးရင်းမှ သူ၏ရင်အစုံသည် တဖြည်းဖြည်း လေးလံလာရလေတော့သည်။

★

## အခန်း ( ၁၉ )

## လူဝကြီးနှင့် မင်းသားလေး

လူဝကြီးက ပေါက်စီများကို တစ်လုံးပြီးတစ်လုံး စားနေလေသည်။

သူ့ထံသို့ လီစုကျိ လျှောက်လာသည်ကို တွေ့လိုက်ရသောအခါ ပေါက်စီထည့်ထားသော ပေါင်းချောင်အိုးကို လက်ဖြင့် ကာထားလိုက်သည်။

လက်ဖြင့်ကာရင်းမှ လူဝကြီးက....

"ဟေ့....ခင်ဗျား ကျုပ်ဆီကို ဘာလာလုပ်တာလဲ"

လူဝကြီး၏ ဟန်ပန်အမူအရာမှာ လီစုကျိက သူ၏ပေါက်စီများကို လာရောက်လုစားသည်ဟု ထင်နေသည်။

သို့အတွက် သူက လီစုကျိအား ဆီး၍မေးလိုက်ခြင်းဖြစ်သည်။

လီစုကျိက လူဝကြီးအား တတ်နိုင်သမျှ အချိုသာဆုံး ပြုံးပြလိုက်ပြီးနောက် ပြောလိုက်လေသည်။





"ကျွန်တော့်အဖော် ထွက်ပြေးသွားလို့"

သူကပြောပြီး လူဝကြီးအနီးရှိ လူငယ်အား တစ်ချက်ထပ်ကြည့်လိုက်ပြီးနောက်....

"ကျွန်တော် အဖော်စပ်မလို့ပါ" ဟု ပြောလိုက်လေသည်။

ထိုအခါမှ လူဝကြီးက စိတ်ချဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ရပါတယ်ဗျာ၊ ကျုပ်က အခုတလော နည်းနည်းပါးပါး ပိန်သွားလို့ အစားများများစားမှဖြစ်မှာမို့ အစာကို ဝဝစားပါရစေဗျာ၊ အိုဗျာ....ခေတ်စောတ လူတွေဟာ ကြဲကြဲဖန်ဖန် ထမင်းဆိုင်မှာလာပြီး ရန်ဖြစ်ရတယ်လို့၊ အင်း....တော်တော်ဆိုးတဲ့ လူတွေပဲ"

ထိုအခါ လီစုကျိက ပြုံးလိုက်ပြီး....

"ဟုတ်ပါတယ်ဗျာ၊ ဒီလူတွေဟာ ခင်ဗျား ပြောသလို တော်တော်ဆိုးတဲ့ လူတွေပဲ၊ ကျွန်တော့်အဖော်တောင် သူတို့ကို ကြောက်လို့ ထွက်ပြေးသွားပြီ"

လူဝကြီးက ခေါင်းတစ်ချက်ညိတ်လျက် သူ့အနီးရှိလူငယ်ကိုလည်း ညွှန်ပြလိုက်ပြီး....

"သူ့နာမည် ကျော်ပို့ပါ၊ ဪ....ဒါနဲ့ ခင်ဗျားရဲ့ လားပေါ်က မိတ်ဆွေက ဘယ်သူတဲ့တုံး"

လီစုကျိက....

"ကျွန်တော့်မိတ်ဆွေရဲ့ နာမည်က ဖန်ချီလို့ ခေါ်ပါတယ်၊ ထူးနိုင်ငံက ကုန်သည်တစ်ဦးရဲ့ သားလို့ ပြောပါတယ်"

လူဝကြီးက မျက်မှောင်ကုတ်၍....

"သူက ဘာဖြစ်လာတာလဲဗျ"

လီစုကျိက ခဏမျှ စဉ်းစားပြီး....

"အဲဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူးဗျ၊ ဖန်ချီနဲ့ ကျွန်တော်က တည်းခိုခန်း တစ်ခုမှာ တွေ့ပါတယ်၊ တစ်နေ့ သူ တည်းခိုခန်းကို ပြန်လာတော့ သူ အဆိပ်မိနေတာကို တွေ့ရပါတယ်၊ သူ့ကို ထူးနိုင်ငံကို ပို့ပေးပါလို့ ကျွန်တော့်ကို အကူအညီ တောင်းပါတယ်"

သူက စကားကို ခဏရပ်လိုက်ပြီး လူဝကြီးကို တစ်ချက် ကြည့်လိုက်သည်။

လူဝကြီးမှာ ပေါက်စီကိုစားရင်း စိတ်ဝင်တစား နားထောင်နေလေသည်။

ထိုအခါမှ လီစုကျိက သူ၏စကားကို ဆက်၍....

"သူက သူ့ကို ထူးနိုင်ငံကို အရောက်ပို့ပေးရင် ကျွန်တော့်ရဲ့ ကုန်ကျစရိတ်ရယ်၊ ကုန်ဆုံးသွားတဲ့ အချိန်တွေ အားလုံးကို လျော်ပေးပါ့မယ်လို့ ပြောပါတယ်"

လူဝကြီးက အစားမပျက်ပါ။

ပေါက်စီကို တစ်လုံးပြီးတစ်လုံး စားရင်း စဉ်းစားနေသည်။ ခဏကြာမှ သူက ကျော်ပိုဘက်လှည့်ပြီး....





"ကဲ....အဲဒီလူနာကို မင်းသွားကြည့်လိုက်ပါဦးကွယ်" ဟု ပြောလိုက်လေသည်။

ထိုအခါ ကျော်ပိုက ထိုင်နေရာမှ ထသွားလေတော့သည်။ လူဝကြီးက လက်ကိုင်ပဝါ တစ်ထည်ဖြင့် အေးဆေးစွာ ချွေးသုတ်ရင်းမှ ပြောလိုက်သည်။

"ကျော်ပိုဆိုတာ ဆေးပညာမှာ အလွန် ကျွမ်းကျင်တဲ့ လူတစ်ယောက်ဖြစ်တယ်၊ အင်း...ကျုပ်စိတ်ထင်တော့ ကျော်ပိုဟာ ခင်ဗျားမိတ်ဆွေရဲ့ အသက်ကို ကယ်တင်နိုင်ပါလိမ့်မယ်"

သူက လီစုကျိအား စိတ်ချမ်းသာစေရန် စကားကို ရွေး၍ ဖြေသိမ့်စကားဆိုလိုက်လေသည်။

လီစုကျိမှာ ထိုစကားကို ကြားလိုက်ရသည့်အတွက် ခေါင်း နားပန်းကြီးသွားရလေသည်။

အကယ်၍ ကျော်ပိုသည် လူဝကြီး ပြောသည့်အတိုင်း ဖန်ချီအား ကုသနိုင်ခဲ့လျှင် သူသည် ယခု စွန့်စားရမည့် လုပ်ငန်း အချည်းနှီးဖြစ်သွားမည့်အပြင် ဖန်ချီ၏ တုံ့ပြန်မှုကိုပင် ခံရမည်ဖြစ်သည်။

သို့သော် လီစုကျိက လှုပ်ရှားသွားသောစိတ်ကို လူဝကြီး မသိအောင် လျင်မြန်စွာ ထိန်းချုပ်နိုင်ခဲ့သည်။

သူ၏ မျက်နှာပြင်သည်လည်း ဝမ်းသာအားရ အမူအရာသို့ ပြောင်းလဲသွားသည်။

"ဟာ....ဝမ်းသာလိုက်တာဗျာ"

သူက ပြောရင်းမှ ဖန်ချီထံသို့ ခြေလှမ်း ခပ်သုတ်သုတ် လှမ်းလျက် လျှောက်သွားလေတော့၏။ အကယ်၍ ကျော်ပိုက

ဖန်ချီအား ကုသနိုင်ခဲ့လျှင် သူသည် ဖန်ချီအား အချိန်မီ သုတ်သင်ရမည် ဖြစ်သည်။

သို့မှသာ သူ၏လိမ်လည်မှု မပေါ်မည် မဟုတ်ပါလော။

ထို့ကြောင့် လီစုကျီ ဖန်ချီအနီးသို့ ရောက်လာသောအခါ လက်တစ်ဖက်က ခါးတွင် ချိတ်ဆွဲထားသော ဓားကလေးကို ဆုပ်ကိုင်ထားလိုက်လေတော့သည်။

ယခုအခါ လီစုကျီအနေဖြင့် အခြေအနေ အရပ်ရပ်ကို ကြည့်၍ တိုက်ခိုက်ဖို့သာ ရှိပေတော့သည်။

* * *

ကျော်ပိုက ဖန်ချီကို တစ်ချက်သာ စူးစိုက် ကြည့်လိုက်သည်။

ထို့နောက် သူက သက်ပြင်းရှည်တစ်ချက်ချကာ လီစုကျီကို တစ်ချက်မျှကြည့်ပြီး ဖန်ချီ၏ သွေးကြောများကိုလိုက်လံ စမ်းသပ်နေသည်။

ကျော်ပိုမှာ သမားတော်တစ်ဦး ဖြစ်သည်နှင့်အညီ ဖြည်းညင်းစွာ သွေးကြောများကို နှိပ်နယ်ပေးလိုက်၊ ရပ်လိုက် စဉ်းစားလိုက်ဖြင့် အချိန် အတော်ကြာအောင် နှိပ်ပေးနေသည်။

အတန်ကြာအောင် နှိပ်ပေးလိုက်ပြီးနောက် သူ၏အိတ်ထဲမှ ကြွေဘူးကလေးတစ်လုံး ထုတ်လိုက်သည်။ ဆေးသုံးလုံးကို ထုတ်ယူလိုက်ပြန်သည်။





ဆေးသုံးလုံးမှာ အစိမ်းရောင်တောက်နေပြီး အလွန်အဖိုးတန်၍ ရှားပါးသောဆေးဖြစ်မှန်း လီစုကျီ သိလိုက်သည်။

ကျော်ပိုက ဆေးသုံးလုံးကို ဖန်ချီ၏ပါးစပ်ထဲသို့ ထည့်ပေးလိုက်ပြီး လည်ပင်းကြော တစ်နေရာသို့ နှိပ်ပေးလိုက်ပြန်သည်။

သူသည် အလုပ်အလွန်ရှုပ်နေသဖြင့် နဖူးမှချွေးများပိုးပိုး ပေါက်ပေါက် မြေပြင်ပေါ်သို့ စီးဆင်းကျနေသည်။

လီစုကျီက အနီးတွင်ရပ်ကာ အကဲခတ်နေသည်။

မကြာပါချေ။

ဖန်ချီ၏ မျက်လုံးအစုံ ဖျတ်ခနဲ ပွင့်လာသည်။

ထိုအခါမှ လီစုကျီ ရင်ထိတ်သွားသည်။

သူ၏လက်သည်လည်း ဓားရိုးဆီသို့ ချက်ချင်းမင် ရောက်ရှိသွားသည်။

မျက်လုံး ပွင့်သွားသော ဖန်ချီက လီစုကျီအား ပြူး၍ ကြည့်နေသည်။

သူ၏ ပါးစပ်မှလည်း တလှုပ်လှုပ်ဖြင့် တစ်စုံတစ်ရာ ပြောရန် အားထုတ်ကြိုးစားနေသည်။

"ကဲ...ခင်ဗျား ဘာပြောချင်သလဲ ပြောပါ"

ကျော်ပို၏အသံသည် ပျော့ပျောင်း၍ ဆွဲငင်ဓာတ်တစ်မျိုး ပါသည်ဟု လီစုကျီ သတိပြုမိလိုက်သည်။

ဖန်ချီက အကယ်၍ စကားပြောလာနိုင်လျှင် သူ၏အကြံအစည်သည် သဲထဲရေသွန်သလို ဖြစ်သွားလေတော့မည်။

ထိုအကြောင်းကို တွေးမိလိုက်သော လီစုကျိမှာတွေးလေရင်တွေတုန်လေ ဖြစ်လာပြီး ဇောချွေးများပင် ပြန်လာလေတော့သည်။

လက်ဖဝါးများပင် ချွေးများထွက်လာကာ စေးထိုင်းနေလေသည်။

ဖန်ချိုက လီစုကျိကို ပြုံးကြည့်နေသည်။ ပြုံးကြည့်နေရာမှလည်း အားယူကာ လက်ညှိုးဖြင့် လှမ်းထိုးလိုက်သည်။

လက်ညှိုးဖြင့်ထိုးစဉ် သူ၏ ဦးခေါင်းကလည်း ထောင်ထလာသည်။

သို့သော်....

ဖန်ချိုသည် ရုပ်သေးကြိုးပြတ်ပမာ ပြန်လဲကျသွင်းရပြန်လေတော့သည်။

ထိုအခါ ကျော်ပိုက ဖန်ချို၏ မျက်ခွံအား ဖွင့်ကြည့်လိုက်သည်။ ဖန်ချို၏ မျက်ခွံမှာ ဖြူဖွေးနေသည်။

ထို့နောက် ကျော်ပိုက ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး....

"သူ့အဆိပ်က တော်တော် ပြင်းတယ်ဗျ၊ ဒါပေမယ့် အသက်တော့ မသေနိုင်သေးပါဘူး"

သူက ပြောရင်းမှ ချာခနဲ လှည့်ထွက်သွား လေတော့သည်။

ဤတွင်မှ လီစုကျိသည် သက်ပြင်းတစ်ချက် ချလိုက်နိုင်ပြီး ကျော်ပိုနောက်သို့ လိုက်ပါသွားလေတော့သည်။

* * *





"အင်း....ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တပည့်က တကယ်တော့ သမားတော်ကောင်း တစ်ယောက်ပါ၊ ဒါပေမယ့်ခင်ဗျား မိတ်ဆွေက အဆိပ်မိသွားတာ ကြာသွားတော့မကုနိုင်တာပါ၊ တကယ်လို့သာ သူ အချိန်မီရင် ကုပေးနိုင်ပါတယ်ဗျာ"

လူဝကြီးက ကြက်ပြုတ်တစ်ကောင်ကို ဖွဲ့စားရင်း ကျော်ပိုကို ဟိမဝန္တာချီးမွမ်းခန်း ဖွင့်နေလေတော့သည်။

လီစုကျိက ဝမ်းနည်းကြေကွဲသော လေသံဖြင့်....

"ဟုတ်ကဲ့၊ ကျွန်တော်ကတော့ ကျွန်တော့်မိတ်ဆွေ ဖန်ချိုသေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ သူ့ကိုတော့ အိမ်ရောက်အောင် ပို့ပေးရမှာပဲ"

ဟု ပြောဆိုလိုက်လေသည်။

ထိုအခါ လူဝကြီးက လက်ကာပြလိုက်ပြီး....

"ဒီအတွက် ခင်ဗျား ဘာမှမပူပါနဲ့၊ ကျုပ် ခင်ဗျားကိုတတ်နိုင်သမျှ ကူညီပါ့မယ်၊ နောက်ပြီး ကျုပ်တပည့် ကျော်ပိုကလဲ ဆက်ပြီး သူ့ အစွမ်းကုန် ကုသသွားမှာပါ"

ကျော်ပိုက ဟန်အမူအရာ ကင်းမဲ့စွာဖြင့် လီစုကျိအားကြည့်ရင်း....

"ခင်ဗျား မိတ်ဆွေ ဖန်ချိုက ခင်ဗျားကို ဘာဖြစ်လို့မျက်လုံးပြူးကြည့်နေတာလဲဗျ၊ ကျုပ် အထင်တော့ သူဟာတစ်စုံတစ်ခုကို ပြောဖို့ ကြိုးစားတယ်၊ ဒါပေမယ့် သူတယ်လိုမှ ပြောလို့မရတော့ လက်လျော့လိုက်ရတဲ့ ပုံပဲ"

လီစုကျီမှာ ကျော်ပို၏ ရှင်းလင်းပြချက်ကြောင့် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။

သူသည် ဟန်အမူအရာ မပျက်စေရန် စိတ်ကိုထိန်းထား လိုက်သည်။ လီစုကျီက ပြန်၍....

"ဒီလိုပါ၊ ကျုပ် မိတ်ဆွေဖန်ချိုက အိမ်ကို သိပ်စွဲလမ်း တယ်၊ နောက်ပြီး သူ့ကိုအဆိပ်ခတ်တဲ့ရန်သူ ဘယ်သူလဲဆိုတာ ပြောချင်လို့ ထင်ပါတယ်ဗျာ"

ဤတွင် ကျော်ပိုက လီစုကျီအား အကဲခတ်ကြည့်လိုက် ပြီး....

"သူ့ကို အဆိပ်ခတ်သွားတဲ့ရန်သူ ဘယ်သူလဲဆိုတာ ခင် ဗျား သိသလား"

လီစုကျီက ခေါင်းညိတ်ပြပြီး....

"ဟုတ်ကဲ့....သူ ပြောပြထားပါတယ်"

"ဘယ်သူလဲ"

ယခုအခါ ကျော်ပို၏အသံမှာ အနည်းငယ် တင်းမာလာ သည်။

လီစုကျီက ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး....

"ဝမ်းနည်းပါတယ်၊ သူ့ရဲ့ဆွေမျိုးကလွဲပြီး ကျန်တော် ဘယ်သူ့ကိုမှ မပြောနိုင်ပါဘူးဗျာ"

ကျော်ပိုက ပြုံးလိုက်ပြီး....

"ကိစ္စမရှိပါဘူးဗျာ၊ သူ သက်သာလာရင် ပြောပြပါလိမ့် မယ်"





ယခုအခါ လူဝကြီးမှာ စားသောက်ပြီးသွားပြီဖြစ်၍ ထိုင် နေရာမှ ထလိုက်သည်။ သူ၏ ပေကျံနေသောလက်နှစ်ဖက်ကို အင်္ကျီစဖြင့် သုတ်လိုက်ရင်းမှ လီစုကျီကို ပြုံးပြလိုက်သည်။

ထို့နောက်မှ သူက....

"ဒီလိုဆိုရင် ကျုပ်ကို ပြောပြပါလား"

လီစုကျီက အေးစက်စက် ပြုံးလျက်....

"ခင်ဗျားက ဘယ်သူမို့ ကျုပ်က ပြောရမှာလဲဗျ"

ဟု ပြောလိုက်လေသည်။

လူဝကြီးက သူ၏ ဖွေးဖြူဝတုတ်နေသော လက်ချောင်း ဖြင့် သူ၏နှာခေါင်းကို ညွှန်ပြရင်း....

"ကျုပ်....ကျုပ်နာမည် ထန်....ထန်ရဲပါ"

* * *

"ထန်ရဲ"

လီစုကျီ၏မျက်လုံးအစုံ ရှေ့သို့ ပြူတ်ကျလုနီးပါး ပြူး ကျယ်ထွက်နေသည်။

သူ၏ဆံပင်မွေးပင် တိုးထိုးထောင်ထောင် ဖြစ်သွားသည် ဟု ခံစားလိုက်ရသည်။

ဤမျှ ဝတုတ်လေးလံနွေးကွေးသော၊ အစားခုံမင်သော နုံတုံတုံ အတာတလူသည် ထန်ရဲဟု ဆိုလာသည်။

အကယ်၍ ဝတုတ်တုတ်လူဝကြီးသာ ထန်ရဲဟုဆိုလျှင် ထူး နိုင်ငံ၏ လျှမ်းလျှမ်းတောက် ကျော်ကြားသော၊ နာမည်ကြီး သော ထောက်လှမ်းရေးမှူး ထန်ရဲ ဖြစ်ရပေမည်။

လီစုကျိ ယခုကဲ့သို့ ထန်ရဲနှင့် ထိပ်တိုက်တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါချေ။

ထို့ကြောင့်....

လီစုကျိ ထိုနာမည်ကြားလိုက်ရသည်နှင့် ရင်ထိတ်သွားရလေတော့သည်။

တဒိတ်ဒိတ် ခုန်နေသော ရင်ကို ထိန်းရင်း လီစုကျိ ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။

ယခု သူလုပ်ရမည့်အလုပ်မှာ သူ၏လှုပ်ရှားနေသောစိတ်ကို အတတ်နိုင်ဆုံး ငြိမ်သက်သွားအောင် ထိန်းချုပ်ရန်ဖြစ်သည်။

ကုလားထိုင်ပေါ် ထိုင်မိသည်နှင့် လီစုကျိက....

"အင်း....ကျုပ်တော့ ဒီနာမည်ကို ကြားဖူးသလိုပါပဲလား"

လူဝကြီးက ချေးများသုတ်ရင်း....

"ဟဲ ဟဲ....မင်း မဆိုးပါဘူး၊ အသိဉာဏ်ပွင့်လင်းသားပဲ၊ ကဲ....ကျုပ်ဟာ ဖန်ချီရဲ့ ဆွေမျိုးရင်းချာဆိုတာ ယုံပြီလား"

လီစုကျိက ခေါင်းညိတ်လိုက်ပြီး....

"ယုံပါပြီဗျာ"

ထိုအခါ ထန်ရဲက တည်ကြည်သောမျက်နှာထားဖြင့်....

"ကဲ....ဒီလိုဆိုရင် ဖန်ချီကို ဒုက္ခပေးတဲ့လူဟာ ဘယ်သူလဲဆိုတာ ပြောပါတော့ဗျာ"

လီစုကျိက သက်ပြင်းချလျက်....

"လီစုကျိလို့ ပြောတာပါပဲ"





သူ၏စကားကြောင့် လူဝကြီးထန်ရဲ မျက်မှောင်ကုတ်သွားရလေသည်။ သူက ခဏမျှ စဉ်းစားပြီးနောက်....

"ကျုပ် အစက ထင်သားပဲ၊ ဒီကောင်ပဲဖြစ်ရမယ်လို့"

လီစုကျိက ထန်ရဲကို သေသေချာချာ ကြည့်လိုက်ပြီး....

"ခင်ဗျား ထန်ရဲအစစ်နော်"

ထန်ရဲက ပျင်းတွဲတွဲဖြင့်....

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ထန်ရဲ၊ ဒါနဲ့နေပါဦး၊ ခင်ဗျားကကော ဘယ်သူပါလဲ"

လီစုကျိက မျက်စုံးတစ်ဖက် ပင့်တင်လိုက်ပြီးနောက်....

"ကျုပ်နာမည်က ပေ့ချွမ်းပါ"

ထန်ရဲက ပြုံးလျက်....

"ကဲ....အခု တို့ မိတ်ဆွေတွေဖြစ်သွားကြပြီပေါ့နော်"

"ဟုတ်ကဲ့....အခု ကျုပ်ကလဲ ကျုပ်တာဝန် ပြီးဆုံးသွားပြီပေါ့ဗျာ"

လီစုကျိစကားကြောင့် လူဝကြီးထန်ရဲ မျက်မှောင်ကုတ်သွားသည်။ သူက....

"ပေ့ချွမ်း....ခင်ဗျားရဲ့စကားက ဘာစကားလဲဗျ၊ ကျုပ်တော့ ဘာမှ နားမလည်တော့ဘူး"

လီစုကျိက ပခုံးတစ်ဖက် တွန့်လိုက်ပြီးနောက်....

"ကျွန်တော့်တာဝန်က ဒီကမိတ်ဆွေကြီး ဖန်ချီကို သူ့အိမ်အရောက် ပို့ဖို့ရယ်၊ သူ့ကို ဒုက္ခပေးသွားတဲ့ လူဟာ ဘယ်သူဘယ်ဝါလဲဆိုတာ ပြောပြဖို့ပါပဲ၊ အခုတော့ ကျုပ်က ခင်ဗျားနဲ့ လာတွေ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက

ဖန်ချီရဲ့ ဆွေမျိုးသားချင်း ဖြစ်နေတယ်လေ၊ အခု ကျုပ်က ခင်ဗျားကို လွှဲပေးလိုက်ပြီလေ၊ ဒါကြောင့် ကျုပ်တာဝန်ကုန် သွားပြီလို့ ပြောတာ''

ထန်ရဲက လက်ပြင်းတစ်ချက်ချလိုက်ပြီး....

''အင်း....ဒီအတိုင်းဆိုရင် ခင်ဗျားတာဝန်ကျေပြီလို့ ဆိုရမှာပေါ့ဗျာ''

ထိုအခါတွင် လီစုကျိက ထိုင်ရာမှ ထရပ်လိုက်သည်။ လက်နှစ်ဖက်ဆုပ်ပြီး ဂါရ ပြုလိုက်သည်။

''ကဲ....ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ''

သူက နှုတ်ဆက်စကားဆိုပြီး ဆိုင်ထဲမှ အပြင်သို့ ထွက်လိုက်လေတော့သည်။

သို့သော် လီစုကျို အခန်းအပြင်ဘက်သို့ မရောက်တော့ပါ။

သူ တံခါးဝသို့ရောက်ချိန်၌ ထန်ရဲသည် တံခါးဝ၌ မားမားကြီး ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

''ဒီလိုတော့ ထွက်မသွားလိုက်ပါနဲ့ဗျာ''

ထန်ရဲက မောဟိုက်စွာဖြင့် အသက်ရှူရင်း ဟန့်တားလိုက်လေတော့သည်။

တံခါးဝတွင် ရပ်နေသော ထန်ရဲကို တွေ့လိုက်သည်နှင့် လီစုကျို မျက်မှောင်ကုတ်သွားသည်။

''ဒီမှာ မိတ်ဆွေ....ကျုပ်ကို ဘာကြောင့် တားရတာလဲဗျ''

ထန်ရဲက လှိုက်လှဲဖော်ရွေစွာ ပြုံးပြလိုက်ပြီး....





''ကျုပ်အဘွားက ခင်ဗျားကိုပါ ခေါ်လာခဲ့ပါလို့ မှာထားလို့ပါဗျာ၊ ဒါကြောင့် ကျုပ်နဲ့ လိုက်ခဲ့ပါဦးလို့ ဖိတ်ခေါ်ပါတယ်''

ထိုအခါ လီစုကျို ခေါင်းခါယမ်းပြလိုက်ပြီးလျှင်....

''ဘယ်လိုလဲဗျာ၊ ကျုပ်က ခင်ဗျားတို့ရဲ့ ဆွေမျိုးသားချင်းကိုလဲ ကူညီရသွားတယ်၊ အခု ကျုပ် ပြန်မယ်ဆိုတော့ တားတယ်၊ ခင်ဗျားတို့လုပ်တာ တရားသလားဗျ''

ထန်ရဲက လက်ကာပြလိုက်ပြီး....

''ကျုပ်တို့ကို အထင်မလွဲပါနဲ့ မိတ်ဆွေ၊ ကျုပ်အဘွားက အခုလို မိတ်ဆွေပီသစွာ ဒုက္ခခံပြီး ဖန်ချီကို လိုက်ပို့တဲ့လူကို သူ့ရှေ့အရောက် ခေါ်လာခဲ့ရမယ်လို့ အမိန့်ပေးထားလို့ပါ၊ ဆုလာဘ်အောင်ရွေ ချီးမြှင့်ချင်လို့ပါတဲ့ဗျာ''

လီစုကျိမှာ ထိုစကားကို ကြားလိုက်ရသောအခါ သူ၏ မျက်နှာတွင် အပြုံးရောင် အနည်းငယ် ပေါ်လာသည်။

''အင်းဗျာ....ခင်ဗျား စောစောက ဒီလိုပြောရောပေါ့''

ထန်ရဲက ပြုံးစိစိဖြင့်....

''ဘာလဲ....ခင်ဗျား မလိုက်ဘူးလား''

လီစုကျိက ပြန်ပြုံးပြပြီးနောက်....

''ဟဲ ဟဲ ဟဲ....လိုက်မှာပေါ့ဗျာ၊ လိုက်မှာပေါ့''

ထိုအခါမှ သူတို့အားလုံး ပြိုင်တူ ရယ်မောလိုက်ကြလေသည်။

★

## အခန်း ( ၂၀ )

### ထန်ကျား

လီစုကျိ ထန်ကျားခံတပ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူသည် အသက်စွန့်ပြီး အခြားနိုင်ငံသို့ ရောက်ရှိလာခဲ့၏။

သူ့၌ ထူးနိုင်ငံတွင် မိတ်သင်္ဂဟ မရှိပါ၊ ဆွေမျိုးလည်း နတ္ထိဖြစ်နေသည်။

သို့သော် စွန့်လွှတ်စွန့်စားခြင်း၏အကျိုး၊ သက်စွန့်ကြိုးပမ်းရခြင်း၏ရလဒ်ဖြင့် ထန်ကျားခံတပ်သို့ မရောက်ရှိလာသည်ဟု တွေးနေမိသည်။

ထူးခြားချက် သူ့၌ ဖြစ်ပေါ်နေသည်မှာ လီစုကျိသည် မိမိရန်နိုင်ငံ၏ ရန်သူနိုင်ငံတော်ဖြစ်သော ထူးနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သော်လည်း စိတ်လှုပ်ရှားခြင်း မရှိခဲ့ပါ။

ဒါ့အပြင် ထန်ကျားခံတပ်သို့ ရောက်ရှိနေသော်လည်း မိမိ၌ ဘာမှ ခံစားချက် ရှိမနေခြင်းပင် ဖြစ်သည်။





ဤကမ္ဘာလောက၌ ဤမျှ စွန့်စားမှု၊ သတ္တိထူးရှိသော လူမျိုးများ ရှိနေပါသည်။

ထိုကဲ့သို့ လူမျိုးသည် သာမန်အချိန်တွင် အနည်းငယ် ဂနာမငြိမ် ဖြစ်တတ်သလို စိတ်တည်ငြိမ်နေတတ်သည်။

လီစုကျိသည် ဤလိုလူစားမျိုး ဖြစ်သည်။

* * *

သာယာလှသော ရာသီဥတု။

ခံတပ်ဝန်းကျင် တစ်ခုလုံးမှာ ဘာမှ အပြစ်အနာအဆာ မရှိအောင် သာယာလှပနေလေသည်။

စိမ်းလန်းစိုပြည်သောတောင်တန်း၊ တောအုပ်ခင်တန်းတို့သည် အစိမ်းရောင်ဆေး သုတ်ခြယ်ထားသလို ဖြစ်နေသည်။

အစိမ်းရောင်က လူတို့၏ မျက်စိပသာဒကို ပို၍ကြည်လင်စေသည်။

လီစုကျိ ဤမျှသာယာလှသော ရှုခင်းမျိုးကို သူ တစ်ကြိမ်တစ်ခါမှ မကြုံဆုံဖူးပါ။ ရင်သပ်ရှုမောဖွယ် ကောင်းလှသော ပတ်ဝန်းကျင်ကိုကြည့်ပြီး လီစုကျိ အတန်ကြာအောင် ငေးကြည့်နေသည်။

ငါးကြေးခွံကဲ့သို့ တစ်ထပ်ပြီးတစ်ထပ် ထပ်နေသော အိမ်ခေါင်မိုး အုတ်ကြွပ်များသည် တောင်ခြေရင်းမှသည် တောင်ကလပ်ပေါ်သို့အထိ ကွေ့ကောက်ကာ ဆန့်တက်သွားနေသည်။

ကြီးကျယ်ခမ်းနားသော အဆောက်အအုံများတို့သည် တောင်၏ အနေအထားအလိုက် အစီအရီ တည်ဆောက်ထားလေသည်။

မည်သူမဆို ဤမျှ ခမ်းနားကြီးကျယ်လှသော ရှုမျှော်ခင်းအား တွေ့မြင်လိုက်ပါလျှင် လေးစား ကြည်ညိုခြင်း၊ ခမ်းနားခြင်း အားမန်အပြည့်ရှိခြင်း စသည်တို့ကို ခံစားပေါ်ပေါက်လာရမည်သာ ဖြစ်သည်။

ယခု....

လီစုကျို ဤသို့ခံစားနေရလေသည်။

ဤသို့ ခိုင်မာ၍ အားမာန် အပြည့်ရှိသော ခံတပ်ကြီးကို ဖြိုခွဲနိုင်ရန်မှာ မည်သည့်နည်းနှင့်မှ ဖြစ်နိုင်သည်မဟုတ်ပါဟု သူ တွေးတောနေခဲ့သည်။

သို့သော်....

သူ ယခု ထန်ကျားခံတပ်သို့ရောက်ရှိလာခြင်းမှာ ဤခံတပ်ကြီးကို ဖြိုခွဲရန် မဟုတ်ပါ။

သူ၏ အဓိကအလုပ်မှာ မိမိနိုင်ငံအား သစ္စာဖောက်ပြီး မိမိ၏ ဖခင်အား ရက်ရက်စက်စက် လုပ်ကြံသွားသည့် ကွမ်းစန်ချိန်းအား လာရောက်လုပ်ကြံခြင်း ဖြစ်ပါသည်။

ကလဲ့စားချေသည်ဆိုလျှင်သည်း မှန်ပေသည်။

ထို့ကြောင့် သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ဒါက ထန်ကျားခံတပ်နော်"

ဟု တစ်လုံးချင်း မေးလိုက်လေတော့သည်။ ထန်ရဲက ကျေနပ်စွာ ပြုံးလိုက်ပြီးလျှင်....





"ဟုတ်ပါတယ်ဗျာ၊ ဘယ့်နှယ်လဲ...."

သူသည် ဂုဏ်ယူဝင့်ကြွားသောအကြည့်ဖြင့် ကြည့်ရင်းပြောလိုက်လေသည်။

လီစုကျိုက သက်ပြင်းရှည် တစ်ချက် ချလိုက်ပြီးနောက်....

"တော်တော်ကို အားမာန်အပြည့်ရှိတဲ့ ခံတပ်ပါပဲဗျာ"

သူက အမှန်တကယ်ပင် လိုက်လိုက်လှဲလှဲ ချီးကျူးစကားဆိုလိုက်ခြင်း ဖြစ်ပါသည်။

လီစုကျိုသည် ဘယ်သောအခါကမှ ရန်သူကို အထင်သေးခြင်း မရှိခဲ့ပါ။

သို့သော်....

ယခု ရန်သူ၏ အခြေအနေက သူ ထင်ထားသည်ထက် အဆပေါင်းများစွာ ကြီးမားနေသည်ကို သိလိုက်ရသော အခါ သူသည် အနည်းငယ်တော့ စိုးရိမ်ပူပန်မှု ဖြစ်သွားရလေသည်။

ရန်သူသည် အလွန်မတန် အင်အားကြီးမားနေချေပြီ။

အထူးသဖြင့်....

မိမိနိုင်ငံ၏ အင်အားဖြင့် ယခု ထူးနိုင်ငံကို တိုက်ခိုက်ဖို့ဆိုသည်မှာ လုံးဝ မတွေးဝံ့တော့၊ မဖြစ်နိုင်သော အခြေအနေတွင် ရှိနေသည်။

လီစုကျို စဉ်းစားရင်းမှ သူ၏ ရင်အစုံသည် တဖြည်းဖြည်းလေးလံ၍ လာရတော့သည်။

လမ်း၏အဆုံးတွင် ခံတပ်တံခါးပင် ဖြစ်သည်။

ခံတပ်တံခါးသည် ကြီးမားသော သံမဏိတံခါးချပ် နှစ်ချပ် ဖြစ်သည်။ အနီရောင်ဆေးကို တံခါးကြီး နှစ်ချပ်အား သုတ်ထားသည်။

အနီရောင်ဆေးမှာ မခြောက်သေးပါ။

လီစုကျိက ဆေးမခြောက်သေးသော တံခါးကိုကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။

ထိုစဉ် သူ၏နောက်ကျောဆီမှ ထန်ရဲ၏ စကားသံပေါ် လာသည်။

"နှစ်စဉ်နှစ်တိုင်း ဒီလိုလမျိုးမှာ ကျုပ်တို့က ပျော်ပွဲရှင်ပွဲ ကျင်းပပါတယ်၊ ဒါကြောင့် ခံတပ်ရဲ့တံခါးကို အမြဲတမ်း ဆေးအထပ်ထပ် သုတ်ပေးနေရတယ်"

ခံတပ်တံခါးနှင့် ပတ်သက်ပြီး ထန်ရဲက ရှင်းပြသည်၊

ထိုအခါ လီစုကျိုက ဝမ်းသာအားရ လေသံဖြင့်....

"ဟာ....ဒါဆိုရင် ဟန်ကျတာပဲ၊ ပျော်ပွဲရှင်ပွဲ ကျင်းပဖို့ ဘယ်လောက် လိုသေးလဲ"

သူ အမှန်တကယ်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

အကြောင်းကား....

ပျော်ပွဲရှင်ပွဲ ကျင်းပခြင်းအတွက် သူ့အဖို့ အခွင့်အလမ်း ပိုမိုရရှိမည် ဖြစ်သည်ကိုတော့ သူ ယုံကြည်ထားသောကြောင့် ဖြစ်သည်။

ထန်ရဲက....





"သိပ်မလိုတော့ပါဘူး၊ တစ်ဆယ့်ငါးရက် လောက်ပဲ လိုပါတော့တယ်"

လီစုကျိုက အားတက်သွားပြီး....

"ဒါဆိုရင် ကျွန်တော် အဲဒီ ပျော်ပွဲရှင်ပွဲ ကျင်းပတဲ့နေ့ အထိ နေလို့ရမလားဗျာ"

သူက မေးလိုက်ခြင်းဖြစ်သည်။

သူ၏မျက်နှာပြင်၌လည်း မျှော်လင့်ခြင်း၏အရိပ်အယောင် များ လင်းလက်နေသည်ကို အတိုင်းသား ပေါ်လွင်နေလေ တော့သည်။

လီစုကျိက မျှော်လင့်ခြင်း၏မျက်လုံးများဖြင့် ပြန်ကြည့် နေလေသည်။

ထန်ရဲက ပြုံးလိုက်ပြီးလျှင်....

"ရပါတယ်ဗျာ၊ ခင်ဗျားတို့လို လူငယ်တွေအတွက် ပိုပြီး ပျော်ရမှာပေါ့ဗျာ"

ဤတွင် ...

လီစုကျိ ဝမ်းသာအားရဖြင့်....

"ကျေးဇူးတင်လိုက်တာ နောင်ကြီးရာ"

ကျေနပ်မှုကြောင့် သူ၏ရင်အစုံသည် အေးမြသွားသည်။

* * *

ခံတပ်တံခါးသည် ဟင်းလင်းပွင့်လျက်ရှိသည်။

အစောင့်ဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ရပါ။

တံခါး ဝ၌ အစောင့်ချထားသည့်အသင့်သင့်သဏ္ဍာန်မျိုးလည်း မတွေ့ရပါ။

လူတို့လေးဦး ခံတပ်တံခါးမှ ငသွားသောအခါ ကျောက်တုံးကြီးများဖြင့် ခင်းထားသောလမ်း၊ လမ်းမကြီးကို တွေ့ရလေသည်။

လမ်းတစ်ခုလုံးသည် သန့်ရှင်းစင်ကြယ်နေသည်။ အမှိုက် တစ်ပင် သစ်ရွက်တစ်ရွက် မရှိပါ။

ခင်းထားသော ကျောက်တုံးဆိုသည်လည်း ညီညာ၍ ဖြောင့်ဖြူး ချောနေလေသည်။

လမ်း၏ ဝဲယာတစ်ဖက်တစ်ချက်၌ အမျိုးမျိုးသော ဆိုင် ခန်းများ အစီအရီ ရှိနေကြလေသည်။

ဆိုင်များက စုံလင်လှသည်။ အမျိုးအမည်ပေါင်း များ ပြားလှသည်။

အထည်ဆိုင်၊ စားသောက်ဆိုင်၊ ကုန်မျိုးစုံဆိုင်၊ တည်းခို ခန်း စသည်တို့ စုံလင်လှသည်။

ကျော်ပိုသည် လူမမာဖြစ်သောဖန်ချီအား အိမ်သို့ပို့ရန် ထွက်ခွာသွားလေသည်။

လဒ်စုကျဲမှာ ထွန်ကျားခံတပ်ကြီး တစ်ခုလုံးကို တအံ့တဩ လိုက်လံ ကြည့်ရှုနေလေသည်။

ဤတွင်....

ထန်ရဲက လဒ်စုကျဲအား ပြုံးပြလိုက်ပြီး....

"တချို့ လူတွေက ကျုပ်တို့ခံတပ်ကို ကြောက်စရာကောင်း တယ်လို့ သတင်းလွှင့်ထားကြတယ်၊ အမှန်တော့ ခင်ဗျားမြင်





တဲ့အတိုင်းပဲ၊ ကျုပ်တို့ ဘယ်သူမဆို ဒီနေရာကိုလာဖို့ ဖိတ် ခေါ်ပါတယ်၊ ကြိုဆိုလဲ နေပါတယ်"

လဒ်စုကျဲက ထန်ရဲအား စေ့စေ့ကြည့်လိုက်ပြီးလျှင်....

"အဲဒါဟာ တကယ်ပဲလားဗျာ"

ထိုအခါ ထန်ရဲက မျက်ပေါက် ကျဉ်းကျဉ်းကလေးဖြင့် ကြည့်လိုက်ပြီး နောက်မှ ပြောသည်။

"ဟုတ်တာပေါ့ကွာ၊ ဘာပြုလို့လဲဆိုတော့ ငါတို့ဆီ လူ များများလာလေ ကျုပ်တို့ဆီကဆိုင်တွေ ရောင်းကောင်းလေ ပေါ့ကွာ ဟုတ်ဘူးလား၊ ဆိုင်တွေ ရောင်းကောင်းတော့ ကျုပ်တို့ အခွန်တွေ များများရတာပေါ့ မဟုတ်ဘူးလား"

လဒ်စုကျဲက....

"တကယ်လို များ ငွေဖြုန်းဖို့လာတဲ့အပြင် အဲဒီလူဟာ အခြားကိစ္စအတွက် လာတဲ့လူဆိုရင်ကော"

ထန်ရဲက....

"ဒါကတော့ သူတို့ ဘာအတွက်လာတယ်ဆိုတာ ကြည့်ရ မှာပေါ့ဗျာ"

လဒ်စုကျဲက ထပ်၍....

"အဲဒီလူတွေက အနှောင့်အယှက်ပေးဖို့ ရောက်လာတယ် ဆိုရင်ကောဗျာ"

လူဝကြီးထန်ရဲက ပြုံးလိုက်ပြီး....

"ကျုပ်တို့ ထန်ကျားခံတပ်မှာ ခေါင်းရောင်းတဲ့ဆိုင်လဲ ရှိပါတယ်၊ အဲဒီ ခေါင်းရောင်းတဲ့ဆိုင်က ခေါင်းတွေဟာ

ဈေးပေါပေါနဲ့ ရောင်းတဲ့အပြင် တစ်ခါတစ်ရံ လက်ဆောင် အဖြစ်နဲ့တောင် ပေးလိုက်ပါသေးတယ်"

သူက စကားကို ရပ်လိုက်ပြီးနောက် လီစုကျိကို လှမ်းကြည့်လိုက်သည်။

လီစုကျိက စိတ်ဝင်တစား နားထောင်နေသည်။

ထိုအခါ ထန်ရဲက ဆက်၍....

"အဲ....တစ်ခုတော့ရှိတယ်၊ သူတို့ဆီက ခေါင်းရောင်းတဲ့ ဆိုင်ကလဲလို့ ရှိသမျှဆိုင်တွေကတော့ ဈေးကို တင်ပြီးရောင်းကြတယ်၊ ကျုပ်တောင်မှ တစ်ခါတစ်ခါ သူတို့ရဲ့ဒဏ်ကို ခံလိုက်ရသေးတယ်ဗျာ"

လူဝကြီးထန်ရဲက ဆိုင်များကို ထပ်မံညွှန်ပြပြီး လီစုကျိအား ရှင်းပြနေလေသည်။

သို့သော်....

တသီတတန်းကြီးရှိနေသော ဆိုင်များမှ ဆိုင်ရှင်များက မိမိနှင့် ထန်ရဲကို ပြုံးကြည့်နေသည်ကို တွေ့ရလေသည်။

အမှန်တော့ ဆိုင်ရှင်အားလုံးက သူတို့နှစ်ဦးကို လှိုက်လှဲပျူငှာစွာ ဆီးကြိုနေကြခြင်း ဖြစ်သည်။

လီစုကျိက ပြုံးပြလိုက်ပြီး....

"အင်း....ကျွန်တော် တွေ့ရတာကတော့ သူတို့က ခင်ဗျားကို ဝမ်းသာအားရ ကြိုဆိုနေပုံပဲ"

ထိုအခါ လူဝကြီးထန်ရဲက သက်ပြင်းတစ်ချက်ချလျက်....





"အင်း... အဲဒါတော့ ခင်ဗျားမှားနေပြီဗျ၊ သူတို့က ကျုပ်ကို ကြိုဆိုနေတာ မဟုတ်ဘူးဗျ၊ ကျုပ်အိတ်ထဲကငွေကို ကြိုဆိုနေတာဗျ"

သူက စကားကို ရပ်တန့်လိုက်ပြီးနောက် လီစုကျိကို ပြုံး၍ ကြည့်လိုက်သည်။ ထို့နောက်မှ ထန်ရဲက....

"တကယ်လို့ဗျာ....ခင်ဗျားက လူတစ်ယောက်ယောက်ရဲ့ အိတ်ထဲမှာပါတဲ့ ငွေကို လိုချင်ရင် အဲဒီလူကိုတော့ ကိုယ်မသိပေမယ့် ဝမ်းသာလှိုက်လှဲတဲ့ပုံတော့ ပြရမှာပါပဲ၊ မဟုတ်ဘူးလား"

လီစုကျိသည် ထိုအခါမှ ထန်ရဲ၏စကားကို သဘောကျကာ အော်ဟစ်ရယ်မောလိုက်လေတော့သည်။

* * *

လမ်းဘေး ဝဲယာ တစ်ဖက်တစ်ချက်ရှိ ဆိုင်အားလုံးမှာ အခံ့ညားဆုံး လှပဆုံးဖြစ်အောင် ပြင်ဆင်မွမ်းမံထားလေ၏။

သူတို့နှစ်ယောက် ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာသည်။

ထိုဆိုင်မှာ အခြားဆိုင်များထက် ပိုမိုခမ်းနား ထည်ဝါသည်ဟု ထင်ရသည်။ ပြင်ဆင်ပုံမှာလည်း တစ်မူထူးခြား၏။

ဆိုင်၏ တံခါးဘောင်ပေါ်တွင် ရွှေစာလုံးဖြင့်....

'ကျောက်စိမ်းရတနာဆိုင်' ဟု ရေးသားထားပါသည်။

ကျောက်စိမ်းရတနာဆိုင်သည် သုံးခန်းတွဲ ဖြစ်သည်။

သုံးခန်းတွဲဖြစ်၍ ဆိုင်ကကျယ်သလို သပ်ရပ်ခမ်းနား၏။ ကြီးမားသောဆိုင်ဖြစ်၍လည်း ခံ့ညားလွန်းသည်။

ဆိုင်အတွင်း၌ ကျောက်သံပတ္တမြားများ၊ ရွှေထည်ငွေထည် ပစ္စည်းများ၊ ရှေးဟောင်း ရှားပါးရတနာများကို အကန့်လိုက် အကန့်လိုက် ခင်းကျင်းထားသည်။

ခင်းကျင်းထားပုံမှာ စည်းစနစ်ကျလှသောကြောင့် ဆိုင်အတွင်းဝင်မိသူ အားလုံး၏စိတ်ကို ဝယ်ချင်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။

လူဝကြီး ထန်ရဲနှင့် လီစုကျိတို့ ဆိုင်ရှေ့သို့ ရောက်သောအခါ ဆိုင်၏မျက်နှာစာ တစ်နေရာ၌ ဝေါယာဉ်နှစ်စီး ရပ်ထားသည်ကို တွေ့ရလေသည်။

ဝေါယာဉ်နှစ်စီးစလုံးမှာ အရောင်မျိုးစုံ တောက်ပနေပြီး လူတုံထိ လူချမ်းသာများစီးသည့် ဝေါယာဉ်မျိုးပင်။

ထိုအခါ ထန်ရဲက ဝေါယာဉ်နှစ်စီးစလုံးကို ကြည့်လိုက်ပြီးနောက်....

"ဟေ....ဒေါ်လေး ဒီကို ပစ္စည်းလာဝယ်နေတာနဲ့ တူတယ်၊ ဟုတ်သလားဟေ" ဟု မေးလိုက်လေသည်။

ဤတွင် ဝေါယာဉ်အနီး၌ အသင့်ရှိနေသည့် အိမ်ဖော်က ပြုံးလိုက်ပြီး....

"ဟုတ်ပါတယ် ခင်ဗျာ"

ထန်ရဲက မဲ့ပြုံးပြုံးလျက်....

"ဟင်.... ဒေါ်လေးကလဲ အသက်ပဲ မငယ်လှတော့ဘူး၊ အခုအထိ အလှတွေ မက်တုန်းပဲလားမသိဘူး" ဟု ညည်းညူပြောဆိုလိုက်လေသည်။





ထိုစဉ် ရုတ်တရက်ဆိုသလိုပင် ဆိုင်အတွင်းမှ မာန်ထန်အပြည့်ပါ ဒေါသံတစ်သံ ပေါ်လာသည်။

"ဘယ်သူလဲဟေ....ကျုပ်အတင်း ပြောနေတာ"

ထန်ရဲမှာ ထိုစကားကို ကြားလိုက်ရသည်နှင့် လျှာကလေး တစ်လစ် ထုတ်လိုက်ပြီးနောက်....

"ဟိုက်....ဒုက္ခပါပဲ၊ ကျုပ်ပြောလိုက်တဲ့ စကားတွေကို သူတို့ကြားသွားပြီ" ဟု ထိတ်လန့်တကြား ပြောလိုက်လေသည်။

ယခုအခါ ထန်ရဲ၏ ရုပ်သွင်မှာ စောစောကလို မဟုတ်တော့ပါ။ စိုးရိမ်ထိတ်လန့်မှုကြောင့် ညှိုးမှိုင်းနေသည်။

တကယ်တော့ ထန်ရဲက သူ၏အသံကို ခပ်အုပ်အုပ် ပြောလိုက်ခြင်းသာဖြစ်သည်။

ဆိုင်အတွင်းက အသံရှင်ကား မည်သူ ဖြစ်နေသနည်း။

ထန်ရဲကဲ့သို့သော ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက်သည် အဘယ်ကြောင့် ထိုအသံရှင်အား ကြောက်ရွံ့နေရသနည်း။

အမှန်တကယ်လည်း ကြောက်ရွံ့ဟန်က သူ၏မျက်နှာပြင်ဝယ် ဖုံးမရဖိမရအောင် ပေါ်လွင်နေလေသည်။

လီစုကျိ စဉ်းစားမရပါချေ။

* * *

လီစုကျိစဉ်းစားနေစဉ်မှာပင် ဆိုင်အတွင်းဘက်ဆီမှ ချိုလွင်သော အသံတစ်သံ ပေါ်ပေါက်လာသည်။

အသံနှင့်အတူ အသက် ၃၀ ပတ်ဝန်းကျင်ရှိ အမျိုးသမီး တစ်ယောက် ထွက်လာလေသည်။

အမျိုးသမီးမှာ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနှင့်ဖြစ် သည်။ သို့သော် သူမ၏ မျက်နှာပြင်မှာသကာဆမ်းထားသည့် အလား ချိုလွှင်နေပြန်သည်။

သူမသည် အစိမ်းရောင်ပိုးထည် အပေါ်အင်္ကျီ ကြက်ဥ နှစ်ရောင် အထပ်အထပ်သော ဂါဝန်ပွတစ်ထည်ကို ဝတ်ဆင် ထားသည်။

အစိမ်းရောင်ပိုးအင်္ကျီဝတ် အမျိုးသမီး၏ လမ်းလျှောက် ဟန်မှာ အင်မတန် ယဉ်ကျေး သိမ်မွေ့ပြီး ပျော့ပျောင်း နွဲ့နှောင်းလှသည်။

သို့သော်....

ပျော့ပျောင်း နွဲ့နှောင်းနေသည့် ကြားမှပင် သူမ၏ မျက် နှာပြင်ပေါ်၌ မာန်မာနသည်လည်း ရှိနေပြန်လေသည်။

သူမ၏ နောက်တွင်ကား....

အသက်(၂၀)ကျော် အရွယ်ခန့်ရှိမိန်းကလေးတစ်ယောက် လိုက်ပါလာလေတော့သည်။

ထိုမိန်းကလေး၏ မျက်နှာပြင်မှာ ကြက်ဥပုံသဏ္ဌာန်ရှိပြီး မျက်ခုံးသေးသေး နှာတံဖြောင့်ဖြောင့်၊ နှုတ်ခမ်းနီနီ၊ သွား ကလေး ဖြူဖြူဖွေးဖွေးဖြင့် အလွန်လှပချောမော၍ နေလေ သည်။

အထူးသဖြင့် သူမ၏ မျက်ဝန်းအစုံသည် ဝင်းလဲ့တောက် ပ၍ နေလေသည်။





ထန်ရဲက ရှေ့ဆုံးမှ ထွက်လာသည့် အမျိုးသမီးကို တွေ့ လိုက်သည်နှင့် ခါးကလေးကိုင်းကာ ဦးညွှတ်လိုက်လေသည်။

"ဒေါ်လေး....နေကောင်းတယ်နော်"

သူ၏ နှုတ်ဆက်သံအဆုံးဝယ် အမျိုးသမီးက လှမ်းကြည့် လိုက်သည်။

ယခုအခါ ထိုအမျိုးသမီးမှာ ထန်ရဲအား ကြည့်ကာ ပြုံးသယောင် မျက်နှာထားဖြင့်....

"အင်း....ကျုပ်က ဘယ်သူများလဲမှတ်တယ် မင်းကိုး"

ထန်ရဲက ဦးညွှတ်ပြီး....

"ဟုတ်....ဟုတ်ကဲ့ပါ ဒေါ်လေး"

ဒေါ်လေး ဆိုသူ အမျိုးသမီး၏နောက်မှ မိန်းကလေး က တခစ်ခစ်ရယ်မောလိုက်ပြီး....

"လာပါဒေါ်လေးရယ် သူကလဲ တစ်ခုခုဝယ်ချင်နေလို့ ဒီဆိုင်ကိုလာတာ ဖြစ်မှာပေါ့၊ ဒေါ်လေးကို တွေ့တော့ သူ့ ခမျာ ရှက်သွားမှာပေါ့၊ ဟင်း ဟင်း ဟင်း"

သူမသည် တခစ်ခစ်ရယ်မောနေသည်။

ရယ်မောရင်းမှ သူမ၏ ဝိုင်းစက်သော မျက်လုံးအစုံက လီစုကျိကို အကဲခတ်နေလေသည်။

လီစုကျိကလည်း လူတို့၌ ရှိသင့်ရှိထိုက်သော လူ့ ယဉ် ကျေးမှုအရ ပြန်လည်ပြုံးပြလိုက်လေသည်။

ယခုအခါ ထန်ရဲမှာ ခါးကိုပို၍ကိုင်းသွားလေပြီ....

သူ၏ခေါင်းပင် မမော့ရဲအောင် ဖြစ်သွားရသည်။

သို့သော်....

ဒေါ်လေးဆိုသူသည် မည်သည့်စကားမှ ထပ်မံ မပြောတော့ပါ။ ဝေါယဉ်ပေါ်သို့ တက်သွားလေတော့သည်။

* * *

ဝေါယဉ်နှစ်စီး အဝေးသို့ရောက်သွားမှ ထန်ရဲက သူ၏ ကိုင်ထားသော ခါးကို ပြန်ဆန့်လိုက်လေသည်။

သူက ယခုမှ စိတ်အေးသွားဟန်ဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး ခေါင်းကို ခါယမ်းလိုက်လေသည်။

လီစုကျိက ထန်ရဲအား မျက်မှောင်ကုတ်၍ ကြည့်နေသည်။

ထိုအခါ ထန်ရဲက မျက်မှောင်ကုတ်ပြီး....

"အဲဒီအမျိုးသမီး ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

လီစုကျိက ခေါင်းခါယမ်းပြလိုက်သည်။

"သူ့ကို ကျွန်တော်မသိဘူးဗျ၊ ဒါနဲ့ နေပါဦး ခင်ဗျားက သူ့ကို ကြောက်ရွံ့နေတဲ့ပုံပဲ"

ကျိတွင် ထန်ရဲက အော်ဟာစ်ရယ်မောလိုက်ပြီး....

"ဟား ဟား ဟား.... ကျုပ်တစ်ယောက်တည်း ဒေါ်လေးဆိုတဲ့ အမျိုးသမီးကို ကြောက်နေတာ မဟုတ်ဘူးဗျ၊ ထန်ကျားခံတပ်က လူတွေအားလုံးက သူ့ကို ကြောက်နေရတာချည့်ပဲ၊ သူ့ကို မကြောက်တဲ့လူက ခပ်ရှားရှားပဲ"

လီစုကျိက မျက်မှောင်ကုတ်ပြီး....





"ဒေါ်လေးဆိုတဲ့ အမျိုးသမီးကတော့ ကြောက်စရာကောင်းတဲ့ပုံ မပေါ်ပါဘူး၊ ခင်ဗျားတို့က ဘာဖြစ်လို့ သူ့ကို ကြောက်နေရတာလဲ"

သူ၏ အမေးကို ထန်ရဲက ရှင်းပြသည်။

"ဒါက ဒီလိုကွ၊ သူက ကျုပ်တို့အဘိုးရဲ့ အချစ်ဆုံးသူ တစ်ယောက် ဖြစ်နေတယ်၊ သူက ကျုပ်ထက် အသက်ငယ်ပေမယ့် ကျုပ်ထက် ဝါကြီးနေတယ်ဗျာ၊ သူက ကျုပ်အစ်မရဲ့ အထွေးဆုံးလေ၊ နောက်ပြီး သူက ဘယ်ကိစ္စမဆိုဝင်ပြီး စပ်စုတတ်တယ်၊ အာရုံရာဝင်ပါတယ်၊ စိတ်မထင်ရင် မထင်သလို လုပ်တတ်တယ်"

ထန်ရဲက စကားစကို ဖြတ်လိုက်ပြီး အဝေးဆီသို့ ရောက်သွားသည်။ ဝေါယာဉ်ကို ကြည့်လိုက်ပြန်သည်၊ ပြီးမှသူ၏ စကားကို ဆက်သည်။

"သူ့ကို ဘယ်သူကမှ သွားပြီးဘုမကျရဲဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူ့ကိုထိတာနဲ့ ဘိုးဘိုးက သူ့ဘက်ကလိုက်ပြီး ဆူပူတော့တာပဲ၊ ဒါကြောင့် အားလုံးက သူ့ကို ရှောင်နေကြတာပေါ့"

သူသည် ပြောရင်း ယက်ပြင်းတစ်ချက်ချလိုက်လေသည်။

လီစုကျိက ထန်ရဲစကားကို နားစွင့်နေသည်။

ထန်ရဲက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဒါဆို ဒီလိုအမျိုးသမီးမျိုးကို ခင်ဗျားတွေ့ရင် မကြောက်ဘူးလား"

လီစုကျိက ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။

"ကြောက်ရမှာပေါ့ဗျာ"

ထန်ရဲ သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

"ဒါပေမယ့် ကျုပ်တို့တော့ ဝင့်ကျွတ်ဖို့နီးပါပြီ"

လီစုကျိ မျက်မှောင်ကုတ်သွားပြီး....

"ဘာဖြစ်လို့လဲဗျ"

ထန်ရဲက အေးဆေးစွာပင်....

"သူက ယောကျ်ားရတော့မှာမို့လို့ပါပဲ"

သူ၏စကားကြောင့် လီစုကျိ စဉ်းစားရကျပ်သွားသည်။

လီစုကျိက....

"ဒါလောက်ကြောက်စရာကောင်းတဲ့ မိန်းမကို ဘယ်သူက သူ့ကို ယူမှာသဲဗျ"

ထိုအခါ ထန်ရဲက ရှင်းပြသည်။

"အရင်တုန်းကတော့ သူ့ကို ယူဝံ့တဲ့လူ မရှိခဲ့ပါဘူး၊ ဒါကြောင့် အပျိုကြီးဖြစ်နေတယ်၊ အခုတော့ လူတစ်ယောက်က သူ့ကို ယူမလို့တဲ့ဗျ"

ထိုစကားကို လီစုကျိ စိတ်ဝင်စားသွားသည်။

"ဘယ်သူပါလိမ့်"

ထန်ရဲက ပြန်၍....

"ကျုပ်ပြောလို့ မဖြစ်ဘူးဗျ"

ဤတွင် လီစုကျိက မဆီမဆိုင်စကားကို ပြောလိုက်လေတော့သည်။





"ဟား ဟား ဟား....ကနေ့ ရာသီဥတုက သိပ်သာယာတာပဲဗျ"

* * *

လီစုကျိ စကားလမ်းကြောင်း ပြောင်းလိုက်သောကြောင့် ထန်ရဲ ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

သူက....

"ခင်ဗျားက ဘာပြောတာလဲဗျ"

လီစုကျိက မျက်နှာထားတည်တည်ဖြင့်....

"ကနေ့ ရာသီဥတု သိပ်သာယာတယ်လို့ ကျုပ်ကပြောနေတာပါဗျ"

ထန်ရဲ မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားက ဘယ်လိုလုပ် ရာသီဥတုဘက်ကို စကားဦးလှည့်လိုက်ရတာလဲ"

လီစုကျိက ပြန်၍....

"ခင်ဗျားက ကျုပ်ကို အမျိုးသမီးနဲ့ လက်ထပ်မယ့်လူကို ပြောလို့ မဖြစ်သေးဘူးဆိုတော့ ကျွန်တော်ကလဲ ရာသီဥတုဘက် လှည့်ရတာပေါ့"

ထန်ရဲက....

"အဲဒီ ဒေါ်လေးဆိုတဲ့ အမျိုးသမီးကို ယူမယ့်လူ ဘယ်သူလဲဆိုတာ ခင်ဗျား မသိချင်ဘူးလား"

"သိချင်တာပေါ့ဗျ"

လီစုကျိက ပြန်ပြောသည်။

ထိုအခါ ထန်ရဲက ပြန်၍မေးသည်။

"ခင်ဗျားက သိချင်လျက်နဲ့ ဘာဖြစ်လို့ ကျုပ်ကို အတင်း မပြောခိုင်းရတာလဲ"

လီစုကျိက မျက်မှောင်ကုတ်ပြီး....

"ကျွန်တော်က ဘယ်လိုလုပ်ပြီး အတင်းပြောခိုင်းရမှာလဲဗျ" ဟု မေးလိုက်လေသည်။

ထန်ရဲက ပြုံးပြီးလျှင်....

"ဒါက လွယ်ပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်ကို ခြိမ်းခြောက်ပြီး ပြောခိုင်းပေါ့"

ဤတွင် လီစုကျိက ပြုံးလိုက်သည်။

ထို့နောက် သူက မျက်နှာထားကို တင်းလိုက်ပြီး....

"ကဲ....ပြောစမ်း၊ ဒီအမျိုးသမီးကို ဘယ်သူက ယူမှာလဲ"

ထန်ရဲက ပြုံးလျက်....

"ဟဲ....ဟဲ.... ကျုပ်ပြောပြပါမယ်၊ သူ့ကိုယူမယ့် သတို့သားက ကွမ်းစန်ချိန်းပါတဲ့ဗျာ"

အဲဒီပါအမည်ကို ကြားလိုက်ရသည်နှင့် လီစုကျိ၏ ခန္ဓာကိုယ်မှာ တောင့်တင်းသွားရလေတော့သည်။

★



အခန်း ( ၂၁ )

**မင်းသားကြီး သုံးပါး**

ကွမ်းစန်ချိန်း....

လီစုကျိက ထိုအမည်ကို ထပ်ခါတလဲလဲ အကြိမ်ပေါင်း မရေမတွက်နိုင်စွာ အသည်းနှလုံးထဲမှ မှတ်သားထားပြီဖြစ်၏။

သို့သော် ယခု လီစုကျိ လုံးဝလှုပ်ရှားခြင်း မရှိပါ။

မျက်နှာပြင်တွင်လည်း တုံ့ပြန်မှု အမူအရာမရှိပါ။

သူသည် ယခုအခါ ကွမ်းစန်ချိန်း ဟူသော နာမည်ကို မကြားဖူး မသိဖူးသော လူတစ်ယောက်ကဲ့သို့ မလှုပ်မယှက် ရှိနေလေသည်။

ထန်ရဲက လီစုကျိအား ပြုံးပြလိုက်ပြီး...

"ဒီနာမည်ကို ခင်ဗျားကြားဖူးသလား၊ ဒီလူကော သိပါသလား"

"ကျွန်တော် သိတယ်"

လီစုကျိက မဆိုင်းမတွ ပြန်ဖြေသည်။

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

ထန်ရဲက ပြုံးစိစိဖြင့် ပြန်မေးလိုက်သည်။

"သူက ရှန်နိုင်ငံထဲက ထိပ်သီးပညာရှိ သုံးယောက်ထဲက တစ်ယောက် အပါအဝင်ပေါ့ သူက သူ့မိတ်ဆွေရင်း လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ လီစုရင်ကိုသတ်ပြီး ထူးနိုင်ငံကို ထွက်ပြေးလာတဲ့လူပေါ့"

သူက ရှင်းပြသည်။

ရှင်းပြနေသော်လည်း သူ၏မျက်နှာပြင်မှာ အတတ်နိုင်ဆုံး ပြုံး၍ ပြောပြနေခြင်း ဖြစ်သည်။

"တကယ်တော့ ကျွန်တော်က နိုင်ငံရေးသမား မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီသတင်းဟာ တစ်ပြည်လုံးကို ပျံ့နှံ့နေတာပဲ၊ ကလေးက အစသိကြပါတယ်"

ထိုအခါ ထန်ရဲက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

သူက လီစုကျိုကို ကြည့်ပြီး....

"အဲဒီအမျိုးသမီးပြီးတော့ နောက်ကြောက်ရမယ့် အမျိုးသမီးတစ်ယောက် ရှိသေးတယ်"

လီစုကျိုက မျက်ခုံးတစ်ဖက်ပင့်၍ ကြည့်လိုက်ပြီးနောက်....

"ခင်ဗျားကို ကျုပ်ထင်နေတာက ဘယ်သူမှ ကြောက်တဲ့လူမဟုတ်ဘူးလို့ ထင်နေတာ၊ အခုမှပဲ ခင်ဗျားမှာ ကြောက်ရမယ့်သူတွေ ပေါ်လာချည်လားလို့ သိရတော့တယ်၊ ကဲ... ဆိုစမ်းပါဦး၊ နောက်အမျိုးသမီး တစ်ယောက်က ဘယ်သူလဲ"

ထန်ရဲက....





"သူလဲ ဒေါ်လေးလို့ အခေါ်ခံရတဲ့ အမျိုးသမီးလိုပဲ နေရာတကာမှာ စပ်စုတယ်"

လီစုကျိုက မျက်မှောင်ကုတ်ပြီးလျှင်....

"အဲဒီအမျိုးသမီးကို ခင်ဗျားက ဘာဖြစ်လို့ ကြောက်ရတာလဲ"

"သူက ကျုပ်နှမလေ"

သူ၏စကားကြောင့် လီစုကျို၏ ကွဲထဲမည်းနက်သော မျက်ခုံးအစုံအပေါ်သို့ ပြေးတက်သွားသည်။

စကားမပြောနိုင်ဘဲ ဖြစ်သွားသူမှာ လီစုကျို ဖြစ်နေသည်။

ထန်ရဲက ပြုံးပြလိုက်ပြီး....

"ဒါပေမယ့် ကျုပ်က ဝင့်ကျွတ်ခါနီးနေပါပြီ"

လီစုကျိုက မျက်မှောင်ကုတ်ပြီးပြန်မေးသည်။

"ဘာလဲ၊ သူက ယောကျ်ားယူတော့မလို့လား"

"ဟုတ်တယ်"

"သူယူမယ့်ယောကျ်ားက ဘယ်သူလဲ"

ထိုအခါ ထန်ရဲက တစ်လုံးချင်းပြန်ဖြေလိုက်သည်။

"လွှီထင်းကျဲ"

* * *

လွှီထင်းကျဲ။

မှန်သည်။

သူသည် လူတစ်ဦးတစ်ယောက်၏ အမည်သာဖြစ်ပါသည်။

သို့သော် လှထင်းကျဲသည်သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။ လှထင်းကျဲသည် မိုးကြိုးလက်နက်များ တီထွင်လိုက်သော ပညာရှင်တစ်ယောက်သာဖြစ်သည်။

လီစုကျိ လမ်း၌ကြုံဆုံခဲ့သော အဆိပ်ခြောက်ဖော် သို့မဟုတ် လှ ခြောက်ဖော်တို့မှာ လှထင်းကျဲ၏ မိသားစုများ ဖြစ်ကြလေသည်။

လှထင်းကျဲသည် လွန်ခဲ့သောနှစ်ကစ၍ ထူးနိုင်ငံအတွက် မိုးကြိုးလက်နက်များ တီထွင်ပေးသော သတင်းကို လီစုကျိ ကြားသိခဲ့ပြီးဖြစ်လေသည်။

ယခု....

သူသည် မမျှော်လင့်ဘဲ လှထင်းကျဲ၏သတင်းကို ကြားလိုက်ရသောအခါ ရင်ထဲဝယ် အနည်းငယ်လှုပ်ခတ်သွားရလေသည်။ ်

စိတ်ထဲမရှင်းသည့်အချက်တစ်ချက်တော့ ရှိပါသည်။

အကြောင်းကား....

လှထင်းကျဲသည် ထန်းရဲ၏ နှမနှင့်ပင် လက်ဆက်ရဖို့အခြေအနေ ရှိနေသည်။

ဤသို့ဆိုလျှင်....

ခေတ္တခဏ တည်းခိုစားသောက်သည့် ထမင်းဆိုင်၌ လှ ခြောက်ဖော်သည် အဘယ်ကြောင့်ဖန်ချီအားတိုက်ခိုက်လုယူဖို့ ကြိုးစားရပါသနည်း။

သူသည် တွေးမရပါ။

ထိုစဉ်....





ချိုလွင်သော ချူသံများကို ကြားလိုက်ရသဖြင့် လီစုကျိ ကပျာကယာ မော့ကြည့်လိုက်သည်။

ဤတွင်....

ခိုအုပ်တစ်စု ပျံသန်းနေသည်ကို တွေ့လိုက်ရလေသည်။

ပြာလဲ့လဲ့ကောင်းကင်ပြင်၌ ဖြူဖွေးသောခိုများ အေးဆေးစွာ ပျံသန်းနေကြလေသည်။

ခိုများ၏လည်ပင်းမပေါ်၌ ရွှေရောင်တဖိတ်ဖိတ် တောက်ပနေသော ချူများ ချိတ်ဆွဲထားသည်။

ထို့ကြောင့် ကောင်းကင်ပြင် တစ်ခုလုံး၌ ချူသံများဖြင့် ဆူညံ၍ နေတော့သည်။ ချူသံများမှာ ချိုလွင်၍ ကြားရသူအပေါင်း၏နားကို အေးချမ်းစေပါသည်။

ခိုအုပ်သည် ကောင်းကင်ပြင်မှ တဖြည်းဖြည်း နိမ့်ဆင်းလာသည်။ ခိုအုပ်နိမ့်ဆင်းလာလေ ချူသံမှာပို၍ပီပြင်စွာကြားရပြီး လူတို့၏ နှလုံးသားဝင် ပို၍ပီတိဖြစ်စေပါသည်။

ထို့နောက်....

အနောက်ဘက်တွင် အထီးတည်းရှိသော တောင်ကလပ်ဆီသို့ ဦးတည်ပျံသွားကြလေသည်။

အဆိုပါခိုအုပ်များကို မြင်လိုက်ရသော လူထုအပေါင်းတို့မှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့သည်။

အော်ကြ ဟစ်ကြသည့် အသံများ ပွက်လောရိုက်အောင်ပေါ်ထွက်လာလေသည်။

လမ်းမပေါ်မှ အော်ဟစ်သံကြောင့် ဆိုင်ထဲမှ လူများ အပြင်ဘက်သို့ ပြေးထွက်လာကြသည်။ သူတို့သည်လည်း

ကောင်းကင်ပြင်တွင် ပျံသန်းသွားသော ခိုများကိုကြည့်ကာ အော်ဟစ်ရယ်မောသံများ ညံစီဝေသွားသည်။

"ဟေ့....မင်းသားကြီး အောင်ပွဲခံလိုက်ပြီပေါ့"

ထိုအသံသည် လမ်းမတစ်ခုလုံးတွင် ဆူညံစွာ ပဲ့တင်ထပ်သွားရပြန်လေသည်။

ထန်ရဲက ထိုမြင်ကွင်းကို ဝမ်းသာပီတိဖြစ်ကာ ပြုံးနေလေသည်။

လီစုကျိုမှာ ထိုလူစုကိုကြည့်ပြီး ဘာမှနားမလည်ဟန်ဖြင့် ကြည့်လိုက်ပြီး နောက်မှမေးလိုက်သည်။

"ဘာတွေဖြစ်နေကြတာလဲဗျ မင်းသားကြီးဆိုတာ ဘယ်သူလဲ"

ထန်ရဲက....

"ထန်ကျားခံတပ်ရဲ့ သခင်ကြီးရဲ့ သားကြီး ထန်အော့ပေါ့"

လီစုကျိုက မျက်မှောင်ကုတ်သွားပြီး....

"ခင်ဗျားကကော"

"ကျုပ်ကလဲ သခင်ကြီးရဲ့ သားကြီးပဲပေါ့ဗျာ"

ထန်ရဲက ပြန်ဖြေသည်။

လီစုကျိုက ပြန်မေးသည်။

"ခင်ဗျားတို့က ညီအစ်ကို အရင်းတွေလား"

"ဟုတ်ပါတယ်"

ထိုအခါ လီစုကျို မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့် ခင်ဗျားက ထန်အော့နဲ့ ဘယ်သူ အကြီးလဲ"





"မပြောတတ်ဘူး"

ဤတွင် လီစုကျို၏ မျက်ခုံးအစုံသည် ဒုတိယအကြိမ် အပေါ်သို့ မြင့်တက်သွားပြန်လေသည်။

"ခင်ဗျားက ဘာဖြစ်လို့ မပြောတတ်ရတာလဲ"

ထန်ရဲက ပခုံးတစ်ချက်တွန့်ပြီး....

"ကျုပ်အမေကတော့ ကျုပ်ကို အရင်မွေးတယ်လို့ပြောတယ်၊ သူ့အမေကလဲ သူ့သားကို အရင် မွေးတယ်လို့ပြောတယ်၊ အမှန်ကတော့ ဘယ်သူက အရင်မွေးတယ် ဘယ်သူတစ်ဦးတစ်ယောက်ကမှ မသိဘူး၊ သို့သော်လဲ ဘယ်သူကမှလဲ ဒုတိယပနေချင်ဘူး၊ ဒါကြောင့် နှစ်ယောက်စလုံးအကြီးလို့ပဲ ခေါ်ကြတာပေါ့"

သူသည် အကြီးအငယ်နှင့် ပတ်သက်၍ စုံစုံလင်လင်ရှင်းပြသည်။

ထို့နောက် ထန်ရဲက လီစုကျိုကို ပြုံးပြကာ....

"အင်း....ခင်ဗျားအနေနဲ့ ခင်ဗျားရဲ့အဖေဟာ မယားများများ ယူတဲ့အခါ သဘောပေါက်လာပါလိမ့်မယ်"

ယခုအခါ လီစုကျိုသည် ထန်ရဲတို့ညီအစ်ကိုအကြောင်းကို အတော်ပင် သဘောပေါက်လာသည်။

ထန်ရဲတို့ ညီအစ်ကိုသည် ဖအေတူ အမေကွဲများ ဖြစ်ပြီး တစ်ဦးနှင့် တစ်ဦး ရင်းရင်းနှီးနှီး မရှိသည်ကို သဘောပေါက်နားလည်လိုက်လေသည်။

သို့သော်....

လီစုကျိုက သူ နားမလည်သည့် အချက်ကိုတော့မေးလိုက်သည်။

"ဒီလိုဆို ဖန်ချီကကော...."

ထိုအခါ ထန်ရဲက ရယ်မောလိုက်ပြီး....

"သူလဲပဲ မင်းသားကြီးပါပဲ၊ ဘာဖြစ်လို့လဲ ဆိုရင် ကျုပ်အဖေက မယားသုံးယောက် ရှိတယ်"

လီစုကျိုက သူ၏စကားကို စောဒက မတက်တော့ပါ။

* * *

ခိုတွေပြန်လာတယ်ဆိုတာ မင်းသားကြီး ထန်အော့က လေးကြိမ်တိတိ အနိုင်ရတဲ့သဘောပါပဲ။

ထန်ရဲက ခိုနှင့်ပတ်သက်၍ ရှင်းပြသည်။

လီစုကျိုမှာ နားမလည်နိုင်စွာဖြင့် ထန်ရဲကို ကြည့်နေလေသည်။

ထန်ရဲက လီစုကျိုအား သဘောမပေါက်မှန်း သိ၍ပြုံးလိုက်ပြီး....

"ဒီလိုပါ၊ ထန်ကျားခံတပ်မှာ ကျုပ်တို့ ညီအစ်ကိုသုံးယောက်ဟာ လက်နက်ပုန်းနဲ့ အဆိပ်ကို သုံးတတ်တယ်၊ ဒါကြောင့် သိုင်းသမားကောင်း မပီသဘူးလို့ လူတကာရဲ့ အပြောကို ခံနေရတယ် ဒါကြောင့် ထန်အော့က သိုင်းလောကမှာ ကျော်ကြားနေတဲ့ ဓားသမားလေးယောက်နဲ့ ဓားချင်းယှဉ်ပြိုင်ဖို့ ချိန်းဆိုခဲ့တယ်"

လီစုကျိုက ခေါင်းညိတ်လိုက်သည်။





သူက....

"ကျွန်တော် သဘောပေါက်ပါပြီ၊ ထန်အော့က ဒီလိုစကားမျိုးပြောဟာ မခံချင်လို့ ဓားသမား လေးယောက်ကို ဓားနဲ့ယှဉ်ပြိုင်ပြီး အနိုင်ရခဲ့ပါတယ်ဆိုတဲ့ သတင်းရောက်လာလို့ အားလုံးသောလူအပေါင်းက ဝမ်းသာအားရဖြစ်နေကြတယ် မဟုတ်လား"

ထန်ရဲက ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူက ပြုံးကျယ်သော မျက်လုံးဖြင့်....

"ဟုတ်တယ်၊ ဒါကို ခင်ဗျားမယုံဘူးလား၊ မယုံဘူးဆိုရင် ထန်အော့ ဓားစွမ်းရည် ဘယ်လောက်ထက်မြက်တယ်ဆိုတာ သူပြန်လာမှ စမ်းကြည့်မပေါ့"

ထိုအခါ လီစုကျိုက အော်ဟစ် ရယ်မောလိုက်ပြီး....

"မလုပ်ပါနဲ့၊ ကျုပ်က သိုင်းသမားတစ်ယောက် အခုချိန်အထိ မဟုတ်သေးပါဘူး"

ခိုများပျံသန်း၍ အဝေးသို့ရောက်ရှိသွားပြီးနောက် ထန်ရဲ၏ ချောမောလှပသော လူငယ်သည် ပြန်လည် ရောက်ရှိလာလေသည်။

သူက ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာသည်။

ယခုအခါ ရုပ်ချောချောလူငယ်၏ ဟန်ပန် အမူအရာမှာ ဝမ်းသာပီတိ ဖြစ်နေပုံရသည်။

သူသည် လီစုကျိုတို့နှစ်ဦး ရပ်နေသည့် နေရာသို့မရောက်သေးမီကပင် ကျယ်လောင်သော အသံပြုလျက်ပြောလိုက်လေသည်။

"ဟော....သိပ်ဝမ်းသာစရာကောင်းတယ်ဗျို့"

ထန်ရဲက လူငယ်အား မကျေနပ်သောအကြည့်ဖြင့် ကြည့်ကာ မေးလိုက်သည်။

"မင်းသားကြီး အနိုင်ရတာနဲ့ မင်းနဲ့ ဘာဆိုင်သလဲ"

သူက ရုပ်ချောချောလူငယ်အား ကြိမ်းမောင်းပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဤတွင် ကျော်ပိုက ပခုံးတစ်ချက် တွန့်ပြလိုက်ပြီးနောက်....

"ဘာမှမဆိုင်ပါဘူးဗျ"

သူ့စကားကြောင့် ထန်ရဲ မျက်မှောင်ကုတ်သွားပြီး....

"ဒါဖြင့် မင်းက ဘာပြုလို့ ဝမ်းသာနေရတာလဲ"

ကျော်ပိုက....

"ကျွန်တော်က ဖန်ချိုအတွက် ပြောနေတာပါ"

"ဘာဖြစ်လို့လဲ"

"သူက အခု သက်သာလာပြီလေ၊ အခု ဖန်ချို အားဆေးတွေတောင် သောက်နေပြီဗျ"

ချောမောသောလူငယ် ကျော်ပိုက ပြောပြနေလေသည်။

* * *

ဖန်ချို အားဆေးပင် သောက်နိုင်နေပြီဆိုသောသတင်းကို လူချောကလေးကျော်ပိုက ယူလာခဲ့ခြင်းဖြစ်သည်။

လူနာတစ်ယောက်က အားဆေးကိုပင် သောက်နိုင်ခဲ့လျှင် သူဖြစ်ခဲ့သည့် တွေ့ကြုံခဲ့ရသည့်အကြောင်းအရာ များစွာကို ပြန်ပြောနိုင်သည်မှာ ကောင်းမလွဲပါ။





သူကသာ ဖြစ်ပြီးခဲ့သမျှသော အကြောင်းအရာကို ပြန်ပြောနိုင်လျှင် လီစုကျိုအတွက် တွေးဝှံဖွယ်ရာ မရှိတော့ပါချေ။

သို့သော်....

လီစုကျိုက မတုန်လှုပ်ပါ။

ကြွေ့လည်း မပျက်ခဲ့ပါချေ၊

နည်းနည်းမှပင် ဟန်အမူအရာ မပျက်ခဲ့ပါ။

ထန်ရဲကလည်း လူမှုါးလူနပ်တစ်ယောက်ပင် ဖြစ်သည်။ သူက လီစုကျိုအား အကဲခတ်သောမျက်လုံးဖြင့် ကြည့်ကာ....

"ဖန်ချိုဟာ ခင်ဗျားရဲ့မိတ်ဆွေဆိုတာ ဟုတ်ပါတယ်နော်"

ဟု စတင်မေးလိုက်လေသည်။

လီစုကျိုက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်ဗျာ"

ထန်ရဲက....

"ခင်ဗျားမိတ်ဆွေဖန်ချို အခုလို နေကောင်းသွားတာ ဝမ်းမသာဘူးလား"

"ဝမ်းသာတာပေါ့ဗျ"

လီစုကျိုက ခပ်အေးအေးပင် ပြန်ပြောသည်။

ထန်ရဲက ဦးခေါင်းခါယမ်းလိုက်ပြီး....

"ဒါပေမယ့် ခင်ဗျားရဲ့ပုံကိုကြည့်ရတာ ဝမ်းသာတဲ့အမူအရာ ဘာမှမတွေ့ရဘူး"

"ဒါကတော့ ဒီလိုရှိပါတယ် ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့ခင်ဗျား တူနေလို့ပဲ"

လီစုကျိက ထန်ရဲအား တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"ဘာဖြစ်လို့"

"ဝမ်းသာသည်ဖြစ်စေ၊ ကြောက်ရွံ့သည်ဖြစ်စေ အခြားသူတွေ မမြင်မတွေ့အောင် ဖုံးကွယ်ထားတတ်လို့ပဲ"

"ခင်ဗျားဝမ်းထဲမှာ ကြောက်နေတဲ့အခါမှာ မျက်နှာကို ပြုံးထားတတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား ရယ်မောနေပေမယ့် ဝမ်းထဲမှာ ဝမ်းသာနေချင်မှနေမယ် မဟုတ်လား"

"မှန်တယ်"

ထန်ရဲ ထိုစကားကို ကြားလိုက်ရသောအခါ အားရပါးရ အော်ဟစ်ရယ်မောလိုက်ပြီး....

"ဟေး....ဟေး....ဟေး ခင်ဗျားလိုလူမျိုးကိုတော့ ကျုပ်တော့ ကြိုက်သွားပြီ၊ နောင်တစ်ချိန်မှာ ကျုပ်တို့ဟာ မိတ်ဆွေတွေ ဖြစ်သွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"ဖြစ်လိမ့်မယ်လို့တော့ မထင်ဘူး"

လီစုကျိက မျက်မှောင်ကုတ် စဉ်းစားရင်း ပြန်ပြောလေသည်။

ထန်ရဲက နားမလည်နိုင်စွာဖြင့်....

"ဘာဖြစ်လို့လဲ"

လီစုကျိက လေသံအေးအေးဖြင့်....





"ကျွန်တော်လဲ ခင်ဗျားလိုပါပဲ၊ ပါးစပ်က ဖြစ်လိမ့်မယ်လို့ ပြောနေပေမယ့် ရင်ထဲမှာက ဒီလိုတွေးချင်မှ တွေးမှာဗျ"

ထန်ရဲက အားတက်သရောလေသံပြုလျက်....

"ဒီလိုဆို ခင်ဗျားပါးစပ်က ဖြစ်လိမ့်မယ်မထင်ဘူး ပြောလိုက်တာဟာ ခင်ဗျားရဲ့စိတ်ထဲမှာ ကျုပ်ကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုပြီးပြီဆိုတဲ့ သဘောလား"

"ပြုပြီးချင်မှ ပြုလိမ့်မယ်"

ထိုအခါ ထန်ရဲက အော်ဟစ်ရယ်မောလိုက်ပြီး....

"ဟား ဟား ဟား.... လောကကြီးဟာ ငါလိုလူမျိုးတွေလဲ ရှိပါသေးသလားကွာ၊ ဟေး....ဟေး"

လီစုကျိက ထန်ရဲ အားရပါးရ ရယ်မောနေသည်ကို အေးဆေးစွာ ကြည့်နေလေသည်။ သူ အရယ်ရပ်မှ မေးလိုက်သည်။

"အခု ကျွန်တော့်ကို ဖန်ချီဆီ ပို့ပေးမလို့လား"

ထန်ရဲ၏ ပြုံးနေသော မျက်လုံးအစုံက အပ်တစ်ချောင်းပမာ လီစုကျိအား စူးစိုက်ကြည့်လိုက်ပြီး....

"ခင်ဗျား သူ့ကို မတွေ့ချင်ဘူးလား"

"ဖန်ချီက ကျွန်တော် လိုက်လာတာသိရင် ကျွန်တော့်ကို တွေ့ချင်မှာပဲနော်"

လီစုကျိက ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ ဖန်ချီဟာ ခင်ဗျားကို တွေ့ချင်နေမှာပါပဲ" ထန်ရဲက ပြောသည်။

"ဒါကြောင့် ကျွန်တော် သူ့ကို သွားမတွေ့ချင်လို့ ဘယ်ရတော့မှာလဲ"

"ဟုတ်တယ်၊ ခင်ဗျားလဲ သူ့ကို တွေ့ချင်နေမှာပဲ"

ထိုခါ ထန်ရဲကပြောရင်း ရယ်မောလိုက်ပြီး....

"အဲမှန်တကယ်တော့ ခင်ဗျားကို တွေ့ချင်တဲ့ လူဟာ တစ်ယောက်တည်းမကပါဘူး"

သူ၏စကားကြောင့် လီစုကျိ မျက်မှောင်ကုတ်သွားသည်၊

"ဘယ်သူများ ကျုပ်ကို တွေ့ချင်ရတာလဲ"

"မိတ်ဆွေတစ်ယောက်ပါ"

"ဘယ်သူ့ မိတ်ဆွေလဲ"

"ကျုပ်မိတ်ဆွေပါ"

"ခင်ဗျားမိတ်ဆွေက ဘာဖြစ်လို့ ကျုပ်ကို တွေ့ချင်ရတာလဲ"

လီစုကျိက ပြန်မေးလိုက်သည်။

"သူက ခင်ဗျားကို မှတ်မိနေတယ်လို့ ပြောလို့ပေါ့"

ထန်ရဲ၏ စူးရှသော မျက်လုံးအစုံသည် လီစုကျိအား စူးစိုက်ကြည့်ရင်းမှ....

"ခင်ဗျားက သူ့ကို သိချင်မှသိမယ်၊ ဒါပေမယ့် ခင်ဗျားကို သူက ကောင်းကောင်းသိတယ်" ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။

* * *





လမ်းမကြီးက အလွန်ရှည်လျားသည်။

ရှည်လျားရုံမက ဖြောင့်ဖြူးသန့်ရှင်းလို့ပင် နေသေး၏။ အဆိုပါလမ်းမကြီး၏တစ်ဖက်အစွန်တွင် ကြီးကျယ်ခံ့ညားသော ဘုံကျောင်းတစ်ခု ရှိနေလေသည်၊

ခြံဥယျာဉ်၏ အလယ်၌ အဆောက်အအုံကလေးတစ်လုံး တည်ရှိနေပြန်သည်။

ထန်ရဲနှင့် လီစုကျိတို့ သန့်ရှင်းလတ်ဆတ်သော ဥယျာဉ်တွင်းမှ ပန်းရနံ့ကို ရှူရှိုက်ရင်း အိမ်ကလေးဆီသို့ ဦးတည်လာနေသည်။

အိမ်ကလေးရှေ့သို့ရောက်သည်နှင့် ထန်ရဲက လက်ညှိုးထိုးညွှန်ပြလိုက်ပြီးနောက်....

"သူတို့ ခင်ဗျားကို အဲဒီအိမ်ကလေးထဲကနေ စောင့်နေတယ်"

ထိုအခါ လီစုကျိက ထန်ရဲအား ကြည့်လိုက်ပြီး....

"သူတို့ဆိုတာက ဖန်ချိုနဲ့ ခင်ဗျားရဲ့မိတ်ဆွေကို ပြောတာမဟုတ်လား" ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ်"

လမ်းခရီးတစ်လျှောက်လုံး ထန်ရဲသည် လီစုကျိအကြောင်း တစ်လုံးတစ်ပါဒမှ လုံးဝမပြောခဲ့ပါ။

ဤကဲ့သို့ မပြောခြင်းသည် အဆိုပါမိတ်ဆွေဆိုသူက သူ၏အကြောင်းအရာများအားလုံး ကြိုတင်ပြောကြားခဲ့ခြင်းလော။

သူ တွေးမရပါ။

ယခုအခါ လီစုကျီသည် ထန်ရဲ ဆင်ထားသော ထောင်ချောက်ထဲသို့ ရောက်နေပြီဖြစ်ကြောင်း နားလည်လိုက်လေပြီ။

အကယ်၍ ဖန်ချီသာ ပြန်လည် ကောင်းမွန်လာလျှင် လီစုကျီအား ကောင်းကောင်း မှတ်မိမည်သာ ဖြစ်သည်။

လီစုကျီ ထိုအိမ်ကလေးထဲသို့ ခြေတစ်လှမ်း လှမ်းဝင်လိုက်တိုင်း သူသည် သေမင်းခံတွင်းသို့ သက်ဆင်းသွားသည်နှင့် မခြားတော့ပါ။

သူ့အတွက် အန္တရာယ်သည် လက်တစ်ကမ်းအကွာ၌အသင့်စောင့်နေချေပြီ။

အခြေအနေအရပ်ရပ်သည် လီစုကျီအတွက် ကောင်းအောင်ဖန်တီးပေးခြင်း မရှိပါ။

လီစုကျီ ယခုအချိန် ထွက်ပြေးလျှင် အခွင့်အရေးရှိကောင်းရှိနိုင်ပေမည်။

သို့သော် လီစုကျီ ဣန္ဒြေ လုံးဝမပျက်ပါ။

မျက်နှာအမူအရာလည်းသာမန်အနေအထားမျိုးပင်ဖြစ်နေသည်။

သူသည် ခြေလှမ်းမှန်မှန်ဖြင့် လှမ်းသွားနေသည်။

★



## အခန်း ( ၂၂ )

## စောရကြယ်တံခွန်

ပန်းပင်များ လှပစွာ ဖူးပွင့်နေသည်။

စိမ်းလန်းစိုပြည်သောသစ်ပင်များကြား၌ အဆောက်အအုံတစ်ခု ရှိနေလေသည်။

အဆိုပါ အဆောက်အအုံမှာ သပ်ရပ် သေသပ်လှသည်။ ဒါ့အပြင် ခံ့ညားထည်ဝါသည်။

အဆောက်အအုံ၏ တံခါးမှာ စေ့ရုံစေ့ထားသည်။

ထန်ရဲ လက်ကို ဆန့်ထုတ်လိုက်သည်။

သူသည် တံခါးကို ခေါက်ရန် ဆန့်ထုတ်လိုက်ခြင်းလော။

ဒါမှမဟုတ် တွန်းဖွင့်ရန် လက်ဆန့်တန်းလိုက်ခြင်းလော။

သို့သော် ထန်ရဲသည် တံခါးကို မခေါက်ခဲ့ပါ။ တွန်းဖွင့်ခြင်းလည်း မပြုခဲ့ပါချေ။

သူက ရပ်လျက်နေရာမှ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။ ထိုအခါ သူသည် လီစုကျီနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားရလေသည်။

"ခင်ဗျားကိုတော့ ကျုပ် ချီးကျူးရမှာပဲ"

သူက လီစုကျီကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

လီစုကျီက မျက်မှောင်ကုတ်၍ မေးလိုက်သည်။

ထန်ရဲက စေ့စေ့ကြည့်ပြီး....

"ခင်ဗျားက ဒီအထိတောင် ရောက်အောင်လာရဲတဲ့သတ္တိကို ချီးကျူးရမှာပဲ"

"အဲဒါ ဘာဖြစ်လို့လဲ"

"ခင်ဗျားဟာ ဖန်ချီရဲ့ မိတ်ဆွေတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်သိထားလို့ပဲ"

လီစုကျီ တုန်လှုပ်ခြင်း မရှိပါ။

ထိုအခါ ထန်ရဲက သူ၏စကားကို ဆက်သည်။

"ဖန်ချီရဲ့အကြောင်းကို ကျုပ်အသိဆုံးပါ၊ သူ့လိုလူမျိုးဟာ ဘယ်တော့မှ မိတ်ဆွေမရှိဘူး"

ထိုအခါ လီစုကျီက အေးတိအေးစက် လေသံဖြင့်....

"ထားပါတော့လေ၊ သူ့မိတ်ဆွေမဟုတ်ရင် ကျွန်တော်က ဘာလဲ"

ထန်ရဲက ချက်ချင်းပင်....

"မိတ်ဆွေမဟုတ်ရင် ရန်သူပေါ့"

လီစုကျီက ပြန်၍....

"ဆိုစမ်းပါဦး"

"ရန်သူဆိုတာ အမျိုးမျိုးရှိတယ်၊ ကြောက်စရာအကောင်းဆုံး ရန်သူဟာ ဘာလဲဆိုတော့ သူလျှိုပါပဲ"





ထန်ရဲက ရှင်းပြလိုက်သည်။

"ဒါဖြင့် ကျွန်တော်က ဘယ်အမျိုးအစားထဲကလဲ"

လီစုကျီက ပြန်မေးသည်။

ဤတွင် ထန်ရဲကပြန်၍ ချက်ချင်း ဖြေသည်။

"ခင်ဗျားဟာ ကြောက်စရာ အကောင်းဆုံး အမျိုးအစားထဲကပဲဗျ"

သူ ပြန်ပြောလိုက်သောစကားကြောင့် လီစုကျီ သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးလျှင်....

"အင်း....သူလျှိုတစ်ယောက်ဟာ ကျုပ်နောက်ကိုကပ်ပြီး လိုက်လာရဲတာ နည်းတဲ့သတ္တိမှမဟုတ်တာ၊ အဲဒါဟာ တကယ် ချီးကျူးစရာပေါ့"

လီစုကျီက....

"ဒါကဗျာ....တကယ်တော့ ချီးကျူးလောက်တဲ့ သတ္တိမျိုး မဟုတ်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"ဥပမာဗျာ....ကျွန်တော်ကသူလျှိုတစ်ယောက်ဆိုပါတော့၊ ကျွန်တော်လဲ ခင်ဗျားနောက်ကို လိုက်လာရဲမှာပဲ"

"ရှင်းစမ်းပါဦး"

ထိုအခါမှ လီစုကျီက ရှင်းပြသည်။

"အမှန်တော့ ဖန်ချီဟာ သတိရနိုင်စရာ အကြောင်းမရှိသေးပါဘူး၊ ဒါကို ကျွန်တော် သိထားပါတယ်၊ ခင်ဗျားဆိုက ဖန်ချီဟာ အားဆေးတောင် သောက်နိုင်နေပြီဆိုတာဟာ ကျွန်တော့်ကို စမ်းလိုက်တာပါ"

သူ၏စကားကို ထန်ရဲက စူးရှတောက်ပသော မျက်လုံးများဖြင့် နားထောင်နေသည်။ သူက....

"ဖန်ချီ သတိမရနိုင်သေးဘူးလို့ ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်သလဲ"

ဤတွင် လီစုကျိုက ပြုံးလိုက်ပြီး....

"အားဆေးဆိုတာ အဆိပ်ရှိတဲ့လူနာကို မကျွေးကောင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဆိပ်မိတဲ့ လူတစ်ယောက်ကို အားဆေးတိုက်ကျွေးရင် သူ့မှာမိနေတဲ့ အဆိပ်ကပိုပြီး ပြင်းထန်လာတတ်တယ်လေ"

သူက စကားကို ရပ်လိုက်ပြန်သည်။

ခဏကြာမှ သူက ဆက်၍ရှင်းပြသည်။

"ခင်ဗျားတို့ ထန်ကျားခံတပ်က လူတွေဟာ အဆိပ်အသုံးပြုတဲ့နေရာမှာ အခြားလူတွေထက် အများကြီး ကျွမ်းကျင်တယ်၊ ဒါကြောင့် ဖန်ချီကို အားဆေးကျွေးလိမ့်မယ် မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်"

ထန်ရဲက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ဒါတော့ ကျုပ်လဲ နားလည်ပါတယ်"

လီစုကျိုက မဲ့ပြုံးပြုံးပြီး ကျော်ပိုကို လှည့်ကြည့်လိုက်ကာ....

"ဒါပေမယ့် ခင်ဗျားအဖော်က အဆင်းလှသလောက် ပါးနပ်မှုမရှိတာက ခက်တယ်"

ကျော်ပိုမှာ လီစုကျိုစကားကြောင့် သူ၏ နုနယ်လှပသော မျက်နှာတစ်ခုလုံး နီရဲသွားလေတော့သည်။





သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး လီစုကျိုအား မကျေမနပ်ဖြင့်ပြူးကြည့်နေသည်။လီစုကျိုစကားကြောင့် ကျော်ပို ဒေါသထွက်နေပြီဖြစ်သည်။

သူတို့နှစ်ဦး၏ အခြေအနေကြည့်နေသော ထန်ရဲက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောသည်။

"ဟုတ်တယ်၊ ကျုပ်ရဲ့ တပည့်ဟာ အပြင်ပန်း ရုပ်ရည်ကလေး လှသလောက် အကြံဉာဏ် နည်းနေတယ်၊ ခင်ဗျားကြည့်ရတာ ရုပ်ဆိုးသလောက် အကြံဉာဏ်က အများတကာ လိုက်မမီအောင် သွက်လက်နေတယ်"

ထိုအခါ လီစုကျိုက ရင်ကို ကော့လိုက်ပြီး....

"ဒါကြောင့် ကျုပ် ဒီကို ရောက်လာတာပေါ့"

ထန်ရဲက တစ်ချက် ပြုံးပြီးလျှင်....

"ဒါပေမယ့် ခင်ဗျား တစ်ခုတော့ မတွက်မိဘူး မဟုတ်လား"

"ဘာများလဲ"

လီစုကျိုက ပြန်မေးသည်။

သူ၏ ပြန်မေးချက်ကို ထန်ရဲက မြေပြင်ပေါ်ကို လက်ညှိုးထိုးပြလိုက်ပြီးနောက်....

"ခင်ဗျားမတွက်မိတာက ဒီနေရာမှာ ခင်ဗျားနဲ့သိကျွမ်းတဲ့ မိတ်ဆွေတစ်ယောက် ရှိနေတယ်ဆိုတာ"

သူ့စကားကြောင့် လီစုကျို ပါးစပ်ပိတ်ထားလိုက်လေသည်။ လူ စကားမပြောတော့ပါ။

စကားမပြောဘဲ တုံကျိဘာဝေနေသော လီစုကျိကို ထန်ရဲက အကဲခတ်ကြည့်ရင်းမှ....

''ဘာလဲ....ခင်ဗျားက မယုံဘူးလား''

ယခုအခါတွင် လီစုကျိ မယုံ၍ မဖြစ်တော့ပါ။

အကြောင်းကား ထန်ရဲက စေ့ထားသော တံခါးနှစ်ချပ်ကို တွန်းဖွင့်လိုက်သောကြောင့် ဖြစ်လေသည်။

တံခါးပွင့်သွားသည်နှင့် လီစုကျိသည် မိတ်ဆွေတစ်ယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

သူ တွေ့မြင်လိုက်ရသူမှာ ထန်ရဲ၏မိတ်ဆွေဖြစ်သလို တစ်ချိန်က မိမိ၏မိတ်ဆွေရင်းတစ်ယောက်လည်း ဖြစ်နေလေသည်။

* * *

ထိုမိတ်ဆွေကား....

''စာကလေး''ဖြစ်နေလေသည်။

သူ၏အမည်ရင်းမှာ ''ချင်ကော့ဖူး''ဖြစ်သည်။

သို့သော်....

အများက သူ့အား စာကလေးဟု ခေါ်ကြသဖြင့် နာမည်ရင်းပင် မခေါ်ကြပါတော့ချေ။ ခေါ်မည့်သူ မရှိတော့ပါ။

တကယ်တော့ စာကလေးသည် သူခိုးဝိဇ္ဇာ စောရကြယ်တံခွန်၏ လက်ရင်းတပည့် ဖြစ်သည်။

သူသည် နိုင်ငံမဲ့လူမျိုး ဖြစ်သည်။

လွန်ခဲ့သောသုံးနှစ်ခန့်က လီစုကျိနှင့် စာကလေးသည် မိတ်ဆွေရင်းချာများ ဖြစ်ခဲ့ကြသည်။ တစ်လခန့် အတူအိပ်၊





အတူစား၊ အတူသွားလာနေထိုင်ခဲ့ကြသော ရောင်းရင်းများ ဖြစ်သည်။

ယခု....

စာကလေးသည် ထန်ရဲ၏မိတ်ဆွေရင်းချာတစ်ဦး ဖြစ်နေလေပြီ။

လီစုကျိမှာ စာကလေးကိုတွေ့လိုက်ရသည်နှင့် သူ၏ ရင်အစုံကို ခဲဖြင့် အဆွဲခံလိုက်ရသည့်အလား လေးလံလာရလေတော့သည်။

* * *

ထိုအခန်းသည် တိတ်ဆိတ်အေးချမ်းသည်။

ငြိမ်သက်မှုက ရှိနေပြန်သည်။ ဓလမရှိသည့်လေဟာနယ်တစ်ခုလိုပင် ထင်ရသည်။

စာကလေးသည် ငြိမ်သက်နေသောအခန်းထဲ၌ တစ်ဦးတည်း ထိုင်နေခြင်းဖြစ်သည်။

သူ၏အနီး၌ စားပွဲတစ်လုံးရှိနေပြီး စားပွဲပေါ်၌ အရက်အိုးတစ်အိုးက အသင့်ရှိနေသည်။

စာကလေး အရက်အလွန်အကျွံသောက်ထားပုံ ရသည်။ မျက်နှာပြင်တစ်ခုလုံး ပျားအရက်ခိုးများဖြင့် ဝေနေလေသည်။

အရက်အလွန်အကျွံ မူးနေသူတစ်ယောက်သည် ရုတ်တရက် လီစုကျိကို တွေ့လိုက်ရသောအခါ ထိုင်နေရာမှ ရုတ်တရက် ထလိုက်လေတော့သည်။

"ဟာ....မင်းကိုက"

လီစုကျိုကို မဲ့ပြုံးပြုံးပြလိုက်ပြီး စာကလေးက....

"မင်းက ဒီလောက်တောင် ရဲတင်းနေပါလား ဟေ့"

သူ၏စကားက လီစုကျို၏မျက်နှာ ကွက်ခနဲ ပျက်သွားခြင်း
မရှိပါ။ သူက အေးစက်စွာဖြင့် စာကလေးကို ကြည့်နေလေ
သည်။

ထန်ရဲက တစ်ချက်ပြုံးလိုက်ပြီး စာကလေးကို ကြည့်
ကာ...

"ဒီမှာစာကလေး၊ မင်း သူ့ကို သိနေသလား"

ဟု မေးလိုက်လေသည်။

"ကျွန်တော် သိတာပေါ့"

"ဒါဖြင့် သူက ဘယ်သူလဲ"

စာကလေးက အော်ဟစ်၍....

"သူ့ကိုသာ အရင်သတ်လိုက်ပါ၊ ကျွန်တော် နောက်မှ
ပြောပြပါ့မယ်"

ထန်ရဲက....

"မင်း အရင်ပြောပါဦးလေ၊ မင်းပြောပြီးမှသူ့ကိုသတ်လဲ
ရပါတယ်"

စာကလေးက မျက်နှာတစ်ချက် မဲ့လိုက်ပြီး....

"ဒီလိုဆိုရင် ခင်ဗျား မှားသွားလိမ့်မယ်"

သူက ပြောပြီး လီစုကျိုအား လက်ညှိုးဖြင့် ညွှန်ပြလိုက်
ပြီးနောက် ဆက်ပြောသည်။





"ဒီလူဟာ ကောက်ကျစ်စဉ်းလဲတယ်၊ ကြမ်းတမ်း ရက်
စက်တယ်၊ အလွန်ကို ကြောက်စရာကောင်းတဲ့ လူတစ်ယောက်
ဗျ"

ထန်ရဲက မျက်မှောင်ကုတ်ပြီး....

"ဘာဖြစ်လို့လဲ"

စာကလေးက လီစုကျိုကို လက်ညှိုးညွှန်ပြလျက်....

"ဒီလူက လူသတ်သမား၊ ကြေးစားလူသတ်သမား၊ ဒီလူ
လူ တစ်ဆယ့်သုံးယောက်တောင် သတ်ပြီးပြီ"

ထိုအခါ ထန်ရဲ၏မျက်ခုံးအစုံသည် နဖူးပေါ်သို့ ပြေးကပ်
သွားလေတော့သည်။

* * *

ထန်ရဲက လီစုကျိုအား တစ်ချက်ကြည့်လိုက်သည်။ သူ့နား
သူ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

"သူက လူတစ်ဆယ့်သုံးယောက်တောင် သတ်ပြီးပြီဟုတ်
လား"

ဟုတ်မှန်ကြောင်း စာကလေးက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ပြောတဲ့အတိုင်းပါပဲ"

"သူက ဘာပြုလို့ လူတွေကို သတ်ရတာလဲ"

"သူ့ကို လူတစ်ယောက်က ငွေငါးသောင်း ပေးလို့"

ထိုအခါ ထန်ရဲ၏မျက်ခုံးအစုံသည် ဒုတိယအကြိမ် နဖူး
ပေါ်သို့ တက်သွားပြန်သည်၊

"အင်း.... သူက ငွေပေးရင် လူသတ်ပေးတယ် ဆိုပါတော့"

ထန်ရဲက ညည်းတွားသလို ပြောလိုက်လေသည်။

စာကလေးက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်၊ သူက ငွေပေးနိုင်တဲ့ လူအတွက် လူသတ်သမားဗျ"

ဤတွင်....

ထန်ရဲက သူ၏ ဝဖိုင့်သော ခန္ဓာကိုယ်ကို ချာခနဲလှည့်လိုက်သည်။ ထို့နောက် လီစုကျိအား စေ့စေ့ကြည့်ပြီး....

"သူပြောနေတာတွေဟာ တကယ်ပဲလား"

ထိုအခါ လီစုကျိက အေးစက်စက်လေသံဖြင့်....

"သူပြောတာတွေ မှန်ပါတယ်၊ ဒါပေမယ့် စကားတစ်လုံးတော့ လွဲနေပါတယ်"

ထန်ရဲက မျက်မှောင်ကုတ်သွားပြီး....

"ဘယ်စကားလုံး လွဲနေတာလဲ"

လီစုကျိက ဦးခေါင်း ခါယမ်းပြလျက်....

"စာကလေးပြောတဲ့ ဈေးနှုန်း မမှန်ပါဘူး"

သူက ပြောပြီး စကားကိုရပ်လိုက်သည်။ ပြီးမှ ဆက်၍ပြောသည်။

"ကျုပ် အခု လူသတ်တဲ့ အခကြေးငွေ ဈေးတက်နေပြီ၊ တစ်သိန်းမရရင် ကျုပ် လက်မခံတော့ဘူး"

ထန်ရဲက သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက်....





"လူတစ်ယောက် သတ်တယ်ဆိုတာ ငွေတစ်သိန်းဆိုတော့ မများလွန်းဘူးလား"

လီစုကျိက....

"ဈေးမများပါဘူးဗျာ။ ဈေးမှန်ပါ"

"တစ်သိန်းဆိုတာ နည်းတဲ့ငွေမဟုတ်ဘူး"

"ဟုတ်ပါတယ်ဗျာ၊ နည်းတဲ့ငွေမဟုတ်ပါဘူး၊ ဒါပေမယ့် တစ်သိန်းထုတ်နိုင်တဲ့လူလဲ ရှိတယ်ဆိုတာ ခင်ဗျားသိမှာပေါ့"

ဤတွင် ထန်ရဲက ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

"ကဲ....ထားပါတော့လေ၊ အခု ခင်ဗျား ဒီကို လိုက်လာတာဟာ တစ်ယောက်ယောက်က လူသတ်ဖို့အတွက် ငွေတစ်သိန်း ပေးလိုက်လို့ လိုက်လာတာလား"

လီစုကျိက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကျွန်တော်က ငွေရတိုင်းလဲ အလုပ်ကို လက်မခံဘူး၊ ကျွန်တော်သတ်မယ့်လူရဲ့ အခြေအနေ၊ နောက်ပြီး လူသတ်ပြီး ရှောင်တိမ်းနိုင်မယ့် အခွင့်အလမ်း ရှိမရှိဆိုတာ ကြည့်ပြီးမှ လက်ခံပါတယ်"

"ဒီလိုဆို"

လီစုကျိက....

"ကျွန်တော် အခု ထန်ကျား ခံတပ်အထိ လိုက်လာတာဟာ လူသတ်ရအောင်မဟုတ်ဘူး၊ ကျွန်တော် ဒီလောက်အထိ မအသေးပါဘူး၊ ကျွန်တော်လဲ အသက်မသေချင်သေးဘူး"

ထန်ရဲက သဘောကျစွာ ပြုံးလိုက်ပြီး....

"အေး....ခင်ဗျားမဆိုးဘူး၊ ဒီလိုတော့လဲ ကိုယ့်အန္တရာယ်ကို မြင်တတ်သားပဲ"

စာကလေးက မဲ့ပြုံးပြုံးလျက်....

"ဘာပဲဖြစ်ဖြစ် သူဒီကိုလိုက်လာတာဟာ အကြံတစ်ခုခုတော့ ရှိရမယ်ဗျ"

ထိုအခါ ထန်ရဲက စာကလေးကို လှမ်းကြည့် လိုက်ပြီးလျှင်....

"ကဲ....ဆိုစမ်းပါဦး၊ သူဒီကို ဘာလာလုပ်တာလဲ"

စာကလေးက လီစုကျိအား ရှုံမှုန်းသော အကြည့်ဖြင့်ကြည့်လိုက်ပြီး....

"သူက ကြေးစားလူသတ်သမားဆိုတော့ သူ့ကိုလိုက်ပြီး ကလဲ့စားချေမယ့်သူ ဒုနဲ့ဒေးရှိနေမှာပဲ၊ သူ ဒီကိုရောက်လာတာဟာ သူ့ကိုလိုက်နေတဲ့လူကို ရှောင်တိမ်းရင်း ပြေးလာတာပဲ ဖြစ်ရမယ်၊ ခင်ဗျားက သူ ကို ဖန်ချီရဲ့မိတ်ဆွေလို့ ထင်ရင်တော့ မှားမှာပေါ့၊ တစ်နေ့နေ့မှာ ခင်ဗျားတို့ကိုတော့ ဒုက္ခပေးမှာ ကျိန်းသေတယ်"

ထန်ရဲက ပြုံးလိုက်ပြီး....

"ကျုပ်က ဒုက္ခပေးမယ့်သူကို ကြောက်တဲ့ လူစားမျိုးဟုတ်ရဲ့လားဗျာ"

စာကလေးက ခေါင်းခါယမ်းပြလိုက်သည်။

"ခင်ဗျားကတော့ ဘယ်ကြောက်မလဲဗျ"

ထန်ရဲက ရယ်မောလျက်....





"ကဲပါဗျာ၊ တစ်ချိန်တုန်းက သူနဲ့ခင်ဗျားဟာ မိတ်ဆွေတွေပဲ မဟုတ်လား၊ ပြီးခဲ့တာ ပြီးပါစေတော့ဗျာ"

ထိုအခါ စာကလေး မျက်လုံးအိမ်ဝယ် ရှုံမှုန်းသော အလင်းရောင်များ ယှက်သန်းလာသည်။

သူက လီစုကျိကိုကြည့်ပြီး....

"ကျွန်တော့် အမုန်အတိုင်းပြောရရင် ဒီလိုလူသတ်သမားနဲ့ မိတ်ဆွေမဖြစ်ချင်ပါဘူး"

ဤတွင် ထန်ရဲက သူ၏ ဖြူဖွေးဝတုတ်သော လက်ဖြင့် လီစုကျိ၏ လက်နှစ်ဖက် ဆွဲလိုက်ပြီး....

"ကဲပါ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ တို့ဆီရောက်လာမှတော့ ကျုပ်က လက်ခံထားရတော့မှာပေါ့ မဟုတ်ဘူးလား"

လီစုကျိက ထန်ရဲကိုကြည့်လိုက်ပြီး....

"ဘာဖြစ်လို့လဲဗျာ"

"ခင်ဗျားကို ကျုပ် သဘောကျသွားလို့ပါ"

ထိုသို့ပြောပြီး ထန်ရဲက လီစုကျိအား စူးရှသော မျက်လုံးများဖြင့်စိုက်ကြည့်လိုက်သည်။ ပြီးမှ ဆက်၍....

"တကယ်လို့ ခင်ဗျား လူသတ်ဖို့လာတာတောင် ကျုပ်ကို သတ်ဖို့မဟုတ်ရင် ပြီးတာပါပဲ"

သူတို့သုံးဦး တစ်ဦးနှင့်တစ်ဦး စကား ပြောနေစဉ်မှာပင် ဓားရောင်တစ်ချက် ဖွေးခနဲလက်သွားသည်။

ဓားတစ်လက်က လီစုကျိ၏ နောက်ကျောတည့်တည့်သို့ ထိုးသွင်းခြင်းဖြစ်ပါသည်။

*　*　*

ဓား....

အဆိုပါလင်းလက်သွားသောဓားသည် တစ်ထွာသာသာ ခန့်သာရှည်သော ဓားတစ်လက်သာဖြစ်ပါသည်။

သို့သော်....ဓားက ထက်မြက်နေသည်။ တောက်ပြောင် ဝင်းလက်နေသည်။ ဓားကောင်းတစ်လက်ဖြစ်သည်။

ထိုဓားက ကျော်ပို၏ဖိနပ်ထဲမှ ဆွဲထုတ်လိုက်ခြင်းဖြစ်လေ သည်။

ကျော်ပိုက ဓားကို လီစုကျိ၏နောက်တည့်တည့်ကို ချိန် ရွယ်ကာ ထိုးစိုက်ချလိုက်ခြင်းဖြစ်ပါသည်။

ထိုအချိန်တွင်....

လီစုကျိ၏လက်နှစ်ဖက်ကို ထန်ရဲက ဆုပ်ကိုင်ထားသဖြင့် မည်သို့မျှ မတုံ့ပြန်နိုင်ပါ။

သို့သော်....

လီစုကျိ နောက်သို့လှည့်မကြည့်ဘဲ ခြေထောက်တစ်ဖက် ဖြင့် နောက်ပေါက် ကန်ထည့်လိုက်ခြင်းဖြစ်သည်။

"ဂုန်း"

"အင့်"

ကျော်ပို လေတွင်လွင့်မြောက်သွားသောသစ်ရွက်ကလေး တစ်ရွက်လို အဝေးသို့ လွင့်စဉ်သွားသည်။

ထိုလျှပ်တစ်ပြက် အဖြစ်အပျက်ကို ကြည့်ပြီး ထန်ရဲက တဟားဟား အော်ဟစ်ရယ်မောသည်။

သူက အူလှိုက်သည်းလှိုက် ရယ်မောရင်းက....





"အိုး....ဒါကြောင့် တစ်သိန်းတန်လူသတ်သမားဖြစ်နေ တာကိုး၊ ဟေ့ မင်း မဆိုးဘူးကွ"

လီစုကျိက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကျုပ်က တစ်သိန်းရမှ လူသတ်ရုံမကဘူး၊ စည်းကမ်း လဲ ရှိရတယ်"

ထန်ရဲက မျက်မှောင်ကုတ်လျက်....

"ဆိုစမ်းပါဦး၊ မင်းရဲ့စည်းကမ်း"

လီစုကျိက....

"ကျုပ်ကို နောက်ကနေ အလစ်တိုက်တဲ့လူကိုလဲ ကျုပ်က ပြန်တိုက်ရမှ ကျေနပ်တယ်"

ထိုအချိန်၌ ကြမ်းပြင်ပေါ်၌ ပစ်လဲကျသွားသောကျော်ပို က လူးလဲထလိုက်သည်။ လီစုကျိကို လက်ညှိုးငေါက်ငေါက် ထိုးပြီး ကြိမ်းမောင်းလိုက်သည်။

"ဒီမှာ မင်း တစ်နေ့နေ့ ကျုပ်နဲ့တွေ့မယ်၊ ကျုပ်က မင်းကိုသတ်ရမှ ကျေနပ်မယ်ဆိုတာ မှတ်ထားပါ"

ကျော်ပို ဒေါသတကြီး အော်ဟစ်ပြောရင်း အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

စာကလေးက ကျော်ပို၏ဖြစ်အင်ကိုကြည့်ပြီး အားရပါး ရ ရယ်မောလိုက်သည်။

သူက လီစုကျိကိုကြည့်ပြီး....

"ဒီမှာပေ့ချမ်း....မင်းသိထားဖို့က မင်း ဘယ်လိုပဲပုန်း ပုန်း မင်းကိုသတ်ချင်တဲ့သူတွေ နေရာတကာမှာ ရှိနေတယ် ဆိုတာ မင်း သိပြီမဟုတ်လား"

ထိုအခါ လီစုကျိုက စာကလေးကို စိမ်းစိမ်းဝါးဝါး ကြည့်လိုက်ပြီး....

"မင်းကိုတော့ ငါက အခမဲ့ အလကား သတ်ပေးလိုက်ပါမယ်"

ဟု ပြောလိုက်လေသည်။

ဤတွင် စာကလေးက မဲ့ပြုံးပြုံးလျက်....

"ဒါဆို ကျုပ်ကလဲ မင်းအတွက် အခမဲ့ ခိုးရလိမ့်မယ်၊ ကျုပ်က သူခိုးမဟုတ်လား"

လီစုကျိုက....

"မင်းက ဘာကိုခိုးမှာလဲ"

စာကလေးက လီစုကျိုအား ကြည့်လိုက်ပြီးလျှင်....

"မင်းရဲ့ခေါင်းကိုပဲ ခိုးရမှာပေါ့ကွာ"

★



## အခန်း ( ၂၃ )

## မဟာရနီသူနှင့်တွေ့ခြင်း

လီစုကျိုနှင့် စာကလေးတို့၏ခန္ဓာကိုယ်နှစ်ခု ချာခနဲ တစ်ဖက်သို့ လှည့်လိုက်သည်။

ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး မျက်နှာမကြည့်ချင်သည့် အသွင်ကို ဆောင်နေလေသည်။

သို့သော်....

သူတို့နှစ်ဦး တစ်ပြိုင်နက်တည်း ခန္ဓာကိုယ်ကို လှည့်လိုက်သော တဒင်္ဂတွင်းမှ ပင် အချင်းချင်း မျက်ရိပ်တစ်ချက်ပြလိုက်လေသည်။

သူတို့၏မျက်နှာပြင်တွင် ကျေနပ်သောအရိပ်အငွေ့များက လျှပ်တစ်ပြက်ပေါ်ပေါက်လာပြီး ချက်ချင်းပင် ပျောက်ကွယ်သွားလေတော့သည်။

လီစုကျိုနှင့်စာကလေးတို့ အတိုင်အဖောက် ညီလှပါသည်။

ယခုအခါ သူတို့ ဝှက်သင်္ကေတဖြင့် အချက်ပြလိုက်ကြပြီး ဖြစ်သွားသလို၊ နှစ်ဦးစလုံးကလည်း အဓိပ္ပာယ်ဖော်ပြီး ဖြစ်သွားသည်။

သူတို့နှစ်ဦးကူ နေသော ဇာတ်ကလည်း ပီပြင်လှသည် မဟုတ်ပါလော။

ထန်ရဲက လီစုကျိအား မိတ်ဆွေတစ်ယောက် စောင့်နေသည်ဟု ပြောခဲ့သည်။

ဤမိတ်ဆွေသည် သူ၏အရင်းနှီးဆုံးမိတ်ဆွေဖြစ်နေသည်။ ထိုမိတ်ဆွေမှာ စာကလေးဖြစ်နေသည်ကို တွေ့ရသောအခါ သူ့မှာ အတိုင်းမသိဝမ်းသာသွားရလေသည်။

စာကလေးသည် ထူးနိုင်ငံတွင် ပထမဆုံးတွေ့ရှိရသော သူ၏မိတ်ဆွေဖြစ်သည်။

မည်သို့ဖြစ်စေ....

ဤသို့သော အခြားနိုင်ငံတစ်ခု၌ ဤမည်သောမိတ်ဆွေကို တွေ့ရခြင်းသည် အတိုင်းထက်အလွန် အားတက်စရာကောင်းသည် မဟုတ်ပါလော။

* * *

လီစုကျိရောက်ရှိလာသော အဆောက်အအုံသည် မကြီးလွန်း မသေးလွန်းပါ။

နှစ်ထပ်အဆောက်အအုံဖြစ်သည်။ အပေါ်ထပ်တွင် အခန်း ၄ ခန်းဖွဲ့ထားသည်။

ထန်ရဲက လီစုကျိအား ဝဲဘက်၌ရှိနေသည့် ပထမအခန်းသို့ ခေါ်ဆောင်သွားလေသည်။ သူက အခန်းထဲ ရောက်လျှင်....





"ဒီအခန်းကို မင်းသဘောကျရဲ့လား"ဟု မေးလိုက်လေသည်။

သူ့ကိုခေါ်ဆောင်လာသည့် သစ်လွင်သောခုတင်၊ သစ်လွင်သော ခြင်ထောင်၊ သစ်လွင်သောခေါင်းအုံးနှင့် စောင်များ ရှိသည့်အပြင် တစ်ခန်းလုံးအစိမ်းရောင်ခြယ်သထားသည်။

ပြတင်းပေါက်မှ ကြည့်လိုက်လျှင် စိမ်းလန်းစိုပြည်သော မြက်ခင်းများ ပန်းမာလာများကို တွေ့ရလေသည်။

လီစုကျိက လှပသပ်ရပ်သန့်ရှင်းသော အခန်းအနေအထားကိုကြည့်လိုက်ပြီး ပြန်ပြောသည်။

"သဘောကျပါတယ်ဗျာ၊ သိပ်ကျက်သရေရှိလှတဲ့ အခန်းတစ်ခန်းပါပဲ"

ထန်ရဲက ပြုံးလိုက်ပြီး....

"မင်း ဒီမှာနေထိုင်သွားဖို့ကော စိတ်ကူးသလား"

လီစုကျိက ခေါင်းညိတ်လိုက်သည်။

ထန်ရဲက ပိုမိုပြုံးပြလိုက်ပြီးလျှင်....

"ဒီလိုဆို မင်း ဒီထန်ကျွားခံတပ်မှာ နေချင်သလောက်နေသွားနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"မင်းမြို့ထဲက တည်းခိုခန်းတစ်ခုခုမှာ တည်းခိုခဲ့သလား"

"တည်းခိုခဲ့ဖူးပါတယ်၊ ဘာဖြစ်လို့လဲ"

"တကယ်လို့ မင်း အဲဒီတည်းခိုခန်းကို သွားတဲ့အခါ တည်းခိုခန်းပိုင်ရှင်က မင်းကို နာမည်မေးတယ်မဟုတ်လား၊ ဘယ်ကလာသလဲ ဘယ်ကိုသွားမလဲ အလုပ်အကိုင်ကအစ မေးတယ်မဟုတ်လား"

လီစုကျိက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ မေးကြပါတယ်ဗျာ"

"ကျုပ်က အခု မင်းကို မေးသေးသလား"

"မမေးသေးပါဘူး"

"ကျုပ်က ဘာဖြစ်လို့ မမေးသလဲဆိုတာကိုကော သိသလား"

"ခင်ဗျားက ဘာဖြစ်လို့မေးတာလဲ"

လီစုကျိက ပြန်မေးလိုက်သည်။

ထန်ရဲက ပြန်ဖြေသည်။

"လိမ်တဲ့အလေ့အကျင့်လေ"

သူက မျက်လုံးကိုမှေးထားပြီးမှ သူ၏စကားကို ဆက်လိုက်လေသည်။

"စကားကို လိမ်ပြောဖန်များလာတဲ့အခါ ကိုယ့်ကိုယ်ကိုတောင် ပေါ်ကြောင်ကြောင်နိုင်လာတယ်"

လီစုကျိက ခေါင်းညိတ်လိုက်သည်။

"အင်း....ခင်ဗျားပြောတာ မှန်ပါတယ်"

"ဒါကြောင့် ကျုပ်တို့က မေးစရာရှိရင် တစ်ခါတည်း မေးမယ်"

"ဗျာ....ခင်ဗျားတို့ဆိုတာက ဘာလဲ"





လီစုကျိက ထပ်မံမရှင်းပြ၍ မေးလိုက်ခြင်းဖြစ်သည်၊ ထန်ရဲက....

"ဩော်....ဒါကဒီလိုပါ၊ ကျုပ်ကလွဲလို့ ခင်ဗျားကို မေးမယ့်လူ ရှိနေသေးလို့ပါ"

လီစုကျိက မျက်မှောင်ကုတ်၍....

"ဘယ်သူများပါလိမ့်"

"မင်းပြောနေတဲ့စကားတွေဟာ လိမ်ပြောနေတာလား၊ ဒါမှမဟုတ် အမှန်ကိုပြောနေတာလားဆိုတာ ခွဲခြားသိမြင်နိုင်တဲ့လူပေါ့"

ထိုစကားကိုပြောဆိုပြီးနောက် ထန်ရဲက သူ၏ ဖြူဖွေးဝတုတ်သောလက်ဖြင့် လီစုကျိ၏ပခုံးအား အသာအယာ ပုတ်လိုက်သည်။

ပြီးမှ ထန်ရဲက....

"မင်းကို သူတို့က စစ်ဆေးမေးမြန်းလိမ့်မယ်၊ သူတို့က စစ်ဆေးမေးမြန်းလို့ ကျေနပ်ပြီဆိုမှ မင်းကို ဒီမှာနေထိုင်ခွင့် ပေးသွားလိမ့်မယ်"

လီစုကျိ မျက်မှောင်ကုတ်သွားသည်။

"သူတို့က ဘယ်တော့ စစ်ဆေးမှာလဲ"

ထန်ရဲက ပြုံးပြလိုက်ပြီး....

"ဒီကနေ့ညမှာပဲ ခင်ဗျားကိုလာပြီး စစ်ဆေးပါလိမ့်မယ်၊ အခုတော့ အနားယူလိုက်ပါဦး"

လီစုကျိ သက်ပြင်းတစ်ချက် ချလိုက်ပြီး ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် အိပ်ချလိုက်လေတော့သည်။

* * *

လွန်ကဲသောအလင်းရောင်က လုလင်၏မျက်နှာပြင်ပေါ်သို့ ထိုးထားလေသည်။

ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုက စိုးမိုးအုပ်ချုပ်ထားလေသည်။

သူသည် ဘာဆိုဘာမှ မမြင်ရပါ။

ကောင်းကင်ပြင်တွင် လရောင်ရှိမနေသလို ကြယ်ကလေးများပင် ပျောက်ကွယ်နေသည်။

ထုထဲသိပ်သည်းသော အမှောင်ထုထဲ၌ အသက်ရှူသံမှ တစ်ပါး အခြား ဘာသံမှ မကြားရပါ။

ထိုအခါမှ သူ၏အနီးတွင် လူတစ်ယောက်ရှိနေသည်ဟု သူ သိရှိနားလည်လိုက်လေသည်။

ယခု သူသည် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုမသိပါ။

ထိုးနိုင်ငံ၏ ထောက်လှမ်းရေးအဆင့် ( ) ရှိသော ထန်ရဲက သူ့အား အနားယူရန် အခန်းတစ်ခုထဲသို့ ပို့လိုက်လေသည်။

သူ ခရီးပန်းလွန်းသဖြင့် အိပ်ပျော်သွားခြင်းသာ ဖြစ်လေသည်။ အမှောင်ထုထဲ၌ ခြေသံများကို ကြားရပြန်သည်။





"ကျုပ် နည်းနည်းနောက်ကျသွားတာကို သည်းခံ ခွင့်လွှတ်ပါ"

လူတစ်ယောက်က လာရောက်စောင့်နေကြသူ လူအများကို တောင်းပန်စကား ပြောဆိုနေပုံ ပေါ်သည်။

ခုတင်ပေါ် အလျင်လှဲလျောင်းနေသောလုလင်သည် ထိုအသံကို ကြားလိုက်ရသည်နှင့် သွေးကြောများ ဆူပွက်လာသလို ခံစားလိုက်ရလေသည်။

ထိုလုလင်သည်ကား....

လီစုကျိပင် ဖြစ်လေတော့သည်။

လီစုကျိ ကြားလိုက်ရသောအသံရှင်သည်ကား သူ စွန့်စွန့်စားစား လာရောက်ရှာဖွေနေသော သူ၏ မဟာရန်သူ ကွမ်းစန်ချိန်းပင် ဖြစ်လေတော့သည်။

ယခု....

သူ ကွမ်းစန်ချိန်းအား တွေ့ရပေတော့မည်။

လီစုကျိ ယခုအချိန်တွင်ကား သူသည် နှစ်ရှည်လများ ကလဲ့စားချေလိုသော ရန်သူသည သူ၏ရှေ့ ရောက်ရှိနေလေပြီ။

စောစောက ဆူပွက်နေသောသွေးများ လှုပ်ရှားနေသော စိတ်ကို အချိန်မီ ထိန်းထားလိုက်နိုင်သည်။

သူ၏အသည်းနှလုံးသည် ရာပေါင်းများစွာသောဆူးများ အစူးခံလိုက်ရသလို နာကျင်နေသည်။

သို့သော်...

သူ၏ရင်တွင်းမှခံစားချက်များကို မျက်နှာပြင်တွင် ပေါ် မလာစေရန် ထိန်းထားရမည်ဖြစ်သည်။

ထို့ကြောင့်....

သူသည် အတတ်နိုင်ဆုံး မျက်နှာကို တည်ငြိမ်စွာ ထိန်းထားရလေသည်။

ခဏအကြာ၌ လူတစ်ယောက် ခပ်ဖွဖွခြေလှမ်းကို လှမ်းလျက် အခန်းထဲဝင်လာသည်ကို သိလိုက်ရလေသည်။

ဝင်လာသူမှာ ကွမ်းစန်ချိန်းမှလွဲ၍ မည်သူမှ မဖြစ်နိုင်ပါ။

ထိုအချိန်တွင်....

အခန်း၏လေးဘက်လေးတန်မှ မီးမောင်းများ ရုတ်တရက် ပေါ်ထွက်လာသည်။

ထိုလေးဘက်လေးတန်မှ မီးရောင်များက လီစုကျို၏မျက်နှာပြင်သို့ ထိုးထားလေသည်။

လီစုကျို၏ မျက်နှာပြင်တွင် ချွေးသီး ချွေးပေါက်များ ချက်ချင်းပင် သီးထွက်လာသည်။

သူသည် သူ၏မျက်လုံးအစုံသို့ မီးမောင်းကြီးများ ထိုးထားသောကြောင့် ပတ်ဝန်းကျင်ကို မမြင်နိုင်ပါ။

သို့သော်....

ကွမ်းစန်ချိန်းကမူ သူ့အား မြင်နိုင်ပါသည်။

ထင်ရှားစွာ မြင်နိုင်ပေသည်။

ယခုအချိန်တွင် သူ၏ရုပ်ပုံသဏ္ဌာန်သည် အတော်အတန် ပြောင်းလဲလာပြီဖြစ်သည်။





ကွမ်းစန်ချိန်း ထို့အတွက် သူ့အားမှတ်မိချင်မှ မှတ်မိပေလိမ့်မည်။

အကယ်၍သာ....

အမတ်ကြီး ကွမ်စန်ချိန်း သူ့အား လီစုကျိုပါဟု မှတ်မိသွားခဲ့လျှင် သူ၏အခြေအနေသည် လုံးဝ တွေးဝံ့စရာမရှိပါ။

ယခု လီစုကျို ထိုင်နေသောကုလားထိုင်သည် ကြီးမားခိုင်ခံ့သည်။

သို့သော်....

သူသည် အများရှေ့၌ ထိုင်ချနေရသူကဲ့သို့ ချွေးများ တားလို့ဆီးလို့မရအောင် ထွက်နေသည်။ ထို့ကြောင့် တစ်ကိုယ်လုံး ချွေးတို့ဖြင့် စိုရွှဲနေကုန်တော့သည်။

* * *

ထိုစဉ်....

အမှောင်ထုထဲမှ အသံတစ်ခု ထွက်ပေါ်လာသည်။

ကွမ်းစန်ချိန်း၏အသံ ဖြစ်ပါသည်။

ကံသည် ယခုအချိန်ထိ သူ့ဘက်၌ ရှိနေသည်လား မသိပါ။ ကွမ်းစန်ချိန်း သူ့အားမမှတ်မိတော့ပါ။

"နာမည်"

အမှောင်ထုအတွင်းမှ အသံ ပေါ်ထွက်လာသည်။

"ပေ့ကွမ်း"

"ဇာတိ"

"ရှမ်းနန်နယ်၊ ဖွေချိုမြို့၊ ချီးတောင်ရွာ"

"မိဘနာမည် ပြော"

"အဖေ ပေကျူး၊ အမေ ကိုစီး"

ကွမ်းစန်ချိန်း၏အမေးက မြန်သည်။ တိုတောင်း ပြတ်သားသည်။

လီစုကျိုလည်း အဖြေက သွက်လက်သည်။

ကျန်အဖြေသည် လီစုကျို အကြိမ်ကြိမ် လေ့ကျင့်ထားသောအဖြေ ဖြစ်သည်။

သူပေးထားသောရွာမြို့တို့သည် သူ့မိခင်၏ရွာပင် ဖြစ်ပါသည်။

"မင်းက ဖန်ချိုနဲ့ ဘယ်တုန်းကတွေ့ခဲ့ဘာလဲ"

"ကျွန်တော်တွေ့ခဲ့တာ ဆယ်ရက်လောက်ရှိပါပြီ"

"မင်းပြောတဲ့စကားတွေအားလုံး အမှန်ပဲလား"

"မှန်ပါတယ်"

ထို့နောက် သူ၏အမေးများ တိတ်ဆိတ်သွားပြန်သည်။

အခန်းတစ်ခုလုံးသည် လီစုကျို၏အသက်ရှူသံမှတစ်ပါး ဘာသံမှ မကြားရတော့ပါ။

အချိန်အတော်ကြာမှ ကွမ်းစန်ချိန်း၏အသံ ပေါ်ထွက်လာလေသည်။

"သူ့ကို ငါ့အခန်းထဲ ပို့လိုက်"

ယခုအခါ လီစုကျိုသည် ကွမ်းစန်ချိန်းပေးထားသော အခန်းထဲသို့ ပြောင်းရွှေ့နေထိုင်ရလေတော့သည်။

ည....





ကောင်းကင်ပြင်တွင် ကြယ်ပေါင်းစုံသော ညတစ်ညဟု ဆိုရပေမည်။

ကြယ်ပေါင်းစုံသည့်ည ဖြစ်သည့်အပြင် လခြမ်းကွေးက လေးကလည်း ရှိနေပြန်သဖြင့် ကောင်းကင်ပြင်တစ်ခုလုံးမှာ လှပတင့်တယ် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေလေသည်။

ပြတင်းပေါက်တံခါးကို ဖွင့်ထားသောကြောင့် လေနုအေးက ဖွင့်ထားသောပြတင်းပေါက်မှနေ၍ အလုအယက် ဝင်ရောက်နေလေသည်။

လီစုကျိုမှာ လေနုအေးကြောင့် သူ၏စိတ်အစဉ်မှာ လန်းလန်းဆန်းဆန်း ရှိလာသည်။

ထန်ရဲက ဤအခန်းသို့ပို့ပေးပြီးနောက် ခပ်သုတ်သုတ်ပင် ပြန်လည်ထွက်သွားလေသည်။

"မင်းကို ထန်ကျားခံတပ်က သခင်ကြီးကလဲ သဘောကျတယ်၊ ကွမ်းစန်ချိန်းကလဲ ကျေနပ်တယ်၊ မင်းပြောတဲ့စကားတွေက အမှန်ပဲလို့ သူတို့က ယူဆတယ်၊ ဒါကြောင့် အခု မင်းက ဒီအခန်းမှာ လာနေနိုင်တာပေါ့"

အခန်းထဲမှ ထန်ရဲထွက်မသွားမီ သူက ပြောဆိုရှင်းလင်းသွားခြင်းဖြစ်သည်။ သူက ပြန်စဉ်းစားနေခြင်းပင် ဖြစ်ပါသည်။

လီစုကျိုက ခုတင်ပေါ်လဲလျောင်းကာ နဖူးပေါ် လက်တင်ကာ စဉ်းစားတွေးတောနေသည်။

အခြားလူအား လိမ်ရန်လွယ်သလောက် ကွမ်းစန်ချိန်းအား လိမ်နိုင်ရန် မလွယ်ပါ။

ယခု....

သူ့အား ကွမ်းစန်ချိန်းက မမှတ်မိခြင်းမှာ အကြောင်းနှစ်ခု ရှိနေခြင်းကြောင့် ဖြစ်သည်ဟု သူ တွေးနေမိလေသည်။

ပထမအကြောင်းမှာ မိမိသည် ယခင်ကကဲ့သို့ ရုပ်သွင်မဟုတ်ဘဲ နဖူးတွင် အမာရွတ်ရှိလာသည်။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးရှိလာသည်။ အသားအရောင်ဖြူဖွေးနေရာက ကြေးနီရောင်အဖြစ် ပြောင်းလဲလာသည်။

သို့အတွက်ကြောင့် မမှတ်မိခြင်းဖြစ်သည်။

ထိုအချက်များက သူ့အတွေးများပင် ဖြစ်သည်။

ဒုတိယချက်ကတော့ ကွမ်းစန်ချိန်းသည် မိမိ ယခုကဲ့သို့ ရဲရဲတင်းတင်း လာဝံ့မည်ဟု မမျှော်လင့်သောကြောင့် ဖြစ်သည်ဟု ယူဆရလေသည်။

မည်သို့ပင်ဖြစ်စေ။

ယခု သူသည် အခက်အခဲဟူသမျှကို ကျော်ဖြတ်ကာ ထူးနိုင်ငံအတွင်းသို့ ရောက်ရှိလာသလို ထန်ကျားခံတပ်ကိုပင် ရောက်ရှိနေချေပြီ။

ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းများကိုသာ အမြန်ဆုံး လုပ်ဆောင်ရန် ရှိပါတော့သည်။

စစ်ဆေးမေးမြန်းမှု ပြီးဆုံးပြီးနောက် သူ့အား အခန်းထဲသို့ ပြန်ပို့လိုက်လေသည်။





အခန်းထဲ၌ ကုလားထိုင်တစ်လုံးပေါ်တွင် ထန်ရဲက အသင့်စောင့်နေသည်။ သူ၏လက်ထဲ၌အဝတ်နက်တစ်ခု ရှိနေလေ၏။

လီစုကျိုကို တွေ့လိုက်သည်နှင့် ဘာမျှပြောဆိုခြင်းမရှိဘဲ မျက်လုံးကို အဝတ်နက်ဖြင့် စည်းနှောင်ခြင်းခံလိုက်ရသည်။

သူ့ကို ထန်ရဲက ခေါ်ဆောင်သွားသည်။

လီစုကျို ထန်ရဲ ခေါ်ဆောင်ရာသို့ လိုက်နေရသော်လည်း သတိ အမြဲမပြတ်ထားသူ ဖြစ်သည်။

သူသည် စစ်ဆေးသည့်နေရာမှ ခုနေရာအထိ ခြေလှမ်းပေါင်း ၁၇၈၃ လှမ်းမျှ လျှောက်ခဲ့ရသည်ကို သူ့စိတ်ထဲ၌ ကျိတ်၍ မှတ်သားခဲ့ရသည်။

ခြေတစ်လှမ်း လှမ်းလိုက်တိုင်း သူ တွက်ထားသည်။

ထိုနေရာမှ အပြန်လမ်းသည် အဆင်းလမ်းချည့်ဖြစ်သည်။ လှေကားသုံးခုကို ဆင်းလာရသည်။

အဆိုပါလှေကားထစ်များသည် စုစုပေါင်း ၉၉ ထစ်ရှိ၏။

ထို့နောက် ပန်းဥယျာဉ် တစ်ခုကို ဖြတ်ရသည်။ သည့်နောက် စမ်းရေကျသံကိုလည်း ကြားရလေသည်။

လီစုကျို ထိုစမ်းချောင်းရေများကို ဖြတ်သန်းလိုက်သောအခါ ကန့်နံ့လို ရှူရှိုက်မိလိုက်လေသည်။

ထိုကြောင့် စမ်းရေသည် ရေပူစမ်းတစ်ခု ဖြစ်ရမည်ဟု တွက်ဆလိုက်လေသည်။

သူသည် ကျေနပ်စွာ အရာရာအားလုံးကို ပြန်လည်တွေးပြီး စိတ်ချလက်ချ အိပ်လိုက်လေတော့သည်။

★

## အခန်း (၂၄)

### ကယ်တင်ရှင်

ပန်းရနံ့သည် ထုံမွှေးပျံ့နေသည်။

ဥက်ကလေးများ၏ ချိုလွင်သော အသံသည် တစာစာ အော်မြည်နေသည်။ တေးသီသော ငှက်ကလေးများကြောင့် လီစုကျိ အိပ်ရာမှ လန့်နိုးသွားသည်။

ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက် သောအခါ သူဖြတ်လျှောက်ခဲ့သော ဥယျာဉ်ကလေးကို တွေ့ရလေသည်။

ဥယျာဉ်ကလေးမှာ သူ ယခု ရောက်ရှိနေသည့် အခန်းနှင့် မလှမ်းမကမ်းတွင် ရှိနေသည်။

သူသည် အခန်းထဲမှ ထွက်လာပြီး အောက်သို့ ခပ်သုတ်သုတ် ပတ်ဝန်းကျင်ကို ကြည့်ရင်း ဆင်းလာသည်။

မြေပြင်ပေါ်သို့ ရောက်သည်နှင့် ပန်းဥယျာဉ် ရှိရာသို့ လျှောက်လာလေသည်။

မကြာမီ....





လီစုကျိ ပန်းဥယျာဉ်ကိုဖြတ်ကျော်မိလာသည်။ ထို့နောက် သူ ညာဘက်သို့ ချိုးကွေ့လိုက်သည်။

ထိုအခါ အထစ်ပေါင်း ၃ဂ ထစ် ရှိသော ကျောက်လှေကား ခြေရင်းသို့ ရောက်ရှိလာသည်။

သူ ကျောက်လှေကားအတိုင်း ခပ်သုတ်သုတ် ပြေးတက်လိုက်သည်။ လှေကားထိပ်သို့ ရောက်သောအခါ ရေပူစမ်းတစ်ခုကို လှမ်းတွေ့ရလေသည်။

ထိုရေပူစမ်းကို တွေ့လိုက်သောအခါ ရန်သူဖြစ်သော ကွမ်းစန်ချိန်းရှိရာ နေရာနှင့် မဝေးတော့ကြောင်းကို တွေးတော နားလည်လိုက်လေသည်။

လီစုကျိ ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်လေသည်။

ကင်းပုန်းများ ချထားလိမ့်မည်ဟုလည်း သူ ယုံကြည်၍ အရာရာကို သတိနှင့်မပြတ် အကဲခတ်နေခြင်းပင် ဖြစ်သည်။

ယနေ့ည....

သူ့ ရန်သူတော် ကွမ်းစန်ချိန်းထံသို့ မရောက်ရောက်အောင် သွားမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ည....

လပသာယာသော ညတစ်ည။

ထို့အတူ ကြယ်တစ်လုံးတလေမှ မရှိသော ညလည်းဖြစ်ပါသည်။

သို့အတွက်....

လီစုကျိအဖို့ အရာရာ အဆင်ပြေလလို ဖြစ်နေသည်။ အဆင်ပြေအောင်လည်း အခြေအနေက ဖန်တီးထားသည်။

သူသည် ပွင့်နေသည့် ပြတင်းပေါက်မှ အပြင်သို့ခုန်ချနိုင်သည်။

သို့သော်....

သူ ခုန်ချခြင်း မပြုပါ။

လီစုကျိ အခန်းတံခါးဖွင့်ပြီး လှေကားမှ အောက်သို့ဆင်းသွားသည်။ သူ ဆင်းလာသည့် လှေကားတွင် လူတစ်ဦးတစ်ယောက်မှ မတွေ့ရပါ။

အကယ်၍ တွေ့လျှင်လည်း သူမည်သို့ ပြောဆို ရမည်ကို စဉ်းစားပြီး ဖြစ်နေသည်။

"နေရာပြောင်း အိပ်ရာပြောင်း အိပ်ရတဲ့အတွက် အိပ်မပျော်လို့ လမ်းလျှောက်တယ်"

သူ ဆင်ခြေဆင်လက်ပေးရန် ဖြစ်သည်။

ယခုအချိန်တွင် လီစုကျိသည် အတွေ့အကြုံ ရင့်ကျက်လာပြီဖြစ်၍ မည်သည့်အရာမဆို နောက်ဆုတ်ရန် အခွင့်အလမ်းဖွင့်ထားရမည် မဟုတ်ပါလော။

အောက်ထပ်တွင် အခန်း ၄ ခန်းရှိသည်။

အခန်းအားလုံး ပိတ်ထားသည်။

ထိုအခန်းတွင် လူသူ မရှိ၊ ရှိ သူမသိပါ။





သို့သော်....

ယခုအချိန်တွင် လီစုကျိက ဘာကိုမှ စဉ်းစားမနေတော့ပါ။ အရာရာကို ဂရုမစိုက်ဘဲ အေးဆေးစွာ ဆက်လျှောက်သွားသည်။

* * *

အဆောက်အအုံအပြင်ဘက်၌ အစောင့်များ လုံးဝမရှိပါ။

ပန်းဥယျာဉ်ထဲ၌ ကင်းပုန်းမတွေ့ရပါ။

ဤနေရာသည် အလွန်လုံခြုံသော နေရာဖြစ်၍ အစောင့်ပင် ချထားခြင်းမရှိဟု တွေးတောမိလေသည်။

သို့သော်....

လီစုကျိ သတိထားလိုက်မိသောအခါ ပန်းဥယျာဉ်သည် အလွန်ကျယ်ပြန့်နေသည်ကို တွေ့ရလေသည်၊

အကယ်၍ ထိုဥယျာဉ်ကို ဖြတ်ကျော်လျှင် ခြေလှမ်း ၄၀၀ ကျော်ခန့် လှမ်းရမည်ဟု တွက်နေမိသည်။

ခြေလှမ်းကအတဲ့ အစိပ် ရှိသည်။ တိကျချင်မှ တိကျပေမည်။

သို့သော် အလွန်ဆုံး ခြေလှမ်း ၁၀ လှမ်းထက် မကွာနိုင်ဟုလည်း တွက်လိုက်မိသည်။

သူသည် ဖန်းဥမှ ကျဉ်သို့ လျှောက်သွားသည်။

ဒါပေမယ့် သူသည် ခြေလှမ်း ၄၁၃ လှမ်း လှမ်းပြီးသည်အထိ လျှောက်သွားသောအခါ ပန်းဥယျာဉ်ထဲမှမထွက်နိုင်ဘဲ ရှိနေလေသည်။

လီစုကျို ခြေလှမ်း ၃၀ ခန့် လျှောက်လိုက်သည်။ သို့သော် လီစုကျို ပန်းဥယျာဉ်ထဲ၌ပင် ရှိနေသေးသည်။

သူ မည်သည့်အတွက်ကြောင့် ဤပန်းဥယျာန်ထဲမှ ထွက်ခွာ၍ မရပါသနည်း၊

သူ မျက်မှောင်ကုတ်သွားသည်။

စိတ်ထဲ၌လည်း မကျေမနပ် ဖြစ်လာသည်။

ထို့ကြောင့် လီစုကျို ခြေလှမ်း ၁၀ လှမ်းခန့် ထပ်လျှောက်လိုက်ပြန်သည်။

"ဟိုက်"

လီစုကျိုထံမှ အာမေဋိတ်သံ ပေါ်ထွက်လာသည်။

အကြောင်းမှာ....

သူသည် ပန်းဥယျာန်ထဲ၌ တဝဲလည်လည် ဖြစ်ရှိနေသေးသည်။

လီစုကျို အံကိုတင်းတင်းကြိတ်ပြီး ခြေလှမ်း ၅၀ ခန့် ထပ်မံလျှောက်သွားသည်။





သူ့ရှေ့၌ ပန်းပင်များသာ တွေ့ရသေးသည်။

ယခုအခါ သူ၏ရင်၌ စိုးရိမ်စိတ်ကြောင့် လေးလံထိုင်းမှိုင်းလာသည်။ ဦးနှောက်လည်း ခြောက်လာပြီဖြစ်သည်။

လက်မှလည်း ချွေးစေးများဖြင့် စိုထိုင်းထိုင်းဖြစ် လာသည်။

မိမိ ယခုလျှောက်လှမ်းနေသော ပန်းဥယျာဉ်သေးသေးကလေးသည် အပြောကျယ်သည့်မဟာသမုဒ္ဒရာမြင်ကွဲသို့ ဖြစ်နေလေပြီ။

လီစုကျို ခြေလှမ်းရှေ့တွက်ခြင်း မရှိတော့ပါ။

ခြေလှမ်းသွက်သွက်ဖြင့် ဆက်လျှောက်ပြန်သည်၊

သို့သော်....

ပန်းဥယျာဉ်ထဲ၌သာပတ်ချာလည်နေလေသည်။ ထိုဥယျာဉ်ထဲမှ ထွက်ခွာနိုင်ခြင်းမရှိတော့ပါ။

ထိုအခါမှ ပန်းဥယျာဉ်ထဲ၌ အစောင့် မထား ခြင်း၏ အကြောင်းကို သဘောပေါက်လိုက်လေတော့သည်။

မိမိသည် ဥယျာဉ်ဝက်ပါထဲသို့ ရောက်ရှိနေချေပြီ။

ရင်အစုံသည်လည်း အဆမတန်လေးလံလာသည်။

ယခု....

သူသည် ရှေ့တိုးရခက် နောက်ဆုတ်ရလည်းခက် ဖြစ်နေရပြန်လေတော့သည်။

* * *

"ချပ်....ချပ်....ချပ်"

လီစုကျိ ဥယျာဉ်ဝက်ပေါ်ထဲမှ ရုန်းထွက်ရန် ကြိုးစားနေစဉ် တိုးညင်းသောအသံများကို ကြားလိုက်ရသည်။

ထိုအခါ လီစုကျိမှာလည်း အန္တရာယ်၏အငွေ့အသက်ကို ရှူရှိုက်မိလိုက်ပြန်သည်။ မြေပြင်ပေါ်သို့ ကပျာကယာ ဝပ်ချလိုက်ရသည်။

"ဝှစ်....ဝှစ်....ဝှစ်"

လေခွင်းသံနှင့်အတူ မြားများ သူ့ခေါင်းပေါ်မှ ဖြတ်ကျော်ထွက်သွားသည်။ မြေပေါ်ဝပ်နေရာမှ အသံကို နားစွင့်နေရသည်။

ထိုစဉ်တွင်....

"ဟိုမှာ....ဟိုမှာ....ဟိုမှာလိုက်"

အသံများ ဆက်တိုက်ကြားလိုက်ရပြီး ခြေသံများလည်း ပေါ်ထွက်လာသည်။ ခြေသံက ဝဲဘက်ဆီသို့ ပြေးသွားသံဖြစ်သည်။





ထိုအခါ လီစုကျိက ခေါင်းထောင်၍ ပန်းရုံကြားမှ ဖြုကြည့်လိုက်သည်။

ဝဲဘက်၌ လူရိပ်တစ်ခုကိုတွေ့ရသည်။ လူရိပ်နောက်သို့ လူ ၄၊၅ ယောက်က အတင်းပြေးလိုက်သွားသည်ကို တွေ့ရပြန်သည်။

သို့အတွက် လီစုကျိမျက်မှောင်ကုတ်သွားသည်။

ထိုလူသည် မိမိအတွက် အစောင့်များကို တစ်ဖက်သို့ မျှားခေါ်သွားခြင်းဖြစ်ကြောင်း သူနားလည်လိုက်သည်။

သို့သော်....

မိမိအားကယ်တင်လိုက်သူသည်မည်သူမည်ဝါဖြစ်ကြောင်း မသိရပါချေ။

ထိုလူသည် စာကလေးပင်ဖြစ်နေသလော။

သို့မဟုတ်....

မိမိ၏ဒုတိယမိတ်ဆွေဖြစ်နေသလော။

ပန်းဥယျာဉ်ထဲမှ အစောင့်များမရှိတော့သော်လည်း လီစုကျိ ဥယျာဉ်ထဲမှ မိမိနေထိုင်သောအခန်းသို့ပြန်ရန် မလွယ်ကူသေးပါ။

သူသည် ပန်းဥယျာဉ်ထဲ၌မတ်တတ်ရပ်ရင်း ထွက်ပေါက်ကို ရှာဖွေနေရပြန်သည်။

ဤတွင်....

သူ့ရှေ့ရှိ ပန်းရုံတစ်ရုံ ရုတ်တရက် ရွေ့လျားနေသည်ကို အံ့သြစွာတွေ့လိုက်ရလေသည်။

လီစုကျို ပန်းရုံ၏ရွေ့လျားမှုကို အံ့သြစွာ ငေးကြည့်နေစဉ် ပန်းရုံရွေ့သွားသည့်နေရာ၌ အပေါက်တစ်ပေါက် ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ပို၍ထူးဆန်းနေသည်မှာ ထိုမြေတွင်းပေါက်ထဲမှ လူခေါင်းတစ်လုံး ထွက်လာခြင်းပင်ဖြစ်သည်။

ထိုဦးခေါင်းမှာ ဖွေးဖွေးဖြူနေပြီး အဘိုးအိုတစ်ဦး၏ခေါင်းဖြစ်နေလေသည်။

"ဟေ့....သူငယ်၊ မင်း ဒီဥယျာဉ်လေးထဲက မထွက်တတ်တော့ဘူးမဟုတ်လား"

အဘိုးအိုက မေးလိုက်ခြင်းဖြစ်သည်။

လီစုကျိုက ဦးခေါင်းညိတ်ပြပြီး....

"ဟုတ်ပါတယ်ခင်ဗျား"ဟု ဝန်ခံစကားဆိုသည်။

"ကဲ....ဒီလိုဆို မြန်မြန်လာ"

အဘိုးအိုက ခပ်လောလောလေသံဖြင့်ပြောလိုက်ပြီး မြေတွင်းထဲသို့ ခေါင်းလျှိုဝင်သွားသည်။

ဤသို့ဆိုလျှင်....

မြေတွင်းထဲက အဘိုးအိုသည် မည်သူနည်း။





မည်သည့်အတွက်ကြောင့် လီစုကျိုအား မြေအောက် လိုဏ်ခေါင်းထဲဝင်ရန် ခေါ်ပါသနည်း။

လီစုကျို ဤမေးခွန်းများ၏အဖြေကို မတွေးတတ်နိုင်တော့ပါ။

သူသည် ကပျာကယာ မြေတွင်းထဲသို့ ခုန်ချလိုက်ရပေတော့သည်။

မြေတွင်းလိုဏ်ခေါင်းထဲရောက်သောအခါ ပန်းချုံမှာ သူ့အလိုလို ပြန်ပိတ်သွားရလေတော့သည်။

* * *

မြေအောက်တွင် ရှည်လျားသောလိုဏ်ခေါင်းတစ်ခု ရှိနေသည်။

လီစုကျို လိုဏ်ခေါင်းအတိုင်း လျှောက်လိုက်သောအခါ ဆယ်ပေခန့်ကျယ်သော မြေအောက်ခန်းတစ်ခုသို့ ရောက်သွားလေတော့သည်။

ထိုမြေအောက်ခန်း၌ စလင်းမီးအိမ်တစ်လုံး ထွန်းထားလေသည်။

အခန်းအလယ်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးရှိသည်။ စားပွဲပေါ်၌ စာရွက်တစ်ရွက်ကို တွေ့ရသည်။

သူ့အား ခေါ်ဆောင်လာသောအဘိုးအိုကို မတွေ့ရပါတော့ချေ။

လီစုကျိုက အဘိုးအိုကို မတွေ့ရတော့သဖြင့် စာရွက်ကို ယူကြည့်လိုက်သည်။

စာရွက်ပေါ်တွင်....

"ရှေ့သုံးလှမ်းလျှောက်ပြီး ဝဲဘက်သို့ လှမ်းသွားရမည်။ ဤအတိုင်းလျှောက်လျှင် ပန်းဥယျာဉ်ဝက်ပေါ်ထဲက ထွက်လို့ရမည်"

ဟု ရေးသားထားလေသည်။

လီစုကျိ မျက်မှောင်ကုတ်သွားသည်။

သူ ဘာမှစဉ်းစားမနေတော့၊ သူ လိုဏ်ခေါင်းထဲမှ ပြန်ထွက်လိုက်သည်။

မြေပြင်ပေါ်တွင် ပန်းရုံမရှိတော့ပါ။

သူ ကပျာကယာ မြေတွင်းထဲမှ ထွက်လိုက်သည်။ ထိုအချိန်တွင် ပတ်ဝန်းကျင် တစ်ခုလုံးသည် တိတ်ဆိတ်နေလေသည်။

လီစုကျိ စာရွက်ပေါ်ရှိ ညွှန်ကြားချက်အတိုင်း လာရမကြာပါချေ။ သူနေထိုင်ရာအခန်းသို့ ပြန်လည်ရောက်ရှိလာလေတော့သည်။

ထိုအခါမှ လီစုကျိ သက်ပြင်းချလိုက်နိုင်သည်။

ခန္ဓာကိုယ်တစ်ကိုယ်လုံး ပေကျံနေသည်များကို သန့်စင်လိုက်ပြီး ခုတင်ပေါ်သို့ လဲလျောင်းလိုက်လေတော့သည်။

* * *





တံခါးခေါက်သံကြောင့် လီစုကျိ အိပ်ရာမှနိုးလာသည်။

သူ အိပ်ရာမှထပြီး တံခါးဖွင့်လိုက်ချိန်၌ တံခါးဝတွင် ထန်ရဲ ရပ်နေသည်ကို တွေ့ရလေသည်။

"ဘယ့်နှယ်လဲ၊ မနေ့ညက အိပ်လို့ကောင်းရဲ့လား"

လီစုကျိအား တွေ့တွေ့ချင်း မေးလိုက်ခြင်း ဖြစ်သည်။

မည်သည့်အဓိပ္ပာယ်ဖြင့် ထန်ရဲက ဤကဲ့သို့ မေးခွန်းမေးရသည်ဟူသောအဖြေကိုသိရန် လီစုကျိက သူ့အား စေ့စေ့ကြည့်သည်။

"ပျော်ပါတယ်ဗျာ၊ ဒါပေမယ့်...."

"ဒါပေမယ့် အိပ်မပျော်လို့ ထ ထယောင်တယ် ဆိုပါတော့"

ထန်ရဲစကားကြောင့် လီစုကျိ ရင်ထိတ်သွားသည်။

ထိုအခါ ထန်ရဲက ပြုံးဖြဲဖြဲလုပ်ကာ ဆက်၍....

"ဒီသုံးလေးရက်မှာတော့ ညဘက်ကို အပြင်မထွက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"မနေ့ညက ထန်ကျွးခံတပ်ထဲကို သူလျှိုဝင်လာတယ်"

"သူလျှိုဟုတ်လား"

"ဟုတ်တယ်၊ ရှန်နိုင်ငံက သူလျှိုလို့ ထင်ရတာပဲ"

"ဘယ်သူက ဒါလောက်တောင် အတင့်ရဲရတာလဲ"

"ဟဲ ဟဲ ဟဲ…သေရမှာမကြောက်တဲ့ လူတွေပေါ့"

"ဘယ်သူလဲဆိုတာ ခင်ဗျား သိသလား"

"မသိဘူး၊ ဒါပေမယ့် ကနေ့တော့ သိရမှာပေါ့"

"ကျွန်တော့်အပေါ်မှာကော သံသယ ရှိသလား"

"မရှိပါဘူး"

"ဘာဖြစ်လို့လဲ"

"မနေ့ညက ကျုပ် မင်းဆီလာခဲ့တယ်၊ ခင်ဗျားက အိပ်လိုက်တာ သိုးနေတဲ့အပြင် ယောင်တောင် ယောင်နေသေးတယ်"

လီစုကျိ ခေါင်းနားပန်း ကြီးသွားသည်။

သူသည် သေမင်းခံတွင်းမှ တစ်ခေါက် ပြန်လည်ရောက်ရှိလာသည်ဟု တွေးနေမိသည်။

အကယ်၍ ယမန်နေ့ညကအမည်မသိသောလူတစ်ယောက် မိမိအတွက် ဟန်ဆောင်ခြင်းမပြုပါက သူ့အား ထန်ရဲ ချက်ချင်းပင် သိသွားမည်ဖြစ်သည်။

လီစုကျိ တွေးရင်းမှ စာကလေးကို သတိရသွားပြန်လေသည်။

ထိုလူနှစ်ယောက်အနက် / တစ်ယောက်သောသူက ပန်းဥယျာဉ်ထဲမှ အစောင့်များကို မျှားခေါ်သွားသည်။





ကျန်တစ်ဦးက သူ၏အိပ်ခန်းတွင် လာ၍ အိပ်နေဟန် ဆောင်ကာ ကူညီခဲ့သည်။

ဤသို့ဆိုလျှင်….

မြေအောက်ခန်းထဲ၌ ရေးသားထားသောစာသည် မည်သူက ရေးခဲ့ပါသနည်း။

ဥမင်လိုဏ်ခေါင်း မြေအောက်ခန်းထဲ၌ ရှိနေသည့် အဘိုးအို သည်လည်း မည်သူဖြစ်သနည်း။

★

## အခန်း ( ၂၅ )

## မိုးကြိုးမင်းသား

တွေးတောမရသေး။ လီစုကျိ ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

"စာကလေးကော"

ဟု သူက သက်ပြင်းချပြီး မေးလိုက်ခြင်း ဖြစ်ပါသည်၊

ထန်ရဲက ခေါင်းခါယမ်းလိုက်သည်။

"သူ မဟုတ်နိုင်ဘူး"

လီစုကျိက မျက်မှောင်ကုတ်လျက်....

"စာကလေးမဟုတ်နိုင်ဘူး၊ သူ့ကို မနေ့ညက ကိစ္စတစ်ခုရှိလို့ မြို့ထဲခိုင်းလိုက်တယ်၊ ဒါကြောင့် သူ မဖြစ်နိုင်ဘူး"





ထန်ရဲစကားကြောင့် လီစုကျိ ငေးငိုင်သွားသည်။

စာကလေးမဟုတ်လျှင် သူ၏ ခုတင်ပေါ် မည်သူကလာရောက် အိပ်သွားပါသနည်း။

လီစုကျိတွေးရင်းမှ စီးစီးကို သတိရလာလေသည်၊

"ကဲ....ကျုပ်သွားပြီ၊ တကယ်လို့ ထူးခြားတာရှိရင်တော့ အစောင့်ကို အကြောင်းကြားလိုက်ပါ"

ထန်ရဲက ပြုံးပြပြီး ဉယျာဉ်အဝတွင် ရပ်နေသော လူတစ်ယောက်ကို ညွှန်ပြပြီး ထွက်ခွာသွားလေတော့သည်၊

လီစုကျိက ပခုံးတစ်ချက်ကို တွန့်ပြလိုက်ပြီး အခန်းတံခါးကို ပြန်စေ့ထားလိုက်လေတော့သည်။

သူ၏ ဦးနှောက်တွင် စီးစီးကိုသာ ပြန်၍ သတိရနေလေတော့သည်။

စာကလေးမှလွဲလျှင် **လီ**စုကျိ အတွေ့ချင်ဆုံးလူမှာ စီးစီးပင်ဖြစ်သည်။

စီးစီးသည် သူ၏လျှို့ဝှက်ချက် ဖြစ်သည်၊

ရှန်နိုင်ငံမှ များစွာသော သူလျှိုများသည် ထူးနိုင်ငံသို့ ရောက်ရှိလာကြသည်။

သို့သော်....

အချိန်ကြာကြာ အခွင့်အရေး မရရှိလိုက်ကြပါ။

အကြောင်းကား....

များစွာသော ရှန်နိုင်ငံမှ သူလျှိုများသည် ထူး နိုင်ငံ၏ တန်ပြန် ထောက်လှမ်းရေးသမားများ၏ ဖော်ထုတ်ခြင်းခံရ ကာ ကွပ်မျက်ခြင်းခံရပြန်လေတော့သည်။

ထိုများစွာသော ရှန်နိုင်ငံ၏ ထောက်လှမ်းရေးသမား များအနက် လူတစ်ယောက်သာလျှင် ထူးနိုင်ငံ၏ အဓိကကျ သော နေရာ၌ အောင်မြင်စွာ ရောက်ရှိနေလေတော့သည်။

ထိုလူသည် ရှန်နိုင်ငံ၏ အားအထားရဆုံးသော ထောက် လှမ်းရေးသမား တစ်ယောက်ဖြစ်သည်။

ဤလူသည် ယောကျ်ားလော၊ မိန်းမလော၊ နာမည်၊ မည်သူ ဖြစ်သည်ကို လီစုကျို မသိပါ။

ထိုယောက်လှမ်းရေး သမားကိုလည်း ချင်းရှောင်ဖုန်းစုက တိုက်ရိုက် ဆက်သွယ်ထားသည်။

အဆိုပါယောက်လှမ်းရေးသမား တစ်ယောက်အကြောင်း ကို ချင်ရှောင်ဖုန်းစုမှလွဲ၍ မည်သူမှ မသိနိုင်ပါချေ။

လီစုကျိုသည် ချင်ရှောင်ဖုန်းစု၏ ပြောပြချက်အရ ထိုလူ၏ လျှို့ဝှက်အမည် စီးစီး ဖြစ်သည်ဟူသာ သိရှိထားသည်။

ယခု....

လီစုကျို အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။





သို့အတွက် သူ ထောက်လှမ်းရေးသမား စီးစီးနှင့် အလွန် မှ တွေ့ချင်နေလေသည်။

* * *

စီးစီးသည် မည်သူဖြစ်သနည်း။

သူသည် ထူးနိုင်ငံအတွင်း ထန်ကျားခံတပ်၌ မည်သည့်ပုံစံ မျိုးဖြင့် လှုပ်ရှားနေပါသနည်း။

အကယ်၍သာ စီးစီးသည် သူ့အား ရန်ပြုမည့် ဥယျာဉ် ထဲမှ အစောင့်များအား ခေါ်ထုတ်မသွားလျှင်....

ထို့အပြင်....

တကယ်လို့ စီးစီး သူ၏ခုတင်ပေါ်သို့ တက်အိပ်ပြီး အိပ် ဟန် မဆောင်နိုင်ခဲ့ပါလျှင်....

ဒါ့အပြင် မြေတွင်းထဲ၌ ခေတ္တပုန်းခိုနိုင်ရန် လမ်းညွှန်ပြ ခြင်း မပြုခဲ့ပါလျှင်....

ယခုအချိန်တွင် လီစုကျိုသည် ထန်ရဲ၏ အကျဉ်းသားဘဝ သို့ ရောက်ရှိနေပေလိမ့်မည်။

သို့သော်....

စီးစီးသည် တစ်ဦးတစ်ယောက်တည်းသာ ဖြစ်သည်။

ယခု....

သူ့အားကူညီနေသူမှာ သုံးယောက် သို့မဟုတ် နှစ်ယောက် ဖြစ်နေလေသည်။

ကျန်တစ်ယောက်ကား မည်သူဖြစ်နေသနည်း။

လီစုကျို တွေးရင်းမှ ခေါင်းရှုပ်လာသည်။

ယမန်နေ့ညက သူ၏ စွန့်စားမှုကိုလည်း နောင်တ အကြီးအကျယ် ရသွားလေတော့သည်။

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေတော့သည်။

နောင်တွင် သူသည် မနိုင်သောအလုပ်ကို မည်သည့်အခါမှ မလုပ်တော့ဟု စိတ်ဆုံးဖြတ်လိုက်သည်။

သို့သော် သူ မည်သည့်အချိန်မျိုးမှ ပိုနိုင်ပါမည်နည်း။
သူလုပ်ရမည့်လုပ်ငန်းနှင့် မည်သည့်အချိန်အထိ ကြာကြာ လုပ်ရပါမည်နည်း။

ဤအထွေးကို တွေးမိသောအခါ လီစုကျို ရုတ်တရက် ပင်ပန်းနွမ်းနယ်သွားသည်။ သူ စိတ်ရှုပ်လာသဖြင့် ငိုချင်လာသည်။

သို့သော် သူသည် စိတ်ကို ချုပ်တည်းထားလိုက်နိုင်သည်။
ထို့နောက် ခုတင်ပေါ်တွင် လဲလျောင်းချလိုက်ပြီးမျက်လုံးကို စုံမှိတ်ထားလိုက်လေတော့သည်။

* * *





ပြတင်းပေါက်က ပွင့်နေသည်။

လေက တဟူးဟူး တဟဲဟဲ တိုက်ခတ်နေလေသည်။

လီစုကျို မျက်ခွံလေးလံလာပြီဖြစ်၍ တဖြည်းဖြည်း အိပ်ပျော်သွားရလေတော့သည်။

ထိုစဉ် လူတစ်ယောက် ပြတင်းပေါက်ကို ရုတ်တရက် ခုန်ပျံရောက်ရှိလာပြီး အခန်းထဲသို့ ခုန်ဝင်လာသည်။

ခုန်ဝင်လာသောသူမှာ အစိမ်းရောင်အပွင့် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသည်။ သူ၏မျက်နှာပြင်သည် ခန့်ချောပါသည်။

သူ၏ လှုပ်ရှားမှုသည် ခါတိုင်းထက် အဆပေါင်းများစွာ သွက်လက်နေသည်။

ထို့ပြင် ထိုခုန်ဝင်လာသူ အစိမ်းရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်သူ၏ လက်ထဲ၌ ဓားတစ်လက် ကိုင်ထားသည်။
အစိမ်းရောင်ကိုယ်ကျပ်အင်္ကျီဝတ်လူသည် အခန်းထဲရောက်သွားသည်နှင့် ခုတင်အနီးသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

သူ့လက်ထဲမှဓားက အိပ်ပျော်နေသောလီစုကျို၏လည်ပင်းသို့ ချိန်ရွယ်ထားသည်။

နေရောင်ခြည်က ပြတင်းပေါက် အပြင်ဘက်မှ အဆီးအတားမဲ့စွာ ထိုးဖောက်လာသည်။ ဖြူဖွေးသော ဓားက နေရောင်ခြည်အောက်ဝယ် တဖိတ်ဖိတ် တောက်နေလေသည်။

သို့သော် ရှယ်ထားသောဓားက ရုတ်တရက် ထိုးချခြင်း မပြုပါ။

လီစုကျိ မလှုပ်မယှက် လဲလျောင်းနေလေသည်။

ထိုအစိမ်းရောင် ကိုယ်ကျပ်အင်္ကျီဝတ်လူ ပြတင်းပေါက်မှ ခုန်ဝင်လာသည့် အချိန်မှာပင် လီစုကျိ အိပ်ရာမှ နိုးနေပြီ ဖြစ်သည်။

ထိုလူ၏ဓားက သူ၏လည်ပင်းသို့ ထိုးရှယ်လိုက်မည့်အချိန် မှာပင် သူက မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဩော်... မင်းကိုး"

လီစုကျိက ကျော်ပိုအား တွေ့လိုက်သည်နှင့် တအံ့တသြ လေသံဖြင့် မေးလိုက်ခြင်း ဖြစ်ပါသည်။

ပို၍အံ့သြနေသည်မှာ ကျော်ပိုသည် ယခုကဲ့သို့ ကိုယ်ဖော့ ပညာနှင့် သိုင်းပညာ အလွန်မှ ထက်မြက်နေခြင်း ဖြစ်သည်။

ယမန်နေ့က လီစုကျိသည် ကျော်ပိုအား ခြေထောက်ဖြင့် တစ်ကြိမ် ကန်ခဲ့ဖူးသည်။

သို့သော် ကျော်ပိုအား ကန်မိခြင်းမှာ မိမိကိုယ်တိုင်က သိုင်းပညာ အလွန်ထူးချွန်၍ မဟုတ်ပါ။ ကျော်ပိုက အမင် တိမ်းရှောင်ခြင်းမပြုဘဲ အကန်ခံလိုက်သောကြောင့် ဖြစ်ပါ၏။

ယခု ကျော်ပို၏ မျက်နှာပြင်သည် အေးစက်မာကျောနေ လေသည်။ သူ၏အသံလည်း ရေခဲတုံးတမျှ အေးစက်နေသည်။





"ကဲ...ဘယ်လိုလဲ၊ ဟိုတစ်နေ့တုန်းက ကျုပ်ပဲ မင်းကို သတ်ပစ်မယ်လို့ ပြောခဲ့တယ် မဟုတ်လား"

လီစုကျိကလည်း ခပ်ပြတ်ပြတ်ပင်....

"ကျုပ် မှတ်မိပါတယ်ဗျာ"

ကျော်ပိုက မျက်နှာတစ်ချက် ရှုံ့လိုက်ပြီး....

"အခု ကျုပ် နေ့လယ်ဘက် လာခဲ့တာဟာ ညဘက် လူသတ်တာထက် အဆင်ပြေလို့ သိလား"

လီစုကျိက ဦးခေါင်းညိတ်လျက် ပြောသည်၊

"ဒါလဲ ကျုပ်သိပါတယ်ဗျာ"

"ဒါကြောင့် အခု လူတစ်ယောက်ယောက်က ဝင်လာပြီး ကျုပ်ကိုတွေ့ရင် ကျုပ်က မင်းကိုသတ်ဖို့ပဲဖြစ်ရမယ်"

"ဘယ်သူမှ မလာရင်ကော"

ကျော်ပိုက လျှို့ဝှက်စွာပြုံးလိုက်ရင်း....

"ကျုပ်က မင်းကို သတ်ချင်တယ်ဆိုရင် ကျုပ်ကိုယ်တိုင် မင်းကို သတ်စရာမလိုပါဘူး၊ မင်းကို သတ်ချင်တဲ့လူတွေက အများကြီး ရှိနေတယ်"

လီစုကျိက မျက်မှောင်ကုတ်၍....

"သူတို့က ဘာဖြစ်လို့ ကျုပ်ကို သတ်ချင်ရတာလဲ"

"မင်းက လီစုကျိ ဖြစ်နေလို့ပေါ့"

ကျော်ပို၏စကားကြောင့် လီစုကျိ၏မျက်လုံးအစုံ ပြူးကျယ်သွားရလေတော့သည်။

သူ၏လှုပ်ရှားနေသောစိတ်ကိုလည်း အတတ်နိုင်ဆုံး ထိန်းထားလိုက်ရသည်။

"ဒါနဲ့နေပါဦး၊ မင်းက ဘယ်သူလဲ"

ကျော်ပိုက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

"ကျုပ်ရဲ့လျှို့ဝှက်အမည်က စီးစီးပါ"

* * *

လီစုကျိ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

"မနေ့ညက ကျုပ် ဒီကိုလာတော့ မင်း ဥယျာဉ်ထဲကို ရောက်နေပြီ"

ကျော်ပိုခေါ် ထောက်လှမ်းရေးသမား စီးစီးက ရှင်းပြလိုက်သည်။

"ဒါကြောင့် မင်းက အစောင့်တွေကို တခြားကို မျှားခေါ်သွားတယ်ပေါ့ ဟုတ်လား"





လီစုကျိက မေးလိုက်သည်။

ကျော်ပိုက ခေါင်းခါယမ်းပြလိုက်ပြီး....

"မဟုတ်ဘူး၊ တကယ်တော့ ကျုပ်က မင်းဒုက္ခရောက်နေတာတွေ့တော့ ကျုပ်က လိုက်သွားမလို့ပါပဲ၊ ဒါပေမယ့် အခြားလူတစ်ယောက်က ကျုပ်ထက် ဦးသွားတယ်"

"အဲဒီတော့"

"ဥယျာဉ်ထဲကို လူစိမ်း ဝင်လာတယ်ဆိုတော့ သူတို့က မင်း အခန်းထဲလာကြည့်မယ်ဆိုတာ ကျုပ်က ကြိုသိထားတယ်လေ၊ ဒါကြောင့် ခုတင်ပေါ်မှာအိပ်ပြီး စောင်ကို ခြုံထားတယ်လေ၊ အိပ်ပျော်နေဟန်ဆောင်တယ်၊ ကယောင်ကတမ်းနဲ့ အော်ဟောင် ပစ်လိုက်သေးတယ်"

"ကြော်....ကြော်....ဒါကြောင့်ကိုး"

ကျော်ပိုက မျက်နှာတည်တည် ပြုလျက်....

"မင်း အခုလာတဲ့ကိစ္စ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ ခုနစ်ရက်အတွင်းမှာ မင်း ဒီနေရာက အမြန်ဆုံး ထွက်ခွာသွားရမယ်"

"ဘာဖြစ်လို့လဲ"

"သူတို့က မင်းရဲ့အမည်၊ မင်းပေးတဲ့ရှာသွားပြီး စုံစမ်းနိုင်းနေတယ်၊ သူတို့ပြန်လာရင် မင်းအကြောင်းကို သူတို့ သိသွားလိမ့်မယ်"

လီစုကျိုက မျက်မှောင်ကုတ်၍....

"သူတို့က ခုနစ်ရက်နဲ့ အရောက် ပြန်လာနိုင်ပါ့မလား"

"သူတို့ကတော့ ဘယ်ရောက်နိုင်ပါ့မလဲ၊ ဒါပေမယ့် သူတို့က သတင်းကို ခိုနဲ့ ပြန်ပို့လိုက်မှာပေါ့"

"ခို"

ထိုအခါ လီစုကျိုသည် ခိုအုပ်များ ပျံသန်းလာနေပုံကို ပြန်လည်သတိရလာလေသည်။ သူ၏ရင်ထဲ၌လည်း စိုးရိမ်စိတ်များ ခိုအောင်းလာသည်။

"ကဲ....အခု မင်းလာတဲ့တာဝန်က ကွမ်းစန်ချိန်းကို လက်စားချေဖို့ မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို....ကျုပ်က မင်းကို ကွမ်းစန်ချိန်းနဲ့တွေ့ဆုံဖို့ ကျုပ်က ကြံဆောင်ပေးပါ့မယ်"

"သိပ်ကောင်းတာပေါ့"

"ကဲ....ဒါဆို မင်းကို နောက်နေ့ညကျရင် ကွမ်းစန်ချိန်း အခန်းကို လိုက်ပို့ပေးပါ့မယ်"

* * *





ကွမ်းစန်ချိန်းက ကြီးမားသောစားပွဲတစ်ခု၏နောက်တွင် အေးဆေးစွာ ထိုင်နေလေသည်။

သူ၏မျက်နှာပြင်မှာ တည်ကြည်၍ ခန့်ညားနေသည်။

လီစုကျိုက သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

ကုလားထိုင်ပေါ်ထိုင်မိသည်နှင့် လီစုကျိုက သူ့အင်္ကျီအိတ်ထဲမှ ကျောက်စိမ်းကျားရုပ်ကို ထုတ်လိုက်ပြီး စားပွဲပေါ်သို့ အသာအယာ တင်လိုက်လေသည်။

လီစုကျိုက မျက်မှောင်ကုတ်၍....

"ခင်ဗျား ကျုပ်ကိုမသိရင်နေပါ၊ ဒါပေမယ့် ဟောဒီ ကျောက်စိမ်းကျားရုပ်ကိုတော့ သိမှာပေါ့"

ထိုအခါ ကွမ်းစန်ချိန်းက လီစုကျိုကို အကဲခတ်လိုက်သည်။

လီစုကျိုက သူ၏စကားကို ဆက်ပြန်သည်။

"ဒီကျားရုပ်ကို ချင်းရှောင်ဖုန်းစုက ခင်ဗျားကို ပေးခိုင်းလိုက်တာပါ"

သူကပြောရင်းမှ သူ၏မျက်နှာကို မော့်ပြလိုက်သည်။

"ဒီမှာ ကွမ်းစန်ချိန်း၊ ကျုပ်မျက်နှာကို သေသေချာချာ ကြည့်စမ်းပါ၊ ကျုပ်ဘယ်သူလဲဆိုတာ"

ခေါင်းငုံ့နေသော ကွမ်းစန်ချိန်းက လီစုကျိအား ကြည့်လိုက်ပြီး....

"မင်းလီစုကျိဆိုတာ ကျုပ်သိနေပါတယ်"

လီစုကျိမှာ ကွမ်းစန်ချိန်းချိန်းစကားကြောင့် အံ့အားသင့်သွားရလေသည်။ ပါးစပ်လည်း အဟောင်းသား ဖြစ်သွားသည်။

သူက မဲ့ပြုံးပြုံးပြီးလျှင်....

"အင်း....ဒါကြောင့် ခင်ဗျားက ကျုပ်ကိုခေါ်လာတာကိုး"

ကွမ်းစန်ချိန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါကမင်းကိုပြောစရာရှိနေလို့ အခုတော့ မင်းက ကျောက်စိမ်းကျားရုပ်ကို ယူလာတော့ ပိုပြီးတော့ ပြောဖို့ ကောင်းလာတာပေါ့"

သူက ပြောရင်းမှ ကျောက်စိမ်းကျားရုပ်ကို ကောက်ကိုင်သည်။

"ချင်းရှောင်ဖုန်းစု မင်းကိုကျောက်စိမ်း ကျားရုပ်ပေးလိုက်တာ ဘာကြောင့်လဲဆိုတာ မင်းနားလည်ရဲ့လား"

လီစုကျိက မဲ့ပြုံးပြုံးလိုက်သည်။





"ဘာဘ ချင်းရှောင်ဖုန်းစုက မှာလိုက်ပါတယ်၊ သူက ခင်ဗျားကိုမသတ်ခင် ဒီကျောက်စိမ်းကျားရုပ်ကို ခင်ဗျားလက်ထဲအပ်လိုက်ပါတဲ့၊ အဲဒီလိုမှာလိုက်ပါတယ်"

ဤတွင် ကွမ်းစန်ချိန်းက....

"ဘာလဲ၊ မင်းက ငါ့ကိုသတ်ဖို့ လိုက်လာတာပေါ့ ဟုတ်လား"

"ဟုတ်ဘယ်၊ ကျုပ် ခင်ဗျားကိုသတ်ရမှာကျေနပ်နိုင်မယ်"

လီစုကျိက အံတင်းတင်းကြိတ်ပြီး ပြန်ဖြေသည်။

ကွမ်းစန်ချိန်းက တစ်ချက်ပြုံးလိုက်ပြီးလျှင်...

"အေး....မင်းက ငါ့ကိုမသတ်ခင် ကျောက်စိမ်းကျားရုပ်ခွဲကြည့်လိုက်ပါဦး"

ထိုအခါ လီစုကျိက နားမလည်နိုင်သော အကြည့်ဖြင့် ကွမ်းစန်ချိန်းကိုကြည့်လိုက်သည်။

လီစုကျိ ဘာမှမေးမြန်းခြင်း မပြုတော့ပါ၊ ကျောက်စိမ်းကျားရုပ်ကိုယူပြီး မြေပြင်ပေါ်သို့ ပစ်ပေါက်လိုက်လေတော့သည်။

ကျောက်စိမ်းကျားရုပ် အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပြီး စက္ကူတစ်ရွက်ထွက်ကျလာလေတော့သည်။

သူက စာရွက်ကိုယူပြီး ပြန်ကြည့်လိုက်သည်။

ထိုအခါ ဖခင်၏လက်ရေးဖြင့် ရေးထားသော စာတစ်စောင်ဖြစ်နေသည်။

အဆိုပါစာမှာ ဖခင်ဖြစ်သူ၏သေတမ်းစာပင် ဖြစ်ပါသည်။

သို့

**သားလီစုကျိ....**

“မင်း ဒီစာကို ဖတ်နေတဲ့အချိန်မှာ ဖေဖေဟာ ဒီလူလောကကြီးမှာမရှိတော့ပါဘူး၊ ဒါပေမယ့် မင်းကို လျှို့ဝှက်ထားတဲ့ကိစ္စရပ်တွေကို ဒီစာနဲ့ပဲ ရှင်းပြရတော့မှာပါပဲ”

“ကိစ္စက ဒီလိုကွယ့်”

“ငါတို့ရှန်နိုင်ငံဆိုတာ အင်မတန်သေးငယ်တဲ့နိုင်ငံတစ်ခုဖြစ်တယ်၊ ဒါကြောင့် အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ထူးနိုင်ငံက ငါတို့နိုင်ငံကိုသိမ်းပိုက်ဖို့ အမြဲတမ်းကြံရွယ်နေတယ်၊ အထူးသဖြင့် ထူးနိုင်ငံမှာ မိုးကြိုးလတ်နက်ဆန်းတစ်မျိုး တီထွင်နေတယ်ဆိုတဲ့ သတင်းကြားလိုက်ရတယ်”

“သူတို့က လူအင်အားလဲများတယ်၊ နိုင်ငံကလဲကြီးတယ်၊ နောက်ထပ် အခုတီထွင်နေတဲ့ မိုးကြိုး





လက်နက်အောင်မြင်သွားရင် ငါတို့နိုင်ငံဟာ ထူးနိုင်ငံရဲ့ လက်အောက်မှာ ပြားပြားဝပ်သွားမှာ သေချာတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖေဖေရယ်၊ ကွမ်းစန့်ချိန်းရယ်၊ ချင်းရှောင်ဖုန်းစုံရယ် လျှို့ဝှက် ဆွေးနွေးကြတယ်”

“တကယ်လို့ ငါတို့ဟာ ဒီလိုပဲ ဘာမှမလုပ်ဘဲ လက်ပိုက်ကြည့်နေမယ်ဆိုရင် ငါတို့တစ်တွေဟာ ကျေးကျွန်ဘဝရောက်မှာ သေချာတယ်၊ ဒါကြောင့် တစ်ခုခု စွန့်စားလုပ်မှဖြစ်တော့မယ် ဆုံးဖြတ်ကြတယ်၊ ငါတို့ရဲ့ အကြံကတော့ ငါတို့သုံးယောက်ဟာ တာဝန်တစ်ခုစီ ခွဲဝေယူကြဖို့ပါပဲ”

“အဲဒီတာဝန်တွေက ဘာလဲဆိုတော့ တစ်ဦးက ထူးနိုင်ငံကိုအယုံသွင်းပြီး မိုးကြိုးလက်နက်ကို ဖျက်ဆီးပစ်ဖို့ပါပဲ၊ ကျန်တစ်ယောက်က မိမိနိုင်ငံမှာရှိတဲ့ လူငယ်၊ လူရွယ်တွေကိုစုစည်းတဲ့တာဝန်ကို ယူထားရမယ်၊ ကျန် နောက်ဆုံးတစ်ယောက်က အသက်စွန့်လွှတ်ဖို့ပဲ ဖြစ်တယ်”

ထိုစာပိုဒ်အရောက်ဝယ် လီစုကျိက အမတ်ကြီး ကွမ်းစန့်ချိန်းကိုကြည့်သည်။

ထို့နောက်မှ သူကဆက်ဖတ်သည်။

"ဖေဖေကတော့ အဲဒီတာဝန်တွေထဲက အသက်စွန့်လွှတ်ဖို့ တာဝန်ကို ယူလိုက်တယ်၊ ဖေဖေက ဒီတာဝန်ကို ဘာပြုလို့ ယူရတာလဲဆိုတော့ ဖေဖေက ရောဂါဝေဒနာ ဖိစီးနေတဲ့ လူတစ်ယောက်မို့ပါပဲ"

"ကွမ်းစန်ချိန်းကတော့ စကားနည်းတဲ့ လူမို့ ခေါင်းအေးအေးထားတဲ့သူတစ်ယောက်ဖြစ်တဲ့အတွက် သူ့ကို ထူးနိုင်ငံကို သွားရောက်ဖို့ တာဝန် ပေးလိုက်တယ်၊ ချင်းရှောင်ဖုန်းစုက ရှန် နိုင်ငံကို ထိန်းသိမ်းအုပ်ချုပ်ဖို့ တာဝန်ယူတယ်"

"ဒီအကြံအစည်တွေကိုလဲ ဘုရင်ကို လျှို့ဝှက်စွာ လျှောက်တင်လိုက်တယ်၊ ဘုရင်ကလဲ ခွင့်ပြုတယ်၊ ဒါကြောင့် ဒီလှုပ်ရှားမှုကို မိုးကြိုးမင်းသား စစ်ဆင်ရေးလို့ နာမည်ပေးထားလိုက်တယ်၊ ဒါကြောင့် ဖေဖေက မင်းရဲ့ မင်္ဂလာဆောင်တဲ့နေ့မှာ ရွေးပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တယ်၊ တစ်နည်းပြောရရင် တိုင်းပြည်အတွက် အသက်စွန့်လိုက်တာပါပဲ"

လီစုကျိ စာရွက်ကိုကိုင်လျက် ခေတ္တခဏ ငေးကြောင်ကြောင် ဖြစ်သွားသည်။ ဖခင်အတွက်လည်း ဂုဏ်ယူမိသည်။

ထို့နောက်မှ သူက ဆက်ဖတ်သည်။





"တစ်ခုတော့ ငါ့သား မေးစရာရှိပါတယ်၊ ဘာဖြစ်လို့ သားရဲ့ မင်္ဂလာဆောင်နေ့မှာ ရွေးပြီးတော့ ဒီအကြံကို ကြံစည်ရတာလဲဆိုတာ ဖေဖေ ရှင်းပြပါ့မယ်၊ သားရဲ့ မင်္ဂလာဆောင်တဲ့နေ့မှာ ဗေဒင်ကျမ်းဂန်အရ နေ့ကောင်းရက်သာ ဖြစ်တယ်၊ နိုင်ငံတော်အတွက် စတင်တဲ့ မိုးကြိုးလက်နက် စစ်ဆင်ရေးကိုလဲ နေ့ကောင်းရက်သာအဖြစ် ရွေးချယ်လိုက်တာပါပဲ"

"နောက် အကြောင်းတစ်ခုကတော့ ဒီရက်ကြီး အခါကြီးမှာ ဖေဖေ ပျော်ရွှင်နေမယ် မဟုတ်လား၊ အဲဒီတော့ ဘယ်သူကမှ ဖေဖေကို သတ်သေတယ်လို့ သံသယ မဖြစ်တော့ဘူးပေါ့၊ ငါ သေသွားပြီးတဲ့နောက် ငါ့ကိုသတ်တဲ့ တရားခံဟာ ကွမ်းစန်ချိန်း အပေါ် အားလုံးပုံကျအောင် သဲလွန်စတွေကိုလည်း ကွက်တိ စီစဉ်ထားတယ်"

"ဒီကိစ္စဟာ နိုင်ငံတော်ရဲ့ ထိပ်တန်း လျှို့ဝှက်ချက်ဖြစ်တဲ့အတွက် သားဖြစ်သူကိုပါ အသိမပေးဘဲထားရပါတယ်၊ ဒါပေမယ့် ဖေဖေက ငါ့သားရဲ့စိတ်ဓာတ်ကို သိတဲ့အတွက် တစ်နေ့နေ့မှာ ငါ့သား ကွမ်းစန်ချိန်းကို လက်စားချေမယ် မလွဲပါဘူး၊ ဒါကြောင့် ငါ့သား မမှားရအောင် ဒီကျောက်စိမ်း ကျားရုပ်ထဲမှာ ဖေဖေ သေတမ်းစာရေးပြီး ချင်းရှောင်ဖုန်းစုက တစ်ဆင့် မင်းလက်ထဲအပ်ဖို့ စီစဉ်လိုက်ရတာပါပဲ"

"ငါ့သားကလဲ ဖေဖေ့ဘားပီပီ ကွမ်းစန်ချိန်းနဲ့ ပူးပေါင်းပြီး တိုင်းပြည်ကြုံတွေ့ရမယ့် အန္တရာယ်ကို လက်တွဲ တွန်းလှန်ကြပါလို့ တိုက်တွန်း လိုက်ပါတယ်"

လီစုရှင်
ဖေဖေ

* * *

အခန်းတစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်နေလေသည်။

လီစုကျို၏ စာရွက်ကိုင်ထားသော လက်များသည် တဆတ်ဆတ် တုန်ယင်လို့နေသည်။

ယခုအခါ သူ၏ မျက်လုံးအစုံမှ မျက်ရည်များသည်တားဆီးလို့မရအောင် တသွင်သွင် စီးကျနေလေသည်။

လီစုကျို ထိုင်နေရာက ရပ်လိုက်သည်။

ကွမ်းစန်ချိန်းအား ဒူးထောက်ကန်တော့ တောင်းပန်လိုက်သည်။

"ကျွန်တော် အမှားကြီး မှားခဲ့ပါတယ် ဘဘ"





ကွမ်းစန်ချိန်း ထိုင်နေရာမှ ထလာပြီး ဒူးတုပ် ထိုင်နေသော လီစုကျိုကို ပွေ့ထူလိုက်သည်။

"မင်း မမှားပါဘူးကွာ"

လီစုကျိုက လှိုက်လှဲစွာဖြင့်....

"ဘဘက တိုင်းပြည်အတွက် ဆင်းရဲဒုက္ခခံပြီးတဲ့ အပြင် အတွင်းရေးကို မသိတဲ့ တိုင်းသူပြည်သားတွေရဲ့ ကဲ့ရဲ့ပြစ်တင် ဝေဖန်မုန်းတီးခြင်းကိုပါ ခံခဲ့ရပါတယ်၊ ဒါတွေဟာ ကျွန်တော်ရဲ့ အမှားတွေပါပဲ"

ကွမ်းစန်ချိန်း၏ မျက်လုံး အစုံသည်လည်း မျက်ရည်ဥ ကလေးများ ပေါ်ထွက်လာသည်။

သို့သော်....

သူက မျက်ရည်ဥများကို လက်ဖမိုးဖြင့် သုတ်လိုက်ပြီး လီစုကျို၏ ပခုံးကို ရင်းနှီးစွာ ပုတ်လိုက်ပြီး....

"ကဲ....ဒါတွေထားလိုက်ပါတော့ ငါတို့လုပ်ရမယ့် လုပ်ငန်းကလဲ အောင်မြင်တော့မှာပါ၊ လာမယ့် လပြည့်ဆိုရင် တို့လုပ်ငန်းစဖို့ အစီအစဉ်လုပ်ပြီးနေပြီ၊ တို့တူဝရီးနှစ်ယောက် မျက်နှာပန်းလှလှ ပြည်တော်ပြန်ရတော့မှာပါ"

* * *

လဝန်းထိန်ထိန်သာသော ညတစ်ည....

တစ်ကိုယ်လုံး အနက်ရောင် တ်စုံ ဝတ်ထားသောလူ ၂၀ ခန့်သည် တောင်ကုန်းလေး တစ်ခုပေါ်သို့ တိတ်ဆိတ်စွာ ပြေးတက်သွားသည်။

ထိုအနက်ရောင်ဝတ်စုံဝတ်လူအများသည် ရှန်နိုင်ငံအတွက် အသေခံတပ်ဖွဲ့တစ်ဖွဲ့ပင် ဖြစ်ပါသည်။

အသေခံတပ်ဖွဲ့သိုင်းသမားတို့သည် ထူးနိုင်ငံ၏ မိုးကြိုး လက်နက်တုတ်လုပ်ရာစခန်းသို့ ချီတက်ရန်ဖြစ်သည်။

သူတို့အားလုံး တောင်ကုန်းပေါ်သို့တက်ပြီး မကြာခင် မှာပင် တောင်ကုန်းပေါ်မှ ဆူညံသံများ ရုတ်တရက် ပေါ် ထွက်လာသည်။

လက်နက်ချင်းထိခိုက်သံများ ပေါ်ထွက်လာသည်။

"ယား"

လူအများ၏ အော်ဟစ်မာန်သွင်းသံများ....

"အား"

နာကျင်စွာ အော်လိုက်သံများက ပတ်ဝန်းကျင်တစ်ခုလုံး ကို ပွက်လောရိုက်ခတ်သွားစေသည်။

ထို့နောက်တွင်ကား မီးစွယ်မီးလျှံများသည် တောင် ကုန်းပေါ်မှနေ၍ထက်အာကာကောင်းကင်သို့ ထိုးတက်သွား လေတော့သည်။





တဝုန်းဝုန်း ပေါက်ကွဲသံများကလည်း ထော်မဲ့ဝွန်းတစ်ခု လုံးကို ဟိန်းထွက်သွားစေလေသည်။

* * *

မြင်းနှစ်ကောင်သည် အရှိန်ပြင်းစွာ ရှန်နိုင်ငံဆီသို့ ဦး ဖည်ပြေးလွှားနေလေသည်။

ရှေ့မှ ဦးဆောင် ပြေးနေသည့် မြင်းပေါ်၌ အသက် ငါးဆယ်ခန့်ရှိ လူတစ်ယောက်ဖြစ်၍ ဒုတိယ မြင်းပေါ်၌ အသက် နှစ်ဆယ်ခန့် လူငယ်တစ်ယောက် ဖြစ်ပါသည်။

သူတို့ကား....

ကွမ်းစန်ချိန်းနှင့် လီစုကျိတို့ပင် ဖြစ်လေသည်။

သူတို့နှစ်ဦး နယ်ခြားစောင့် ကင်းစခန်းသို့ ရောက်ရှိလာ ကြသောအခါ မြင်းများကို ရပ်တန့်လိုက်ကြလေသည်။

တစ်ချိန်တည်းမှာပင် နယ်ခြားစောင့် ကင်းစခန်းမှ လူ တစ်ယောက်ထွက်၍ ကြိုဆိုလေတော့သည်။

ထွက်ကြိုသူကား....

ချင်းရှောင်ဖုန်းစုပင် ဖြစ်ပေတော့သည်။

ကွမ်းစိန်ချိန်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ချင်းရှောင်ဖုန်းစုအား ပြေး၍ဖက်လေသည်။

ထို့နောက် ကွမ်းစန်ချိန်း ဝမ်းနည်းဝမ်းသာ ဖြစ်ကာ လှိုက်လှိုက်လှဲလှဲ ငိုချလိုက်တော့သည်။

"သူ....သူငယ်ချင်း ငါ့တာဝန်တော့ ကျေပွန်ခဲ့ပါပြီကွာ"

ကွမ်းစန်ချိန်းအသံက တုန်ခါနေလေသည်။

ချင်းရှောင်ဖုန်းစုက ခေါင်းတညိတ်ညိတ်ဖြင့်....

"သူ–သူငယ်ချင်း၊ ငါ သတင်းရပြီးပါပြီကွာ၊ မင်းရဲ့ အောင်မြင်မှုကို ငါ ချီးကျူးပါတယ်"

သူသည်လည်း ဝမ်းသာလွန်း၍ ငိုကြွေးနေလေသည်။ အတန်ကြာမှ သူတို့နှစ်ဦးထံသို့ လှမ်းဝင်လာသော လီစုကျိကို သတိရလိုက်လေတော့သည်။

သူတို့နှစ်ဦးတ ကျယ်ပြောလှသောကောင်းကင်ပြင်ကို မော့ကြည့်ပြီး....

"သူငယ်ချင်းလီစုရင်ရေ မင်းရဲ့ စွန့်လွှတ်စွန့်စားမှုဟာ အချည်းနှီး မဖြစ်တော့ပါဘူးကွာ"

လီစုကျိက အဘိုးအိုနှစ်ဦးကိုကြည့်ပြီး ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ လှုပ်ရှားသွားသည်။





"ဘဘတို့ရဲ့ အနစ်နာခံမှု၊ အမြော်အမြင်ကြီးမှုတို့ကြောင့် ကျွန်တော်တို့နိုင်ငံဟာ ကြီးမားတဲ့အန္တရာယ်ကနေ လွတ်ငြိမ်းချမ်းသာရာရသွားပါတယ် ဒီနေ့ကစပြီး တိုင်းပြည်အတွက် တာဝန်တစ်ခု ပေးပါလို့ ပြောပါရစေ"

ထိုအချိန် ကွမ်းစန်ချိန်းနှင့် ချင်းရှောင်ဖုန်းစုတို့က လီစုကျိကို သိုင်းဖက်လိုက်ပြီး....

"အခုလို ငါ့တူရဲ့စကားကို ကြားရတာ ဘဘ စိတ်အများကြီး ချမ်းသာသွားတယ်၊ အခုတော့ မင်းရဲ့ဇနီးလောင်းနဲ့ ညီမတို့က မင်းကို မျှော်နေပါတယ်၊ မင်း အမြန်ဆုံး ပြန်ဖို့သင့်ပါပြီလို့ ဘဘ တိုက်တွန်းပါရစေ"

လီစုကျိက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ကဲ့....ကျွန်တော် အိမ်ပြန်ပါတော့မယ်"

သူတို့သုံးယောက် တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်လိုက်ကြလေတော့သည်။

* * *

မည်သည့်ကိစ္စရပ်မျိုးမဆို အမြင်နှစ်မျိုးရှိကြသည်။

ငွေဒင်္ဂါးတစ်ခု၌ ခေါင်းနှင့်ပန်း နှစ်မျိုးရှိသလို ကိစ္စရပ်များစွာ၌လည်း နှစ်မျိုးရှိသည်။

ယခု....

လီစုကျီသည် သူသိမြင်ထားသော ကိစ္စရပ်၏ အကြောင်းများကို အခြားတစ်ဖက်မှနေ၍ မြင်တွေ့လိုက်ရသည်။

ထိုအခြားတစ်ဖက်သည် တကယ့် အမှန်တရားပင် ဖြစ်သည်။

အကယ်၍ လီစုကျီသည် ကျောက်စိမ်းကျားရုပ်ကို မပေးဘဲ ကွမ်းစန်ချိန်းအား သတ်မိပါက အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်။

ယခုအခါ ကျောက်စိမ်းကျားရုပ်အတွင်းမှ လျှို့ဝှက်စာကြောင့် သူ၏ဘဝသာမက များစွာသော လူသားများ၏ ကံကြမ္မာကိုပါ ပြောင်းလဲခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် ကြီးမားသော သင်ခန်းစာတစ်ခု ရရှိလိုက်သည်။

အများပြည်သူ၏ တံတွေးခွက်တွင် ပက်လက်မျောနေသော ကွမ်းစန်ချိန်းသည် တကယ့် အာဇာနည်တစ်ယောက် ဖြစ်နေပေသည်။

တိုင်းပြည်တစ်ခုလုံးကို တာဝန်ယူထားသော ချင်းရှောင်ဖုန်းစုသည်လည်း အာဇာနည်တစ်ယောက်ပင် ဖြစ်သည်။





နောင်တစ်ချိန်တွင် အာဇာနည် အမတ်ကြီး သုံးယောက်အား နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ရှန်နိုင်ငံ၊ ထူးနိုင်ငံသားတို့ သတိရ လွမ်းဆွတ်နေမည်သာ ဖြစ်ပါသည်။

* * *

ဝိချင်ဖုံး၊ ကျိုပင်၊ ချိန်းချိန်းတို့သည် ကျူးဒါတောင်ခြေမှ လီစုကျီ၏မြင်းကို ယူဆောင်၍ အိမ်တော်သို့ ပြန်ခဲ့သည်။

လပေါင်းများစွာ အတူတကွနေခဲ့ရသဖြင့် ချိန်းချိန်းသည် ကျိုပင်အပေါ် သဘောထား ပြောင်းလဲသွားသည်။

ကျိုပင်သည် သူမ ထင်ခဲ့သလို ပျော့ညံ့သော ယောကျ်ား တစ်ယောက် မဟုတ်ပါ။ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိသော လူတစ်ယောက်မှန်း သူမ သိလိုက်ရလေသည်။

ထို့ကြောင့် ချင်းရှောင်ဖုန်းစု တာဝန်နှင့် အိမ်တော်မှ ထွက်သွားသောအခါ ကျိုပင်က ချင်းရှောင်ဖုန်းစု၏ တာဝန်ကို ယူထားရလေသည်။

ဝိချင်ဖုံးကမူ လီစုကျီ ပြန်လာမည့် ရက်ကိုသာ လက်ချိုးကာ စောင့်မျှော်နေသည်။

* * *

သာယာလှသော နံနက်ခင်းဖြစ်သည်။

ဝိချင်ဖုံးက ပန်းဥယျာဉ်ထဲမှ ပန်းများကို ပြုပြင်နေသည်။

ထို့စဉ် မြင်းခွာသံများ ရုတ်တရက် ဆူညံစွာ ပေါ်ထွက်လာပြီး ခဏအကြာ၌ သူမရှေ့၌ ရပ်တန့်သွားသည်။ မြင်းပေါ်မှ လူတစ်ယောက် သွက်လက်စွာ ခုန်ဆင်းလိုက်သည်။

ပန်းများ ပြုံပြုံနေသော ဝိချင်ဖုံးက မော့ကြည့်လိုက်၏။

ဖုန်အထပ်ထပ် ပေကျံနေသော လူတစ်ယောက်။ သူ၏ နဖူးပေါ်၌ အမာရွတ်တစ်ခု ရှိနေလေသည်။

ရှုပ်ပွနေသော ဆံပင်ရှည်များကို ကြိုးတစ်ချောင်းဖြင့် စုစည်းထားသည်။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးက သူ၏ မျက်နှာပြင်တစ်ခုလုံးကို ဖုံးကွယ်နေလုလု ဖြစ်နေသည်။

သူမက ထိုသူအား ကြောင်ကြည့်နေသည်။

''ညီမဝိချင်ဖုံး....အစ်ကိုပြန်လာပြီလေ''

ထိုလူမှာ ရုပ်ရည်ကြမ်းတမ်းသော်လည်း အသံကချိုလွင်နေသည်။

ဝိချင်ဖုံးက အတန်ကြာအောင် ကြောင်ကြည့်နေပြီးမှ....

''ဟင်....အစ်ကိုလီစုကျိ ပြန်လာပြီ''

သူမအသံက တိမ်ဝင်နေသည်။

ယခုအခါ ဝိချင်ဖုံး နေ့စဉ်ရက်ဆက် စောင့်မျှော်နေသည့် ခင်ပွန်းလောင်း လီစုကျိ ပြန်လာချေပြီ။

လီစုကျိက လက်နှစ်ဖက် ဆန့်တန်းလိုက်သည်။

ဝိချင်ဖုံးက လီစုကျိ၏ ကျယ်ပြန့်သော ရင်ခွင်ထဲသို့ တိုးဝင်ကာ တရှုပ်ရှုပ် ငိုကြွေးနေလေတော့သည်။

* * *





ဥယျာဉ်တစ်ခုလုံးသည် တိတ်ဆိတ်လို့နေသည်။

တစ်ချက်၊ တစ်ချက် တိုက်ခတ်လိုက်သော လေနုအေးက ပန်းရနံ့များအား သယ်ဆောင်လာသည်။

လီစုကျိ တရှုပ်ရှုပ် ငိုနေသော ဝိချင်ဖုံး၏ မေးကလေးကို လက်ကလေးဖြင့် မ,တင်လိုက်သည်။

''ကဲ....ငိုမနေပါနဲ့တော့ ညီမရယ်၊ ဒီကနေ့ကစပြီး အစ်ကို ဘယ်မှမသွားတော့ပါဘူးကွယ်''

သူတို့သည် တစ်ဦးကိုတစ်ဦး သိုင်းဖက်ကာ အိပ်ခန်းထဲသို့ လှမ်းဝင်သွားလေတော့သည်။

အိမ်တော်၏ လသာဆောင်မှ သူတို့နှစ်ဦးကို ကြည့်ပြီး ကျိုပင်နှင့် ချိန်းချိန်းတို့မှာ မျက်ရည်များ မဆည်နိုင်အောင် ဖြစ်နေလေတော့သည်။

သို့သော် သူတို့၏ကျမျက်ရည်ကား ဝမ်းသာပီတိဖြစ်ခြင်းမှ ဖြစ်ပေါ်လာသော မျက်ရည်များပင် ဖြစ်ပါသည်။

ပြီးပါပြီ။

သိဟကျော်သူ